## နိဒါန်း

*ရှင်**ယောဟန်**ပြုစုသည့်ဧဝံဂေလိသတင်းကောင်းတွင်ဘုရားသခင်၏ ထာဝရနှုတ်ကပတ်တော်ဖြစ်တော်မူသောသခင်**ယေရှု**သည် လူ့ဇာတိကို ခံယူတော်မူ၍ ကျွန်ုပ်တို့ အလယ်တွင် စံပွါယ်လျက်ရှိတော်မူကြောင်း ဖော်ပြထားသည်။ ဤကျမ်းစာကိုပြုစုရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်ကားသခင်**ယေရှု**သည်ဘုရားသခင် ကတိထားတော်မူသော ကယ်တင်ရှင်ဖြစ်တော်မူကြောင်းကိုစာဖတ်သူတို့ ယုံကြည်လာကြခြင်းအားဖြင့် ထာဝရအသက်ကိုရရှိကြစေ ရန်ဖြစ်သည်။(၂၀း၃၁)*

*သခင်**ယေရှု**သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်တော်မူကြောင်းကိုနိဒါန်းပျိုးပြီးနောက် ဤကျမ်း၏ပထမပိုဒ်တွင်သခင်**ယေရှု**သည်ကတိထားတော်မူသောကယ်တင်ရှင်၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို နိမိတ်လက္ခဏာအမျိုးမျိုးဖြင့် သက်သေခံခဲ့သည်။ ထို့နောက် ယင်းနိမိတ်လက္ခဏာ များ၏အနက်အဓိပ္ပါယ်များကိုအကျယ်တဝင့်ဖော်ပြသည့် ဆွေးနွေးခန်းများတင်ပြထားသည်။ ဤကျမ်းစာပိုဒ်များတွင် သခင်**ယေရှု**အားလူအချို့တို့ ယုံကြည်လာကြပြီးကိုယ်တော်၏နောက်လိုက်တပည့်များဖြစ်လာကြသည်ကိုလည်းကောင်း၊ အချို့တို့မှာကိုယ်တော်အားယုံကြည်ရန် ငြင်းဆန်ကြလျက်အတိုက်အခံပြုကြသည်ကိုလည်း ကောင်းဖော်ပြထား သည်။*

*အခန်း(၁၃ မှ ၁၇) တွင် သခင်**ယေရှု**အဖမ်းခံရမည့်ညဥ့်၌အချိန်ကြာမြင့်စွာ ကိုယ်တော်နှင့် တပည့်တော်တို့မိတ်သဟာယဖွဲ့ကြောင်း၊လက်ဝါးကပ်တိုင်တွင် အသေခံတော်မမူမီအကြိုနေ့၌ တပည့်တော်တို့ကြုံတွေ့ရမည့်အရေးကိစ္စများကိုရင်ဆိုင်နိုင်ရန် အားပေးစကား ပြောတော်မူကြောင်းတို့ကို တင်ပြထားသည်။*

*နောက်ဆုံး အခန်းများတွင်သခင်**ယေရှု**အဖမ်းခံတော်မူခြင်း၊ အစစ်အဆေးခံတော်မူခြင်း၊လက်ဝါးကပ်တိုင်အတင်ခံရခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူပြီးနောက်တပည့်တော်တို့အားထင်ရှားပြတော်မူခြင်းအကြောင်းများပါရှိသည်။အခန်းကြီး ၈း၁–၁၁ ကိုကျမ်းမူများနှင့်ရှေးဘာသာပြန်စာပေများတွင်မတွေ့ရပေ အချို့သောစာမူများက ယင်းကို ကျမ်းပိုဒ်ကို ကွင်းစကွင်းပိတ်များဖြင့်ဖော်ပြထားသည်။*

*ရှင်**ယောဟန်**သည် ခရစ်တော်အားဖြင့် ရရှိသည့်ထာဝရ အသက်တော်တည်းဟူသော ဆုကျေးဇူးတော် အကြောင်းကို အရေးပေး၍ရေးသားထားသည်။သခင်**ယေရှု**ကိုလမ်း၊ သမ္မာတရား၊ အသက်အဖြစ်ဖြင့်ယုံကြည်ကိုးစားသောသူတို့သည် ယခုဘဝမှစ၍ ထာဝရအသက်ကိုရမည်ဖြစ်ကြောင်းတင်ပြထားသည်။*

*ရှင်**ယောဟန်** ပြုစုသော ကျမ်း၏ ရင်သပ်ရှုမောလောက်သည့်ထူးခြားချက်တစ်ရပ်မှာ လူတို့နေ့စဉ်ထိတွေ့နေကျဖြစ်သော ရေနှင့်အစာအဟာရ၊ အလင်း၊ သိုးထိန်းနှင့်သိုး၊ စပျစ်ပင်နှင့် စပျစ်သီးစသည်တို့ကို ပုံပမာပေးပြီးဝိညာဉ်ရေးနှင့်ဆိုင်ရာ နက်ရှိုင်းသည့်အဓိပ္ပါယ်ကိုထောက်ပြခြင်းပင်ဖြစ်သည်။*

### *အကြောင်းအရာအကျဉ်းချုပ်*


| | |
|---|---|
| *–နိဒါန်း* | *၁း၁–၁၈* |
| *–ယောဟန်ဗတ္တိဇံနှင့်သခင်ယေရှု၏ ရှေးဦးတမန်တော်များ* | *၁း၁၉–၅၁* |
| *–သခင်ယေရှုအမှုတော်ဆောင်ခြင်း* | *၂း၁–၁၂း၅၀* |
| *–ဂျေရုဆလင်မြို့နှင့်အနီးအနားတွင် နောက်ဆုံးရက်သတ္တပတ်* | *၁၃း၁–၁၉း၄၂* |
| *–သခင်ဘုရားရှင်ပြန်ထမြောက်တော်မူခြင်း နှင့်ထင်ရှားပြတော်မူခြင်း* | *၂၀း၁–၃၁* |
| *–နောက်ဆုံးဂါလိလေအာနယ်၌ထပ်မံထင်ရှားပြတော်မူခြင်း* | *၂၁း၁–၂၅* |


## အခန်းကြီး (၁)

၁။ အစကနဦး၌နှုတ်ကပတ်တော်သည်တည်ရှိတော်မူ၏[1]
နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အတူရှိတော်မူ
၏။နှုတ်ကပတ်တော်သည်ကားဘုရားသခင်ဖြစ်တော်
၂။ မူ၏။ ကိုယ်တော်သည်အစကနဦးကပင်ဘုရားသခင်
၃။ နှင့်အတူ ရှိတော်မူ၏။ ကိုယ်တော်အားဖြင့် အရာခပ်
သိမ်းတို့သည်ဖြစ်ပေါ်လာကြ၏။ ကိုယ်တော်နှင့်ကင်း
၍ဖြစ်လာသောအရာတစ်စုံတစ်ခုမျှမရှိခဲ့ချေ။
၄။ ထာဝရအသက်သည် ကိုယ်တော်၌ တည်ရှိ၍လူတို့၏
၅။ အလင်းဖြစ်၏။ အလင်းသည်[2] မှောင်မိုက်တွင် ထွန်း
တောက်၏။ မှောင်မိုက်သည်ကား အလင်းကို မလွှမ်း

---

[1] (၁း၁) နှုတ်ကပတ်တော်ဟူသည်မှာ အစအဆုံးမရှိသော နှုတ်ကပတ်တော်၊ ဖန်ဆင်းခြင်းကိုမခံရသော ရွှေဉာဏ်တော်၊ ဘုရားတစ်ဆူတည်း၌ ပုဂ္ဂိုလ်သုံးပါး အနက်က ဒုတိယပုဂ္ဂိုလ်တည်း။ ခမည်းတော်၏ရင်ခွင်၌ ရှိတော်မူသောတစ်ပါးတည်းသောသားတော်။

၆။ မိုးနိုင်ချေ။**ယောဟန်**အမည်ရှိသောလူတစ်ဦးကိုဘုရား
၇။ သခင်စေလွှတ်တော်မူ၏။ ဤသူအားဖြင့်လူသားအား
လုံးယုံကြည်လာကြစေရန်အလင်းတော်၏အကြောင်း
၈။ ကို သက်သေခံခြင်းငှါ သူကြွလာခဲ့၏[၃]။ သူသည်
အလင်းတော်မဟုတ်၊အလင်းတော်အကြောင်းကိုသက်
၉။ သေခံရန်ကြွလာသောသူသာဖြစ်၏။ စစ်မှန်သော အ
လင်းတော်သည်ကား[၄]လူအပေါင်းတို့ကိုထွန်းလင်းစေ
၁၀။ ရန်ကမ္ဘာလောကထဲသို့ကြွလာမည်ဖြစ်၏။ကိုယ်တော်
သည်ကမ္ဘာလောကတွင်ရှိတော်မူပြီးဖြစ်၍ကမ္ဘာလော
ကသည် ကိုယ်တော်အားဖြင့် ဖြစ်ပေါ်လာ၏။ ကမ္ဘာ
၁၁။ လောကမူကား ကိုယ်တော်ကို မသိချေ။ ကိုယ်တော်
သည် မိမိလူမျိုးတို့၏ အရပ်သို့ ကြွလာတော်မူသော်
လည်းမိမိလူမျိုးတို့သည် ကိုယ်တော်ကိုလက်မခံကြ။
၁၂။ ကိုယ်တော်ကို လက်ခံကြ၍ နာမတော်၌ ယုံကြည်ကြ
သောသူတို့အား ဘုရားသခင်၏သားသမီးဖြစ်ရသော
၁၃။ အခွင့်ကိုပေးတော်မူ၏။ ထိုသူတို့သည်အသွေးအသား
မှမဟုတ်၊ လူ၏အလိုအားဖြင့်လည်းမဟုတ်ဘဲဘုရား
၁၄။ သခင်မှမွေးဖွားကြ၏။နှုတ်ကပတ်တော်[၅]သည်လူ့ဇာ
တိ အဖြစ်ကို ယူတော်မူ၍ ကျေးဇူးတော်နှင့်လည်း
ကောင်း သမ္မာတရားတော်ဖြင့်လည်းကောင်း ပြည့်စုံ
လျက် ငါတို့အလယ်တွင် စံပွါယ်တော်မူ၏။ ကိုယ်
တော်၏ ဘုန်းတော်ကိုလည်း ခမည်းတော်၏
တစ်ပါးတည်းသောသားတော်၏ ဘုန်းတော်ကဲ့သို့ငါ
၁၅။ တို့ ဖူးမြင်ကြရပြီ။ **ယောဟန်**သည် ကိုယ်တော်၏
အကြောင်းကို သက်သေခံ၍ ကြွေးကြော်သည်ကား
ငါ့နောက်မှကြွလာမည့်သူသည်ငါမရှိမီရှိနှင့်သည်ဖြစ်
၍ငါ့ထက်ကြီး မြတ်သည်ဟု ငါဆိုခဲ့သော သူသည်
၁၆။ ဤသူပင်ဖြစ်သတည်း[၆]။ ဤသူ၏ပြည့်စုံခြင်းမှငါတို့
သည်ကျေးဇူးတော်တစ်ပါးအပေါ်တစ်ပါးထပ်ဆင့်ခံရ
ကြပြီ။
၁၇။ အကြောင်းမူကား **မိုးဇက်**အားဖြင့်ပညတ်တရားကျမ်း
သည် ပေးထားလျက်ရှိ၏။ ကျေးဇူးတော်နှင့် သမ္မာ
တရားတော်သည်ကား **ယေရှုး**ခရစ်တော်အားဖြင့်လာ
၁၈။ သတည်း။ ဘုရားသခင်ကို မည်သူမျှ မမြင်ဖူးသော်
လည်းခမည်းတော်၏ရင်ခွင်တော်၌ရှိတော်မူသောတစ်
ပါးတည်းသောသားတော်သည်ကိုယ်တော်ကိုထင်ရှား
စေတော်မူ၏။
၁၉။ **ဂျူး**လူမျိုးတို့က **ယောဟန်**သည်မည်သူဖြစ်မည်နည်း
ဟု စုံစမ်းမေးမြန်းစေခြင်းငှါ **ဂျေရုဆလင်**မြို့မှရဟန်း
များနှင့် **လေဝီ**မျိုးနွယ်ဝင်များကို စေလွှတ်ကြသော
အခါ သူကဤသို့သက်သေခံ၏။
၂၀။ သူသည်ထိမ်ဝှက်ခြင်းမရှိဘဲ ထုတ်ဖော်ပြောသည်မှာ
ငါသည်ခရစ်တော်မဟုတ်ဟု အတိအလင်းဆိုလေ၏။
၂၁။ ထိုသူတို့ကလည်း ဤသို့ ဆိုလျှင် သင်သည်**ဧလိယ**
ဖြစ်သလောဟု မေးမြန်းကြသော် သူကငါမဟုတ်ဟု
ပြန်ဖြေလေ၏[၇]။ သင်သည် ပရောဖက်ဖြစ်သလောဟု
မေးကြပြန်လျှင်ငါမဟုတ်ဟု ပြန်ပြောလေ၏။
၂၂။ သူတို့ကလည်း သင်သည် မည်သူဖြစ်သနည်း၊
ငါတို့ကို စေလွှတ်သောသူတို့အား ငါတို့ပြောပြနိုင်
ရန် သင်မည်သူဖြစ်ကြောင်း သင်ကိုယ်တိုင်ပြောပြ
၂၃။ ပါလောဟုဆိုကြ၏။ ထိုအခါသူက ငါသည် ပရော
ဖက်**အီဇာယ**ဟောထားခဲ့သည့်အတိုင်းသခင်ဘုရား
၏ လမ်းတော်ကို ဖြောင့်တန်းစေကြလောဟု တော
ကန္တာရ၌ကြွေးကြော်သောသူ၏အသံဖြစ်သတည်းဟု
၂၄။ ဆို၏။ ထိုသို့မေးမြန်းရန် စေလွှတ်ခြင်းခံရသော
သူများထဲတွင် **ဖာရီဇေဦး**များလည်း ပါဝင်ကြ၏။
၂၅။ ထိုသူတို့ကလည်း သင်သည် ခရစ်တော်လည်း
မဟုတ်၊ **ဧလိယ**လည်းမဟုတ်၊ ပရောဖက်လည်း
မဟုတ်ပါလျှင် အဘယ်ကြောင့်ဆေးကြောခြင်းကိုပေး
၂၆။ သနည်းဟုမေးကြ၏။ **ယောဟန်**ကသူတို့အားပြန်ဖြေ
သည်မှာငါသည်ရေဖြင့်ဆေးကြော၏။သင်တို့အလယ်
မှာမူကားသင်တို့မသိသောသူတစ်ဦးရှိ၏။

---

[၂] (၁း၅) အာဒန်၊ ဧဝ အပြစ်ပြုသည့်အချိန်မှစ၍ မှောင်မိုက်ခြင်းဖြင့်ဖုံးလွှမ်းနေခဲ့သောကမ္ဘာလောကထဲသို့ ခရစ်တော်ယူဆောင်လာသောအလင်း။

[၃] (၁း၇) ဘုရားသခင်ထံမှ ဗျာဒိတ်တော်ခံရသည့်အတိုင်း လူမျိုးတို့ကိုကယ်တင်တော်မူမည့်သခင်ဖြစ်သော မက်ဆိယသခင်အား ယုံကြည်လက်ခံရန် သွန်သင်နှိုးဆော်သောသူသည် ယောဟန်ပင်ဖြစ်သည်။

[၄] (၁း၉) စစ်မှန်သော အလင်းတော်ဟုဆိုရာ၌ ဟုတ်မှန်သောတရားကိုဟောပြော၍ လူအပေါင်းတို့အား ကယ်တင်တော်မူသော သားတော်ဘုရားကိုဆိုလိုသည်။

[၅] (၁း၁၄)နှုတ်ကပတ်တော်တည်းဟူသော ဒုတိယ ပုဂ္ဂိုလ်သားတော်ဘုရားတွင် တစ်ပါးတည်းသောပုဂ္ဂိုလ်တော်မြတ်၌ဘုရားအဖြစ်လူ့အဖြစ်တည်းဟူသောအဖြစ်တော်နှစ်ပါးရှိတော်မူကြောင်းကို ငါတို့ယုံကြည်လက်ခံကြ၏။

[၆] (၁း၁၅) သခင်ယေရှုးသည် ယောဟန်နောက်မှ ဖွားမြင်ခဲ့သော်လည်းယောဟန်မမွေးဖွားမီကပင် ကိုယ်တော်သည် ထာဝရတည်ရှိတော်မူ၏။

[၇] (၁း၂၁) ယောဟန်သည် မိမိကိုယ်ကိုပရောဖက်မဟုတ်ဟုဆိုရာ၌သူသည်အခြားပရောဖက်များကဲ့သို့ မက်ဆိယ သခင်ကြွလာတော်မူမည့်အကြောင်းကို ကြိုတင်ဟောပြောခြင်းမဟုတ်ဘဲ မက်ဆိယသခင်ကို လက်တွေ့ညွှန်ပြနေခြင်းကြောင့်ပင်ဖြစ်သည်။

၂၇။ ထိုသူသည်ငါနောက်မှကြွလာသူဖြစ်သော်လည်းသူ၏
ခြေနင်းတော်ကြိုးကိုမျှဖြည့်ပေးခြင်းငှါ ငါမထိုက်တန်
၂၈။ ပါဟုဆို၏။ ဤအကြောင်းအရာသည် **ယောဟန်** က
ဆေးကြောခြင်းပေးနေသော **ဂျော်ဒန်**မြစ် တစ်ဘက်
ကမ်း**ဘက်သနီ**ရွာတွင် ဖြစ်ပျက်ခဲ့လေ၏။
၂၉။ နောက်တစ်နေ့၌ မိမိထံသို့**ယေရှူး**ကြွလာတော်မူသည်
ကိုမြင်လျှင် **ယောဟန်**က ကြွေးကြော်သည်မှာ
ဘုရားသခင်၏ သိုးငယ်တော်ကို ကြည့်ကြလော့။
လောက သားတို့၏ အပြစ်ကိုကယ်ချွတ်တော်မူသော
သူကို ကြည့်ကြလော့။
၃၀။ ငါမရှိမီ ရှိနှင့်တော်မူသည်ဖြစ်၍ ငါ့ထက်သာ၍
ကြီးမြတ်တော်သောသူသည်ငါ့နောက်မှာ ကြွလာမည်
ဟု ငါဆိုခဲ့သော သူသည် ဤသူဖြစ်
၃၁။ သတည်း။ ကိုယ်တော်ကိုယခင်ကငါမသိခဲ့[၈]။သို့သော်
လည်း သူ့ကို**အစ္စရေးလ်**၌ ထင်ရှားစေခြင်းငှါ ငါ
သည် ရေဖြင့် ဆေးကြောမင်္ဂလာကိုပေးခြင်းဖြစ်သည်
ဟုဆို လေ၏။
၃၂။ ထို့အပြင် **ယောဟန်**ကသက်သေခံသည်ကား ဝိညာဉ်
တော်သည်ကောင်းကင်မှချိုးသဏ္ဍာန်ဖြင့်ဆင်းသက်၍
၃၃။ သူ၏အပေါ်၌နားနေသည်ကိုငါမြင်ရ၏။ငါသည်ကား
သူ့ကိုသိသည်မဟုတ်၊သို့ရာတွင်ရေဖြင့်ဆေးကြောရန်
ငါ့ကိုစေလွှတ်တော်မူသောသူက၊အကြင်သူ၏ အပေါ်
၌ဝိညာဉ်တော်သည် ဆင်းသက်၍နားနေတော်မူသည်
ကို သင်မြင်ရလိမ့်မည်။ ဤသူသည် သန့်ရှင်းသော
ဝိညာဉ်တော်ဖြင့် ဆေးကြောသောသူ ဖြစ်သတည်း။
၃၄။ ငါသည်လည်း မြင်သောကြောင့် ဤသူသည် ဘုရား
သခင်၏သားတော်ဖြစ်တော်မူကြောင်းကိုငါသက်သေ
ခံသည်ဟုဆို၏။

## သခင်ယေရှူး၏ပထမဆုံးတပည့်များ

၃၅။ တဖန်**ယောဟန်**သည်နောက်တစ်နေ့၌မိမိတပည့် နှစ်
၃၆။ ယောက်တို့နှင့်အတူရပ်နေစဉ်[၉]။ သခင်**ယေရှူး** ကြွ
လာတော်မူသည်ကို မြင်သဖြင့် ဘုရားသခင်၏ သိုး
ငယ်တော်ကိုကြည့်ကြလော့ဟုဆို၏။
၃၇။ တပည့်နှစ်ယောက်တို့သည် သူ၏စကားကိုကြားလျှင်
**ယေရှူး**၏နောက်တော်သို့ လိုက်သွားကြလေ၏။
၃၈။ သခင်**ယေရှူး**သည် နောက်သို့လှည့်ကြည့်တော်မူရာ
မိမိ၏နောက်မှ လိုက်လာကြသောသူတို့ကို မြင်တော်
မူသဖြင့်သင်တို့သည် မည်သည့်အရာကို အလိုရှိကြ
သနည်းဟု သူတို့အားမိန့်တော်မူ၏။ သူတို့ကလည်း
**ရာဗ္ဗိ**၊(အဓိပ္ပါယ်ကားဆရာဟုဆိုလိုသည်)၊ကိုယ်တော်
မည်သည့်အရပ်မှာနေတော်မူသနည်းဟု မေးလျှောက်
ကြ၏။
၃၉။ ကိုယ်တော်ကလည်း လာ၍ ကြည့်ကြလော့ဟု သူတို့
အား မိန့်တော်မူ၏။ သူတို့သည် လာကြ၍ ကိုယ်
တော်နေသောနေရာကိုကြည့်ကြသဖြင့်ထိုနေ့၌ ကိုယ်
တော့်အထံပါးမှာနေကြ၏။ ထိုအချိန်သည်ကားဆယ်
၄၀။ နာရီခန့်ဖြစ်၏[၁၀]။ **ယောဟန်**၏ စကားကို ကြားရ၍
နောက်တော်သို့လိုက်ကြသောသူနှစ်ဦးတို့တွင်တစ်ဦး
၄၁။ မှာ**စီမုန်ပေတရု**၏အစ်ကို**အန္ဒြေးယ**ဖြစ်၏။သူသည်
မိမိ၏ညီ**စီမုန်**ကိုရှေးဦးစွာတွေ့လျှင်ငါတို့သည်မက်
ဆီယ (အဓိပ္ပါယ်ကားခရစ်တော်ဟုဆိုလိုသည်)
ကိုတွေ့ ကြပြီဟုဆို၏။
၄၂။ သူ့ကို သခင်**ယေရှူး**ထံသို့ ခေါ်ဆောင်လာသောအခါ
ကိုယ်တော်သည်သူ့ကိုကြည့်တော်မူ၍သင်သည်**ယော
ဟန်**၏သား**စီမုန်**ဖြစ်၏။သင်သည်**စေဖ**ဟုခေါ်ခြင်းခံ
ရလိမ့်မည်[၁၁](အဓိပ္ပါယ်မှာ**ပေတရု**ဟု ဆိုလိုသည်)ဟု
၄၃။ မိန့်တော်မူ၏။ နောက်တစ်နေ့တွင်သခင်**ယေရှူး**သည်
**ဂါလိလေ**နယ်သို့ကြွတော်မူရန်ဆုံးဖြတ်တော်မူ၏။ထို
့နောက်**ဖိလစ်**ကိုတွေ့တော်မူလျှင်ငါ့နောက်သို့
၄၄။ လိုက်လော့ဟု သူ့အား မိန့်တော်မူ၏။ **ဖိလစ်**သည်
**ဘက်ဇိုက်ဒါ**မြို့သားဖြစ်၍ထိုမြို့သည်**အန္ဒြေးယ**နှင့်
**ပေတရု**တို့၏မြို့လည်းဖြစ်၏။
၄၅။ **ဖိလစ်**သည်**နာသာနာအဲလ်**[၁၂]ကိုတွေ့လျှင်တရားကျမ်း
နှင့်ပရောဖက်ကျမ်းတို့တွင်**မိုးဇက်**ရည်ညွှန်းရေးသား
ခဲ့သောသူဖြစ်သည့်**ဂျိုးဇက်**၏သား **နာဇရက်**မြို့သား
၄၆။ **ယေရှူး**ကိုငါတို့တွေ့ကြပြီဟု ဆို၏။ **နာသာနာအဲလ်**
ကလည်း**နာဇရက်**မြို့မှ ကောင်းသောအရာတစ်စုံတစ်
ခုထွက်ပေါ်နိုင်ပါသလောဟု သူ့အားမေးလျှင် **ဖိလစ်**

---

[၈] (၁း၃၁) ကိုယ်တော်ကိုယခင်ကငါမသိဟုဆိုရာ၌ သခင်ယေရှူးဆေးကြောခြင်းခံတော်မူချိန်တွင် မွန်မြတ်သောဝိညာဉ်တော်ဘုရားဆင်းသက်တော်မူသည်ကိုမြင်ရသည့်အခါမှသာလျှင် ကိုယ်တော် မက်ဆီယသခင်ဖြစ်ကြောင်းကို ယောဟန် သိရသောကြောင့်ဖြစ်၏။

[၉] (၁း၃၅) ထိုတပည့်နှစ်ယောက်တို့ကား အန္ဒြူး နှင့် ဧဝံဂေလိကျမ်းကိုပြုစုသူ ယောဟန်တို့ဖြစ်ဖွယ်ရှိ၏။

[၁၀] (၁း၃၉) ဆယ်နာရီအချိန်ဟု ဆိုရာ၌ ညနေလေးနာရီ အချိန်ကိုဆိုလိုသည်။

[၁၁] (၁း၄၂) စေဖ ဟူသောအမည်သည်ဂရိတ်ဘာသာစကားဖြစ်သည် အဓိပ္ပါယ်မှာ ကျောက်ဟု ဆိုလိုသည်။

[၁၂] (၁း၄၅) နာသာနာအဲ၏အခြားသောအမည်မှာ ဘာတိုလိုမေဦးပင်ဖြစ်သည်။

ကလာ၍ ကြည့်လောဟုဆိုလေ၏။
၄၇။ မိမိထံသို့**နာသာနာအဲလ်**လာနေသည်ကိုသခင်**ယေရှု**
မြင်တော်မူလျှင် ကောက်ကျစ်စဉ်းလဲခြင်းနှင့် ကင်း
သော**အစ္စရေးလ်**အမျိုးသားစင်စစ်ကိုကြည့်ကြလောဟု
၄၈။ သူ့အားရည်ညွှန်း၍ မိန့်တော်မူ၏။ **နာသာနာအဲလ်**
ကလည်း ကိုယ်တော်သည်တပည့်တော်ကိုမည်ကဲ့သို့
သိတော်မူပါသနည်းဟုမေးလျှောက်လျှင်သခင်**ယေရှု**
ကသင့်ကို**ဖိလစ်**မခေါ်မီ တည်ပင်အောက်မှာရှိနေစဉ်
ကပင် သင့်ကိုငါမြင်သည်ဟု သူ့အားပြန်ပြောတော်
၄၉။ မူ၏။ **နာသာနာအဲလ်**က **ရာဘီ**၊ ကိုယ်တော်သည်
ဘုရားသခင်၏သားတော်ဖြစ်တော်မူပါ၏။**အစ္စရေး
လ်**လူမျိုး၏ဘုရင်လည်းဖြစ်တော်မူပါ၏ဟုလျှောက်
လေ၏[၁၃]။
၅၀။ သခင်**ယေရှု**က သူ့အားမိန့်တော်မူသည်ကားသင့်ကို
တည်ပင်အောက်၌ မြင်ရသည်ဟု သင့်အား ငါပြော
သောကြောင့် သင်ယုံကြည်သလော။ဤထက်ပို၍ကြီး
မြတ်သောအကြောင်းအရာတို့ကိုသင်မြင်ရလိမ့်မည်။
၅၁။ သင်တို့အား ငါအမှန်ဆိုသည်ကား ကောင်းကင်ပွင့်
လစ်နေသည်ကိုလည်းကောင်း၊ လူသား၏အပေါ်တွင်
ဘုရားသခင်၏ ကောင်းကင် တမန်များ ဆင်းလျက်
တက်လျက် ရှိနေကြသည်ကိုလည်းကောင်း သင်တို့
မြင်ကြရလိမ့်မည်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၂)

### ကာနာမြို့မင်္ဂလာဆောင်ပွဲ

၁။ သုံးရက်မြောက်သော နေ့တွင် **ဂါလိလေ**နယ် **ကာနာ**
မြို့၌လက်ထပ်ပွဲကျင်းပစဉ် သခင်**ယေရှု**၏မယ်တော်
၂။ လည်းထိုနေရာ၌ရှိ၏။ သခင်**ယေရှု**နှင့်အတူ တပည့်
တော်တို့ကိုလည်း ထိုလက်ထပ်ပွဲသို့ ဖိတ်ကြားထား
၃။ ၏။ထိုအချိန်၌စပျစ်ရည်ကုန်သွားသောကြောင့်**ယေရှု**
၏မယ်တော်ကသူတို့တွင်စပျစ်ရည်မရှိဟုကိုယ်တော်
၄။ အားလျှောက်လေ၏။**ယေရှု**ကလည်းသူမအားအချင်း
မိန်းမ[၁] သင်သည်ကျွန်ုပ်နှင့်မည်သို့သက်ဆိုင်သနည်း။
ကျွန်ုပ်၏အချိန်မရောက်သေး[၂]ဟုမိန့်တော်မူ၏။
၅။ မယ်တော်ကလည်းသင်တို့အားသူစေခိုင်းတော်မူသမျှ
ကို ပြုကြလော့ဟုအစေခံတို့အားဆိုလေ၏။
၆။ ထိုနေရာ၌ **ဂျူး**လူမျိုးတို့ ဘာသာရေးဝိနည်းအရ စင်
ကြယ်ခြင်းအမှုပြုရာတွင် အသုံးပြုသောဂါလံနှစ်ဆယ်
သုံးဆယ်ခန့်ဝင်သည့်ကျောက်ရေအိုးကြီးခြောက်လုံးရှိ
၇။ ၏။**ယေရှု**ကအိုးများကိုရေအပြည့်ဖြည့်ကြလော့ဟုသူ
တို့အား မိန့်တော်မူလျှင် သူတို့သည် အိုးနှုတ်ခမ်းထိ
၈။ အောင်ရေအပြည့်ဖြည့်ကြ၏။သခင်**ယေရှု**ကလည်း
ယခုခပ်၍ပွဲအုပ်ထံသို့ယူ သွားကြလောဟု သူတို့အား
မိန့်တော်မူသဖြင့်သူတို့သည်ယူသွားကြ၏။
၉။ ပွဲအုပ်သည် စပျစ်ရည်ဖြစ်ပြီးသော ရေကို မြည်းစမ်း
ကြည့်သောအခါ စပျစ်ရည်မည်ကဲ့သို့ ရခဲ့ကြောင်းကို
ရေခပ်လာခဲ့သော အစေခံတို့သည် သိကြသော်လည်း
ပွဲအုပ်မှာ မသိသောကြောင့် မင်္ဂလာဆောင်သတို့သား
၁၀။ ကိုခေါ်၍။လူတိုင်းကောင်းသောစပျစ်ရည်ကိုရှေးဦးစွာ
တည်ခင်းပြီး ဝအောင်သောက်ကြပြီးမှစပျစ်ရည်အညံ့
၁၁။ ကိုတည်ခင်းလေ့ရှိကြ၏[၃]။သင်မူကားယခုတိုင်အောင်
ကောင်းသောစပျစ်ရည် ကိုသိမ်းထားလေပြီတကားဟု
ဆို၏။ပထမဦးဆုံးသောဤတန်ခိုးလက္ခဏာကိုသခင်
**ယေရှု**သည် **ဂါလိလေ**နယ် **ကာနာ**မြို့၌ပြုတော်မူ
လျက်မိမိဘုန်းတော်ကိုထင်ရှားစေတော်မူ၏။ တပည့်
တော်တို့သည်လည်း ကိုယ်တော့်ကို ယုံကြည်ကြ၏။
၁၂။ ထို့နောက် ကိုယ်တော်သည်မိမိ၏မယ်တော်နှင့်တကွ
ညီအစ်ကိုများ[၄]၊ တပည့်တော်များနှင့်အတူ **ကာဖါနာ
အုမ်**မြို့သို့ ဆင်းကြွသွားတော်မူ၍ ထိုနေရာမှာ ရက်
အနည်းငယ်ခန့် သီတင်းသုံးတော်မူ၏။

### ဗိမာန်တော်ကိုရှင်းလင်းတော်မူခြင်း

၁၃။ **ဂျူး**လူမျိုးတို့၏ ပါစကားပွဲ နီးကပ်လာပြီဖြစ်သော
ကြောင့်သခင်**ယေရှု**သည်**ဂျေရုဆလင်**မြို့သို့တက်ကြွ

---

[၁၃] (၁း၄၉) ကိုယ်တော်သည် အစ္စရေးလူမျိုးတို့ကို အုပ်စိုးလတ္တံ့သောမက်ဆိယ ကယ်တင်ရှင်ဖြစ်တော်မူ၏။

[၁] (၂း၄) အချင်းမိန်းမဟူသောအသုံးအနှုန်းသည် ဟေဗြာရှူးလူမျိုးတို့၏ဓလေ့ထုံးစံအရ ယဉ်ကျေးသောအသုံးအနှုန်းပင်ဖြစ်သည်။ယခုအချိန်မှစ၍ကိုယ်တော်သည် ဒေသနာတော်လုပ်ငန်းကို စတင်တော့မည်ဖြစ်ရာ မယ်တော်သည် သားတော်၏ တပည့်အဖြစ်နှင့်ဆက်နွယ်ရတော့မည်ဖြစ်သည်ဟူ၍လည်းအချို့ဓမ္မပညာရှင်တို့ကဆိုကြ၏။

[၂] (၂း၄) ငါ၏အချိန်မရောက်သေးဟုဆိုရာ၌လည်းကိုယ်တော်ဒုက္ခစရိယာနှင့် အသေခံရ မည့်အချိန်ကိုရည်ညွှန်းသည်။

[၃] (၂း၁၀) စပျစ်ရည်ကို ဝအောင်သောက်၍ မူးနေသည့်အချိန်၌ ကောင်းသည် မကောင်းသည်ကို မပိုင်းခြားနိုင်သောအခါ အညံ့ကိုပေးလေ့ရှိ၏။

[၄] (၂း၁၂) သခင်ယေရှု၏ညီအစ်ကိုများဟူသည်မှာ ဝမ်းကွဲညီတော်များကို ရည်ညွှန်းသည်။

၁၄။ တော်မူ၏။ ဗိမာန်တော်အတွင်း၌ နွား၊ သိုးနှင့် ခိုများ
ရောင်းဝယ်နေကြသော သူတို့နှင့်ငွေကြေးလဲလှယ်သူ
များထိုင်နေကြသည်ကိုတွေ့တော်မူလျှင်။
၁၅။ ကြိုးများစည်း၍ နှင်တံပြုလုပ်ပြီး ထိုသူအားလုံးတို့ကို
သိုးများ၊နွားများနှင့်အတူဗိမာန်တော်အပြင်သို့မောင်း
ထုတ်တော်မူ၏[၅]။ ငွေလဲလှယ်သူတို့၏ငွေများကိုသွန်
၁၆။ ချ၍ခုံများကိုမှောက်ပစ်တော်မူ၏။ခိုရောင်းသောသူတို့
အားဤအရာများကိုယူသွားကြလော့၊ငါ့ခမည်းတော်
၏အိမ်တော်ကိုပွဲဈေးမဖြစ်စေကြနှင့်ဟုမိန့်တော်မူ၏။
၁၇။ တပည့်တော်တို့မူကား ကိုယ်တော်၏ အိမ်တော် အ
တွက်ချစ်ခင်တွယ်တာမှုသည် ကျွန်ုပ်ကို လောင်ကျွမ်း
လျက်ရှိပါ၏ဟုရေးထားသောကျမ်းချက်ကိုသတိရကြ
၏။
၁၈။ **ဂျူး**လူမျိုးတို့ကလည်း သင်သည် ဤကဲ့သို့ပြုလုပ်ပိုင်
ခွင့်ရှိကြောင်းကိုငါတို့အားမည်သည့်အမှတ်လက္ခဏာ
အားဖြင့် ပြမည်နည်းဟု ကိုယ်တော်အားမေးကြ၏။
၁၉။ ကိုယ်တော်ကလည်း ဤဗိမ္မာန်တော်ကို ဖြိုဖျက်ကြ
လော့။သုံးရက်အတွင်းငါသည်ပြန်လည်တည်ဆောက်
၂၀။ မည်ဟု သူတို့အားဖြေကြားတော်မူ၏။ထိုအခါ**ဂျူး**လူ
မျိုးတို့ကဤဗိမာန်ကိုနှစ်ပေါင်းလေးဆယ့်ခြောက်နှစ်
တိုင်အောင် တည်ဆောက်ခဲ့ကြရ၏။ သင်မူကား သုံး
ရက်အတွင်းတည်ဆောက်နိုင်မည်လောဟု ဆိုကြ၏။
၂၁။ သို့သော်ကိုယ်တော်သည်မိမိခန္ဓာကိုယ်တည်းဟူသော
ဗိမ္မာန်တော်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်၏။
၂၂။ ထို့ကြောင့် ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထ
မြောက် တော်မူသောအခါ ကိုယ်တော် ဤကဲ့သို့ မိန့်
တော်မူခဲ့ကြောင်းကို တပည့်တော်တို့ သတိရခဲ့ကြ
သဖြင့် ကျမ်းစာတော်ကိုလည်းကောင်း၊ သခင်**ယေရှူး**
မိန့်တော်မူခဲ့သောစကားကိုလည်းကောင်း သူတို့ယုံ
ကြည်ကြ၏။

## လူ့အကြောင်းကို ယေရှူးသိမြင်တော်မူခြင်း

၂၃။ ကိုယ်တော်သည်**ဂျေရုဆလင်**မြို့တွင် ပါစကားပွဲနေ့၌
ရှိတော်မူစဉ် ကိုယ်တော် ပြုတော်မူသော အံ့ဖွယ်
လက္ခဏာတို့ကိုမြင်ကြသဖြင့်ကိုယ်တော်၏နာမတော်
၂၄။ ၌ယုံကြည်ကြ၏။သို့သော်သခင်**ယေရှူး**သည်ထိုသူတို့
အားမိမိကိုယ်ကိုထင်ရှားစေတော်မမူချေ[၆]။
၂၅။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်လူအားလုံး
တို့ကိုသိတော်မူ၏။ကိုယ်တော်သည်လူ၏စိတ်ထဲတွင်
ရှိသမျှကိုသိမြင်တော်မူသောကြောင့်လူ၏အကြောင်း
ကိုသက်သေခံစေခြင်းငှါမည်သူ့ကိုမျှလိုအပ်တော်မမူ
ပေ။

## အခန်းကြီး (၃)

## သခင်ယေရှူးနှင့်နီကိုဒေးမု

၁။ **ဂျူး**လူမျိုးတို့အထဲမှအုပ်ချုပ်သူတစ်ဦးဖြစ်သော **နီကို
ဒေးမု**[၁] အမည်ရှိသည့်**ဖါရီဇေဦး**တစ်ယောက်ရှိ၏။
၂။ ဤသူသည်ညအချိန်၌ ကိုယ်တော်ထံသို့ လာပြီးလျှင်
**ရာဘီ**၊ကိုယ်တော်သည်ဘုရားသခင်ထံတော်မှကြွလာ
သော ဆရာသခင်ဖြစ်ကြောင်း ကျွန်ုပ်တို့သိပါ၏။
အကြောင်းမူကားကိုယ်တော်ပြတော်မူသောဤအံ့ဖွယ်
တန်ခိုးလက္ခဏာများကိုဘုရားသခင်နှင့်အတူမရှိသော
သူမည်သူမျှမပြုလုပ်နိုင်ပါဟုလျှောက်တင်လေ၏။
၃။ **ယေရှူး**ကသင့်အားငါဧကန်အမှန်ဆိုသည်ကားအသစ်
တစ်ဖန်မွေးဖွားခြင်း မခံရသောသူ မည်သည့်သူမျှ ဘုရား
သခင်၏နိုင်ငံတော်ကိုမမြင်ရဟု ဖြေကြားတော်မူ၏။
၄။ **နီကိုဒေးမု**က အသက်ကြီးသော သူသည်မည်ကဲ့သို့
မွေးဖွားခြင်းခံနိုင်ပါမည်နည်း။ မိမိ မိခင်၏ဝမ်းထဲသို့
နောက်တစ်ဖန်ဝင်၍ အသစ်မွေးဖွားခြင်းကို ခံနိုင်ပါ
မည်လောဟု ကိုယ်တော်အားလျှောက်လေ၏။
၅။ သခင်**ယေရှူး**ကလည်းသူ့အားပြန်ပြောတော်မူသည်မှ
ာသင့်အား ငါဧကန်အမှန်ဆိုသည်ကား ရေဖြင့်လည်း
ကောင်းသန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်းကောင်း[၂]
မွေးဖွားခြင်း မခံသောသူသည် ဘုရားသခင်၏ နိုင်ငံ
၆။ တော်သို့မဝင်နိုင်ရာ။သွေးသားမှမွေးဖွားသူသည်သွေး
သားဖြစ်၏။ ဝိညာဉ်မှမွေးဖွားသူသည်လည်းဝိညာဉ်

---

[၅] (၂း၁၅) ဘုရားဗိမ္မာန်တော်ကိုရှိသေအပ်ကြောင်းနှင့်မွန်မြတ်သောဝိညာဉ်တော်၏ဗိမ္မာန်တော်ဖြစ်သောငါတို့၏ ကိုယ်ခန္ဓာကိုလည်း မညစ်ညူးစေအပ်ကြောင်းတို့ကိုလည်းဖော်ပြခြင်းဖြစ်သည်။

[၆] (၂း၂၄) ထိုသူတို့သည် များမကြာမီစိတ်ပျက်၍ဖောက်ပြန်ကြမည်ကိုကိုယ်တော်သိတော်မူ၏။

[၁] (၃း၁) နီကောဒေမူးသည် ယုံကြည်ခြင်းအားနည်းပြီး သခင်ယေရှူးအားလက်မခံသောသူတို့ကိုကြောက်ရွံ့သောကြောင့်ညဉ့်အခါ၌သာကိုယ်တော်ထံတော်သို့ ချဉ်းကပ်ခြင်းဖြစ်၏။

[၂] (၃း၅)ဝိညာဉ်တော်အားဖြင့်အသစ်တဖန်မွေးဖွားခြင်းလိုအပ်ကြောင်း၊ခရစ်ယာန်တို့၏ဆေးကြောခြင်းမင်္ဂလာသည် ထိုသို့သောအသစ်တဖန်မွေးဖွားခြင်း၏အမှတ်လက္ခဏာဖြစ်ကြောင်းကို ဖော်ပြသည်။

၇။ ဖြစ်၏။ နောက်တစ်ကြိမ်မွေးဖွားခြင်းခံရမည်ဟုသင့်
၈။ ကိုငါဆိုသောကြောင့် အံ့သြခြင်းမရှိနှင့်။ လေသည်အ
လိုရှိရာအရပ်သို့ တိုက်ခတ်၏။ လေတိုက်သံကိုသင်
ကြားသော်လည်း မည်သည့်အရပ်ကလာ၍ မည်သည့်
အရပ်သို့သွားသည်ကိုသင်မသိ။ထိုနည်းတူပင်ဝိညာဉ်
တော်အားဖြင့်မွေးဖွားခြင်းခံကြရသူတိုင်းဖြစ်ကြသည်
၉။ ဟုမိန့်တော်မူ၏။ **နိကိုဒေးမု**ကလည်း ဤအမှုအရာ
သည် မည်သို့ဖြစ်နိုင်မည်နည်းဟုကိုယ်တော်အားမေး
၁၀။ လျှောက်လေ၏။ ယေရှုကလည်း သင်သည်
**အစ္စရေးလ်**လူမျိုးတွင်ဆရာတစ်ဦးဖြစ်လျက်နှင့်ပင်
၁၁။ ဤအနမှုအရာကိုသင်နားမလည်သလော။ သင့်အား
ငါဧကန်အမှန်ဆိုသည်ကားငါတို့ရှိသောအရာတိုင်းကို
ငါတို့ပြောဆိုကြ၏ငါတို့မြင်သောအရာကိုငါတို့သက်
သေခံကြ၏။ သို့သော်လည်း သင်တို့သည် ငါတို့၏
၁၂။ သက်သေခံချက်ကိုသင်တို့လက်မခံကြ။ကမ္ဘာမြေကြီး
နှင့် ဆိုင်သောအရာကိုသင်တို့အားငါပြော၍သင်တို့
မယုံကြည်ကြပါလျှင်ကောင်းကင်နှင့်ဆိုင်သောအရာ
များကိုသင်တို့အားငါပြောပြသောအခါ သင်တို့သည်
၁၃။ မည်ကဲ့သို့ယုံကြည်ကြမည်နည်း။ ကောင်းကင်မှဆင်း
သက်လာသောလူသားမှတစ်ပါးမည်သူမျှကောင်းကင်
၁၄။ သို့မတက်ရပြီ။ **မိုးဇက်**သည် တောကန္တာရ၌ မြွေကို
မြှောက်ထားသကဲ့သို့လူသားသည်မြှောက်ထားခြင်းခံ
၁၅။ ရလိမ့်မည်[၃]။ သူ၌ယုံကြည်သောသူ ဟူသမျှသည်ထာ
ဝရ အသက်ကိုရလိမ့်မည်[၄]။
၁၆။ သားတော်၌ ယုံကြည်သောသူဟူသမျှကို ပျက်စီးခြင်း
မရှိစေခြင်းငှါ ဘုရားသခင်သည် မိမိတစ်ပါးတည်း
သော သားတော်ကိုစွန့်တော်မူသည့်တိုင်အောင်ကမ္ဘာ
၁၇။ လောကကိုချစ်တော်မူ၏။အကြောင်းမူကားဤလော
ကကိုအပြစ်စီရင်ခြင်းငှါဘုရားသခင်သည်သားတော်
ကို ဤလောကထဲသို့စေလွှတ်တော်မူသည် မဟုတ်၊
သားတော်အားဖြင့်လောကသားတို့သည် ကယ်တင်
ခြင်းကိုရစေရန်ကိုယ်တော်ကိုစေလွှတ်တော်မူ၏။
၁၈။ သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်း
မခံရ။ ကိုယ်တော်ကို မယုံကြည်သောသူမူကားအပြစ်
စီရင်ခြင်းကို ယခုပင်ခံရပြီ[၅]။ အဘယ်ကြောင့်ဆိုသော်
ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏နာမ
တော်၌သူသည် မယုံကြည်သောကြောင့်ဖြစ်သတည်း၊
၁၉။ ဤသို့အပြစ်စီရင်ခံရခြင်းသည်ကား အလင်းသည်ဤ
လောကသို့ကြွလာသော်လည်းလူတို့သည်မကောင်းမှု
ကိုပြုနေကြသောကြောင့် အလင်းထက် မှောင်မိုက်ကို
၂၀။ သာ၍နှစ်သက်ကြ၏။ မကောင်းမှုကိုပြုသောသူတိုင်း
သည်အလင်းကို မုန်းတီးကြ၍မိမိတို့ပြုသောမကောင်း
မှုကို မပေါ်လွင်စေခြင်းငှါ အလင်းသို့မချဉ်းကပ်ကြ။
၂၁။ သမ္မာတရားကို လိုက်ကျင့်သောသူမူကား မိမိပြုသမျှ
တို့သည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်သည်
ကိုထင်ရှားစွာမြင်စေခြင်းငှါအလင်းသို့ချဉ်းကပ်သည်
ဟုမိန့်တော်မူ၏။

## သခင်ယေရှုနှင့်ယောဟန်ဗတ္တိဇံ
(၃း၂၂–၃၆)

၂၂။ ထို့နောက်သခင်**ယေရှု**သည်တပည့်တော်များနှင့်အ
တူ**ဂျူဒေယ**နယ်သို့ကြွတော်မူ၍ထိုအရပ်တွင်သူတို့
နှင့် အတူနေလျက်ဆေးကြောခြင်းပေးတော်မူ၏[၆]။
၂၃။ **ယောဟန်**သည်လည်း**ဆာလင်မ်**မြို့အနီး**ဧနုန်**အရပ်၌
ဆေးကြောခြင်း ပေးလျက်ရှိ၏။ အဘယ်ကြောင့်ဆို
သော်ထိုအရပ်၌ ရေများစွာရှိသောကြောင့်ဖြစ်၏။ လူ
များစွာတို့သည်လာကြ၍ဆေးကြောခြင်းကိုခံယူကြ၏
၂၄။ အကြောင်းမူကား**ယောဟန်**သည်ထောင်သွင်းအကျဉ်း
၂၅။ ချခြင်းမခံရသေးပေ။ ထိုအချိန်၌ ယောဟန်၏တပည့်
များသည်စင်ကြယ်ခြင်းနှင့်ဆိုင်ရာ အကြောင်းကို**ဂျူး**
၂၆။ လူမျိုးတစ်ဦးနှင့် အငြင်းအခုံဖြစ်ကြ၏။ ထို့နောက်သူ
တို့သည်**ယောဟန်**ထံသို့လာကြလျက် **ရာဘီ**၊ ကိုယ်
တော်နှင့်အတူ **ဂျော်ဒန်**မြစ်တစ်ဖက်ကမ်း၌ ရှိခဲ့ဘူး၍
ကိုယ်တော်သက်သေခံသောသူသည်ဤအရပ်မှာဆေး
ကြောခြင်းပေးလျက်ရှိ၍လူအားလုံးတို့သည်သူ့ထံသို့
၂၇။ သွားကြပါသည်ဟုလျှောက်ကြ၏။ **ယောဟန်**ကပြန်
ပြောသည်မှာကောင်းကင်မှပေးတော်မမူလျှင်လူသည်

[၃] (၃း၁၄) သခင်ယေရှုသည်လက်ဝါးကပ်တိုင်ပေါ်မှာမြှောက်ထားခြင်းခံရလိမ့်မည်။

[၄] (၃း၁၅) ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသက်တော်ကိုစွန့်တော်မူခြင်းအားဖြင့် အောင်မြင်ပြီး ထာဝရအသက်ကိုပေးသည်။

[၅] (၃း၁၈) ယုံကြည်ခြင်းရှိ၍ ကောင်းသောအကျင့်များကိုကျင့်သောသူသည်အပြစ်စီရင်ခြင်းကိုမခံရ၊ အမှားကို ခေါင်းမာစွာနှင့်ဆက်လက်ပြုသူတို့မူကား၊ ယခုပင်အပြစ်စီရင်ခြင်းခံရ ၏။ အကြောင်းမူကား မိမိကိုယ်ကိုသခင်ယေရှုအထံမှလည်းကောင်း သခင်ယေရှုအသင်းတော်မှလည်းကောင်းခွဲခွာသည်။

[၆] (၃း၂၂) ယော ၄း၂ သခင်ယေရှုကိုယ်တော်တိုင်မဟုတ်၊ တပည့်တော်တို့မှဆေးကြောခြင်းကိုပေးကြ၏။

၂၈။ မည်သည့်အရာကိုမျှ မရရှိနိုင်။ ငါသည် ခရစ်တော်
မဟုတ်၊ ကိုယ်တော်၏ရှေ့၌ ကြိုတင်စေလွှတ်ခြင်းခံရ
သောသူဖြစ်သည်ဟု ငါဆိုကြောင်းသင်တို့ကိုယ်တိုင်
၂၉။ ပင်ငါ၏သက်သေများဖြစ်ကြ၏။မင်္ဂလာဆောင်သတို့
သမီးကို ရရှိသောသူသည် မင်္ဂလာဆောင်သတို့သား
ဖြစ်၏။ မင်္ဂလာဆောင်သတို့သား၏ မိတ်ဆွေသည်
ကား အနီးမှာရပ်နေလျက် မင်္ဂလာဆောင်သတို့သား
၏အသံကို ကြားရသောကြောင့် အလွန်ဝမ်းမြောက်
ခြင်းဖြစ်၏။ ထို့ကြောင့် ငါ၏ ဝမ်းမြောက်ခြင်းသည်
၃၀။ ပြည့်စုံခြင်းသို့ ယခုရောက်လေပြီ[၇]။ ကိုယ်တော်သည်
တိုးတက်ရမည်၊ ငါမူကား ဆုတ်ယုတ်ရမည်[၈]။
၃၁။ အထက်မှလာသော သူသည် အားလုံးစုံတို့ထက်ကြီး
မြတ်တော်မူ၏။ ကမ္ဘာမြေကြီးနှင့် ဖြစ်သောသူသည်
ကမ္ဘာမြေကြီးနှင့်သက်ဆိုင်သဖြင့် ကမ္ဘာမြေကြီး အ
ကြောင်းကိုသာ ပြောဆိုတတ်၏။ ကောင်းကင်မှ ကြွ
လာသောသူ သည်အားလုံးစုံတို့ထက်ကြီးမြတ်တော်
၃၂။ မူ၏။ မိမိ မြင်ရကြားရသမျှတို့ကို သက်သေခံတော်
မူ၏။သူ၏သက်သေခံ ချက်ကိုမူမည်သူမျှ မခံယူ[၉]။
၃၃။ သူ၏သက်သေခံချက်ကို ခံယူသောသူသည်ဘုရား
သခင်သစ္စာရှိတော်မူကြောင်းကို ထောက်ခံလေ၏။
၃၄။ အကြောင်းမူကား ဘုရားသခင် စေလွှတ်တော်မူသော
သူသည်ဘုရားသခင်၏စကားတော်ကို ပြောဆိုတတ်
၏။ အကြောင်းမူကား ဘုရားသခင်သည် ဝိညာဉ်
တော်ကိုအတိုင်းမဲ့ပေးတော် မူ၏။ ခမည်းတော်သည်
၃၅။ သားတော်ကို ချစ်မြတ်နိုး တော်မူ၍ အရာခပ်သိမ်း
အလုံးစုံကိုသားတော်၏လက်သို့ပေးအပ်တော်မူ၏။
၃၆။ သားတော်၌ ယုံကြည်သောသူ သည်ထာဝရအသက်
ကိုရ၏။ သားတော်ကိုမယုံကြည် သောသူမူကားထာ
ဝရအသက်ကို ဖူးမြင်ရလိမ့်မည်မဟုတ်။ဘုရားသခင်
၏အမျက်တော်သင့်သူများဖြစ်လိမ့်မည်ဟုဆိုလေ၏။

[၇] (၃း၂၉) သင်တို့အပြစ်တင်ပြောဆိုနေသော သခင်ယေရှုသည် မင်္ဂလာဆောင်သတို့သားဖြစ်၏။ ငါမူကား ထိုသတို့သား၏အဆွေဖြစ်၏။

[၈] (၃း၃၀) ကိုယ်တော်၏သတင်းတော်သည် နှံ့ပြားတိုးတက်၍ ယောဟန်၏သတင်းသည်ကား ဆုတ်ယုတ်ရမည်။

[၉] (၃း၃၂) ထိုအချိန်အခါက သခင်ယေရှု၏စကားကို ယုံကြည်သောသူတို့သည် အလွန်နည်းကြ၏။

## အခန်းကြီး (၄)

## သခင်ယေရှုနှင့်ဆမာရိယဘာအမျိုးသမီး

၁။ သခင်**ယေရှု**သည် **ယောဟန်**ထက် ပို၍ များသော
တပည့်များအားဆေးကြောခြင်းမင်္ဂလာပေးကြောင်းကို
၂။ **ဖါရီဇေဦး**များကြားသိကြ၏။ အမှန်မှာ သခင်**ယေ
ရှု**ကိုယ်တော်တိုင်ဆေးကြောခြင်းပေးတော်မမူတပည့်
တော်များကသာလျှင်ဆေးကြောပေးခြင်းဖြစ်၏။
၃။ ယင်းသို့ **ဖါရီဇေဦး**တို့ ကြားသိကြောင်းကို သခင်
**ယေရှု**သိတော်မူလျှင်ကိုယ်တော်သည်**ဂျူဒေယ**နယ်မှ
ထွက်ခွါ၍ **ဂါလိလေ**နယ်သို့ပြန်လည်ကြွသွားတော်
၄။ မူ၏။ လမ်းခရီး၌ ကိုယ်တော်သည် **ဆမာရိယ**ပြည်
ကိုဖြတ်သန်းသွားရ၏။ ထို့ကြောင့် ကိုယ်တော်သည်
၅။ **ယာကုပ်**က မိမိသား**ဂျိုးဇက်**အားပေးခဲ့သော မြေ
ကွက်အနီးရှိ **ဆီခါရ်**အမည်ရှိသော**ဆမာရိယ**မြို့ တစ်
၆။ မြို့သို့ရောက်တော်မူ၏[၁]။ ထိုနေရာ၌**ယာကုပ်**၏ ရေ
တွင်းရှိ၏**ယေရှု**သည်လည်းခရီးပမ်းသောကြောင့်ထို
ရေတွင်းနားတွင်ထိုင်တော်မူ၏။အချိန်ကားခြောက်နာ
ရီခန့်ဖြစ်၏[၂]။
၇။ **ဆမာရိယ**အမျိုးသမီးတစ်ဦးသည် ရေခပ်ရန်ရောက်
လာသောအခါကိုယ်တော်ကငါသောက်ရန်ရေအနည်း
ငယ်ပေးပါဟု သူမအား မိန့်တော်မူ၏။
၈။ အကြောင်းမူကားတပည့်တော်တို့သည်စားစရာဝယ်အံ့
၉။ သောငှါ မြို့ထဲသို့သွားနေကြ၏။ **ဆမာရိယ** အမျိုး
သမီးကလည်း သင်သည် **ဂျူး**ဖြစ်ပါလျက် အဘယ့်
ကြောင့် **ဆမာရိယ**ဖြစ်သောကျွန်ုပ်ထံမှသောက်စရာ
ရေတောင်းပါသနည်းဟု ကိုယ်တော်အားပြောလေ၏။
အကြောင်းမူကား**ဂျူး**လူမျိုးတို့သည်**ဆမာရိယလူမျိုး**
၁၀။ တို့နှင့် အပေါင်းအဖော်မပြုကြသောကြောင့်တည်း။
**ယေရှု**က ဘုရားသခင်၏ဆုကျေးဇူးတော်ကိုလည်း
ကောင်း၊ ငါ့ကို သောက်စရာပေးပါဟု သင့်အားပြော
သောသူ မည်သူဖြစ်သည်ကိုလည်းကောင်း၊ သင်သိ
ခဲ့ပါလျှင် သင်သည်သူ့ထံမှအသက်ရေကိုတောင်းခံရ
လိမ့်မည်။သူသည်လည်းသင့်အားအသက်ရေ[၃]ကိုပေး
လိမ့်မည်ဟု သူမအား မိန့်တော်မူ၏။ အမျိုးသမီး
၁၁။ ကလည်းသခင်၊ သင်၌ရေခပ်စရာလည်းမပါ၊ ရေ

[၁] (၄း၅) ကမ္ဘာဦးကျမ်း ၄၈း၂၂

[၂] (၄း၆) ခြောက်နာရီအချိန်ကား မွန်းတည့်ချိန်ဖြစ်၏။

[၃] (၄း၁၀) အသက်ရေဟူမူကား ဘုရားသခင်၏ကျေးဇူးတော်ကိုဆိုလိုသည်။

တွင်းသည်လည်း နက်လှပေ၏။ အဘယ်မှာလျှင်
၁၂။ အသက်ရေကို ရနိုင်ပါမည်နည်း။ သခင်သည် ကျွန်ုပ်
တို့အဘ**ယာကုပ်**ထက်ကြီးမြတ်ပါသလော။ သူသည်
ဤရေတွင်းကိုကျွန်ုပ်တို့အားပေးခဲ့၍မိမိကိုယ်တိုင်နှင့်
သားသမီးများ၊တိရစ္ဆာန်များသည် ဤရေတွင်းမှရေကို
သောက်ခဲ့ကြပြီဟု ကိုယ်တော်အားဆို၏။
၁၃။ **ယေရှု**ကလည်း ဤရေကို သောက်သော သူသည်
၁၄။ နောက်တဖန် ရေငတ်လိမ့်ဦးမည်။ ငါပေးမည့်ရေကို
သောက်သောသူမူကား အဘယ်အခါမျှ ရေငတ်လိမ့်
မည်မဟုတ်ငါပေးမည့်ရေသည်ကားထိုသူ၌ထာဝရအ
သက်ကိုရရှိစေသောစမ်းရေဖြစ်လိမ့်မည်ဟု သူမအား
၁၅။ မိန့်တော်မူ၏။အမျိုးသမီးကလည်းသခင်၊ကျွန်ုပ်သည်
ရေမငတ်စေရန်အတွက်ဤနေရာသို့နောက်တဖန်ရေ
လာခပ်ရစေရန် ကျွန်မအား ဤရေကိုပေးတော်မူပါဟု
တောင်းလျှောက်လေ၏။
၁၆။ **ယေရှု**ကလည်း သွားလော့၊ သင်၏ခင်ပွန်းကိုခေါ်၍
ဤနေရာသို့ ပြန်လာလော့ဟုသူမအားမိန့်တော်မူ၏[၄]။
၁၇။ အမျိုးသမီးကလည်း ကျွန်မ်၌လင်ယောကျာ်းမရှိပါဟု
ပြန်လျှောက်လျှင် **ယေရှု**က လင်ယောကျာ်းမရှိပါဟု
၁၈။ သင်ဆိုသောစကားသည်မှန်၏။အကြောင်းမူကားသင်
၌လင်ယောကျာ်းငါးယောက်ရှိခဲ့ဘူး၏။ ယခုသင်နှင့်
နေသောသူသည်လည်းသင်၏လင်ယောကျာ်းမဟုတ်
သောကြောင့် သင်ပြောသောဤစကားသည်မှန်၏ဟု
၁၉။ သူမအား မိန့်တော်မူ၏။ အမျိုးသမီးကသခင်၊ ကိုယ်
တော်သည်ပရောဖက်ဖြစ်တော်မူကြောင်းကျွန်မသိမြင်
၂၀။ နိုင်ပါ၏။ ကျွန်မတို့ ဘိုးဘေးများသည် ဤတောင်
ပေါ်မှာဝတ်ပြုကိုးကွယ်ခဲ့ကြပါ၏။ သင်တို့သည်ကား
**ဂျေရုဆလင်**မြို့သည်လူတို့ ဝတ်ပြုကိုးကွယ်အပ်သော
နေရာဖြစ်ကြောင်းဆိုကြ၏ဟုလျှောက်လေ၏။
၂၁။ သခင်**ယေရှု**က အချင်းမိန်းမ၊ ငါ့ကိုယုံကြည်လော့၊
ခမည်းတော်ဘုရားကိုဤတောင်ပေါ်မှာလည်းမဟုတ်၊
**ဂျေရုဆလင်**မြို့မှာလည်း မဟုတ်ဘဲ သင်တို့ကိုးကွယ်
၂၂။ ဝတ်ပြုကြရမည့် အချိန်ရောက်လာပြီ။ သင်တို့သည်
ကိုယ်မသိသောအရာကို ကိုးကွယ်ဝတ်ပြုကြ၏။ငါတို့
သည် ကိုယ်သိသောအရာကို ကိုးကွယ်ဝတ်ပြုကြ၏။
အကြောင်းမူကားကယ်တင်ခြင်းသည်**ဂျူး**လူမျိုးမှလာ
၂၃။ ၏[၅]။ သို့သော်ဟုတ်မှန်စွာ ကိုးကွယ်သောသူတို့သည်
ခမည်းတော်ဘုရားကို ဝိညာဉ်တော် အားဖြင့်လည်း
ကောင်း၊သမ္မာတရားအားဖြင့်လည်းကောင်းကိုးကွယ်
ဝတ်ပြုရမည့် အချိန်ကာလ ယခုပင် ရောက်လာပြီ။
အကြောင်းမူကား ဤသို့ကိုးကွယ်ဝတ်ပြုသောသူများ
၂၄။ ကိုခမည်းတော်သည်အလိုရှိတော်မူ၏[၆]။ဘုရားသခင်
သည် ဝိညာဉ်တော် ဖြစ်တော်မူ၏။ ကိုယ်တော်ကို
ကိုးကွယ်ဝတ်ပြုသောသူတို့သည်လည်းဝိညာဉ်တော်
အားဖြင့် လည်းကောင်း၊ သမ္မာတရားအားဖြင့်လည်း
ကောင်း ကိုးကွယ်ဝတ်ပြုအပ်သည်ဟုမိန့်တော်မူ၏[၇]။
၂၅။ အမျိုးသမီးကလည်းခရစ်တော်ဟုခေါ်သောမက်ဆိယ
ကြွလာမည်ကိုကျွန်ုပ်သိပါ၏။ ကိုယ်တော်ကြွလာ
တော်မူသော အခါ အရာခပ်သိမ်းကို ကျွန်ုပ်တို့အား
ဖော်ပြတော်မူ လိမ့်မည်ဟု ကိုယ်တော်အားလျှောက်
လေ၏။
၂၆။ **ယေရှု**ကလည်းသင်နှင့်စကားပြောနေသော ငါသည်
ထိုသူပေတည်းဟု မိန့်တော်မူ၏။
၂၇။ ထိုအချိန်တွင် တပည့်တော်တို့သည် ပြန်ရောက်လာ
ကြ၍ ယေရှုက**ဆမာရိယ**အမျိုးသမီးနှင့်စကားပြော
ဆိုနေသည်ကို မြင်ကြလျှင် အံ့သြလျက်ရှိကြ၏။ သို့
သော် ကိုယ်တော် မည်သည့်အရာကို အလိုရှိတော်မူ
သနည်း အဘယ်ကြောင့် သူမနှင့် စကားပြောဆိုနေ
၂၈။ တော်မူသနည်းဟုမည်သူမျှမမေးကြချေ[၈]။အမျိုးသမီး
သည်လည်းမိမိရေအိုးကိုထားခဲ့၍မြို့တွင်းသို့သွားပြီး
၂၉။ လျှင် လူအများတို့အား ဤသို့ဆို၏။ ကျွန်မပြုခဲ့သမျှ
သောအမှုအရာတို့ကို ကျွန်မအား ပြောပြ သောသူကို
လာ၍ ကြည့်ကြလော့။ ဤသူသည် ခရစ်တော်
၃၀။ အမှန်ပင်ဖြစ်မည်လောဟု ပြောလျှင်[၉]။ သူတို့ သည်
မြို့တွင်းမှထွက်လာကြ၍ကိုယ်တော်အထံတော်

[၄] (၄း၁၆) သခင်ယေရှုသည် ထိုမိန်းမအား ပထမအကြိမ်တွေ့သော်လည်းသူမ၏ဘဝဖြစ်စဉ်ကိုသိတော်မူကြောင်းဖော်ပြခြင်းဖြစ်၏။

[၅] (၄း၂၂) ဆမာရိတန်လူမျိုးတို့သည် ဘာသာခြားတို့၏အယူဝါဒများကိုမသိနားမလည်ဘဲလက်ခံကျင့်သုံးကြသည်။

[၆] (၄း၂၃) ဂျူးလူမျိုးတို့သည် ကိုးကွယ်ဝတ်ပြုရာတွင် အပြင်ပလက္ခဏာများကိုသာအဓိကထားပြီး စစ်မှန်သောသဒ္ဓါကြည်ညိုခြင်းမရှိခဲ့သောကြောင့်ဘုရားသခင်ကို ဝိညာဉ်တော်အားဖြင့်လည်းကောင်း၊အမှန်တရားအားဖြင့်လည်းကောင်း၊ကိုးကွယ်ရန်အချိန်ရောက်လာပြီဟု ဆိုလိုခြင်းဖြစ်၏။

[၇] (၄း၂၄) ဘုရားသခင်သည် အနန္တဝိညာဉ်တော်ရှင် ဖြစ်တော်မူ၍ ငါတို့၏ အင်္ဂါငါးပါးတို့ဖြင့်မထိတွေ့နိုင်သောကြောင့်ကိုယ်တော်ကိုငါတို့၏စိတ်ဝိညာဉ်အားဖြင့်ကိုးကွယ်ရသည်။

[၈] (၄း၂၇) ဟေဘရူးဓလေ့ထုံးစံအရ ဂျူးအမျိုးသားတစ်ဦးသည်အမျိုးသမီးတစ်ဦးအား အများမြင်ကွင်းတွင် စတင်နှုတ်ဆက်စကားပြောလေ့မရှိ။

၃၁။ သို့လာကြ၏။ ထိုအချိန်အတွင်း၌ တပည့်တော်တို့က
**ရာဘီ**၊အစားအစာသုံးဆောင်တော်မူပါဟုလျှောက်ကြ
၃၂။ သောအခါ။ ကိုယ်တော်က သင်တို့မသိသော အစား
အစာငါ၌ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။
၃၃။ တပည့်တော်တို့ကလည်း တစ်စုံ တစ်ယောက်သည်
ကိုယ်တော်အတွက် စားစရာ ပို့ထားပြီလောဟုအချင်း
၃၄။ ချင်းမေးမြန်းကြလျှင်။ **ယေရှူး**က ငါ့ကိုစေလွှတ်တော်
မူသောသူ၏အလိုတော်ကို ဆောင်ရွက်ခြင်းနှင့်သူ၏
အမှုတော်ကိုပြီးမြောက်စေခြင်းသည်ငါ၏အစာဖြစ်သ
၃၅။ တည်းဟု သူတို့အားမိန့်တော်မူ၏။ယခုချိန်မှစ၍လေး
လမြောက်လျှင် စပါးရိတ်သိမ်းချိန်ရောက်လိမ့်မည်ဟု
သင်တို့ ဆိုကြသည်မဟုတ်လော၊ သင်တို့အား ငါဆို
သည်ကား စပါးရိတ်သိမ်းရန်အတွက် လယ်ကွင်းများ
သည်ယခုပင်ဝင်းမှည့်နေသည်ကိုသင်တို့လှမ်းမျှော်၍
၃၆။ ကြည့်ကြလော့။ မျိုးစေ့ကြဲသောသူနှင့်စပါးရိတ်သော
သူတို့သည် အတူးဝမ်းမြောက်ကြစေခြင်းငှါစပါးရိတ်
သောသူသည် လုပ်အားခကို လက်ခံယူ၍ ထာဝရ
အသက်ရှင်ခြင်းအတွက်အသီးအနှံကိုစုသိမ်းလေ၏။
၃၇။ အကြောင်းမူကား တစ်ဦးကမျိုးစေ့ကြဲ၍နောက်တစ်ဦး
ကရိတ်သိမ်း၏ဟူသော စကားသည် ဤနေရာ၌ မှန်
၃၈။ ကန်သင့်မြတ်ပေ၏။ သင်တို့ မလုပ်ဆောင်ခဲ့ရသော
အရပ်၌ ရိတ်သိမ်းစေခြင်းငှါသင်တို့ကိုငါစေလွှတ်၏။
အခြားသူတို့လုပ်ဆောင်ခဲ့ကြရသဖြင့်သူတို့၏အလုပ်
၃၉။ တွင် သင်တို့ပါဝင်ကြရ၏ဟုမိန့်တော်မူ၏။ ကျွန်မပြု
ခဲ့သမျှ အကြောင်းအရာတို့ကို ကျွန်မအားသူပြောပြခဲ့
သည်ဟု သက်သေခံသူ အမျိုးသမီး၏စကားကြောင့်
ထိုမြို့မှ များစွာသော **ဆမာရိယ** လူမျိုးတို့သည်
၄၀။ ကိုယ်တော်ကို ယုံကြည်ခဲ့ကြ၏။ ထို့ကြောင့်
**ဆမာရိယလူမျိုး**တို့သည် အထံတော်သို့ ရောက်လာ
ကြသောအခါ မိမိတို့ အရပ်တွင် တည်းခိုတော်မူပါ
မည့်အကြောင်း ပန်ကြားကြ၏။ ကိုယ်တော်သည်
လည်းထိုအရပ်၌နှစ်ရက်နေတော်မူ၏။ ကိုယ်တော်၏
၄၁။ နှုတ်ကပတ်တော်ကြောင့် ပိုမိုများပြားသောသူတို့
သည် ကိုယ်တော်ကို ယုံကြည်လာကြသည်ဖြစ်၍[၁၀]
၄၂။ သူတို့ကအမျိုးသမီးအားယခုငါတို့သည် သင်၏
စကားကြောင့် ယုံကြည်ကြ သည်မဟုတ်၊ ငါတို့
ကိုယ်တိုင်ကြားနာကြရသဖြင့် ကိုယ်တော်သည်ဤ
လောကကိုကယ်တင်တော်မူသော အရှင်သခင် အမှန်
စင်စစ်ဖြစ်တော်မူကြောင်းငါတို့သိကြပြီဟုဆိုကြ၏။

## အရာရှိတစ်ဦး၏သားကို ရောဂါပျောက်ကင်းစေတော်မူခြင်း

၄၃။ နှစ်ရက်လွန်သောအခါကိုယ်တော်သည်**ဂါလိလေ**နယ်
၄၄။ သို့ကြွတော်မူ၏။ အကြောင်းမူကား ပရောဖက်သည်
မိမိဇာတိမြို့၌ ဂုဏ်အသရေမရှိဟု **ယေရှူး**မိန့်တော်မူခဲ့
၄၅။ သောကြောင့်ဖြစ်၏[၁၁]။**ဂါလိလေ**နယ်သို့ရောက်တော်
မူသောအခါ **ဂါလိလေ**နယ်သားတို့သည်ပွဲတော်နေ့
တွင်**ဂျေရုဆလင်**မြို့၌ ကိုယ်တော်ပြုတော်မူခဲ့သမျှကို
မြင်ခဲ့ကြပြီဖြစ်၍ ကိုယ်တော့်ကိုလက်ခံကြ၏။အ
ကြောင်းမူကား သူတို့သည်လည်းပွဲတော်သို့တက်
ရောက်ခဲ့ကြ သောကြောင့်တည်း။

## ကာနာမြို့တွင်ပြသောဒုတိယအံ့ဖွယ်ရာတန်ခိုးတော်

၄၆။ ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲစေတော်မူခဲ့သော
**ဂါလိလေ**နယ် **ကာနာ**မြို့သို့ ကိုယ်တော်သည်တစ်ဖန်
ကြွလာတော်မူ၏။**ကာဖါနာအုမ်**မြို့၌အမတ်တစ်ဦး၏
၄၇။ သားသည် ဖျားနာလျက်ရှိ၏။ **ဂျူဒေယ**နယ်မှ**ဂါလိ
လေ**နယ်သို့သခင်**ယေရှူး**ကြွလာတော်မူကြောင်းကိုထို
သူကြားလျှင် အထံတော်သို့သွား၍မိမိသားကိုပျောက်
ကင်းချမ်းသာရစေရန်ကိုယ်တော်ဆင်းကြွလာတော်မူ
၄၈။ ပါမည့်အကြောင်းတောင်းပန်လေ၏။**ယေရှူး**ကလည်း
သင်တို့သည်နိမိတ်လက္ခဏာများနှင့်အံ့ဖွယ်ရာများကို
မမြင်ကြရလျှင် သင်တို့ယုံကြည်ကြမည်မဟုတ်ဟုသူ့
၄၉။ အား မိန့်တော်မူသော်။ အမတ်က သခင်၊ ကျွန်တော်
၏သား မသေမီ ကြွလာတော်မူပါဟု ကိုယ်တော်အား
၅၀။ လျှောက်လေ၏။ **ယေရှူး**က သွားလော့၊ သင်၏သား
အသက်ချမ်းသာရလေပြီဟု သူ့အား မိန့်တော်မူလျှင်

---

[၉](၄:၂၉) ဆမာရိလူမျိုးတို့သည်မိုးဇက်ရေးထားသောကျမ်းစာ၌ယာကုပ်ကပေါ် ထွန်းလတ္တံ့သော မက်ဆိယ ကယ်တင်ရှင်အကြောင်းကို ကြိုတင်ဟောထားသောကြောင့်စောင့်ငံ့နေကြ၏။

[၁၀](၄:၄၁) ဂျူးလူမျိုးတို့သည် အံ့ဖွယ်ရာတန်ခိုးများစွာတို့ကိုမြင်ကြရသော်လည်း မယုံကြည်ကြ။ ဆမာရိလူမျိုးတို့သည်ကား အံ့ဖွယ်ရာ တန်ခိုးတို့ကို မမြင်ကြရဘဲ လျှက် ကိုယ်တော်ကိုယုံကြည်ကြ၏။ယုံကြည်ခြင်းကျေးဇူးတော်လက်ခံရန်အဆင်သင့်ရှိသည့်ဖြောင့်မတ်သောစိတ်နှလုံးထဲသို့အလွယ်တကူဝင်လာတတ်သည်။

[၁၁](၄:၄၄) ရွာနားဘုရား၊ရွာသားမရှိသေ။ ရွာနားမြက်၊ ရွာနွားမစားဟူသကဲ့သို့တည်း။

ထိုသူသည် ကိုယ်တော်မိန့်တော်မူသောစကားကို ယုံ
၅၁။ ကြည်လျက်ပြန်သွားလေ၏။သူသည်လမ်းခရီး၌ရှိစဉ်
သူ၏ အစေခံများသည် လိုက်လာကြ၍ သူ၏သား
အသက်ချမ်းသာရကြောင်းကိုသူ့အားပြောကြားကြ၏၊
၅၂။ မည်သည့်အချိန်နာရီ၌မိမိသားပျောက်ကင်းချမ်းသာရ
သည်ကို မေးမြန်းသောအခါ သူတို့ကလည်း မနေ့က
မွန်းလွဲတစ်နာရီအချိန်တွင် အဖျားပျောက်ကင်း
၅၃။ ကြောင်းအဖြေပေးကြ၏။ဖခင်ကလည်းဤအချိန်နာရီ
သည်ယေရှုကမိမိအား သင်၏သားအသက်ချမ်းသာ
ရာရပြီဟုမိန့်တော်မူခဲ့သောအချိန်ဖြစ်ကြောင်း သိသ
ဖြင့်သူကိုယ်တိုင်နှင့် သူ၏အိမ်သူအိမ်သားအားလုံး
၅၄။ သည်ကိုယ်တော်၌ယုံကြည်ကြလေ၏။ဤနိမိတ်လက္ခ
ဏာသည်ကားယေရှုသည်ဂျူဒေယနယ်မှဂါလိလေ
နယ်သို့ကြွတော်မူသောအခါတွင် ဒုတိယအကြိမ်ပြ
တော်မူ သောနိမိတ်လက္ခဏာဖြစ်သတည်း[၁၂]။

## အခန်းကြီး(၅)
## ရေကန်အနီး၌ရောဂါပျောက်ကင်း စေတော်မူခြင်း

၁။ ထို့နောက် ဂျူးလူမျိုးတို့၏ ပွဲနေ့ဖြစ်၍ သခင်ယေရှု
သည်ဂျေရုဆလင်မြို့သို့ကြွသွားတော်မူ၏။
၂။ ဂျေရုဆလင်မြို့၌ဟေဗြဲဘာသာစကားဖြင့်ဗက်
ဇိုင်ဒါဟုခေါ်သောရေကန်တစ်ကန်သည်သိုးတံခါးအ
နား တွင်ရှိ၏။ ထိုရေကန်၌ မုခ်ငါးဆောင်ဖြင့်ရှိ၏။
၃။ ထိုမုခ်တို့၌ မသန်မစွမ်းသောသူ၊မျက်စိမမြင်သောသူ၊
ခြေမသန်သောသူနှင့်ကိုယ်လက်အင်္ဂါသေသောသူများ
စွာတို့သည် စုဝေးနေကြ၏။
၄။ အကြောင်းမူကား ထာဝရဘုရား၏ကောင်းကင်တမန်
သည် အခါအားလျော်စွာ ရေကန်သို့ဆင်းသက်၍ရေ
ပြင်ကိုလှုပ်ရှားလေ့ရှိ၏။ ထိုသို့ ရေလှုပ်ရှားပြီးချိန်၌
ရေကန်ထဲသို့ ပထမဦးဆုံးဆင်းသောသူသည် မိမိ၌
စွဲကပ်သမျှသော အနာရောဂါများ ပျောက်ကင်းရခြင်း
၅။ ကျေးဇူးကိုခံစားရ၏။ ထိုနေရာ၌သုံးဆယ်ရှစ်နှစ်ပတ်
လုံးအနာရောဂါစွဲကပ်နေသောလူတစ်ဦးရှိ၏။
၆။ ယေရှုသည် ထိုသူကိုမြင်တော်မူ၍ သူသည်ထိုနေရာ
၌ကြာမြင့်စွာ လဲလျောင်း နေရကြောင်းကို သိတော်မူ
သဖြင့် သင်သည် ရောဂါဝေဒနာ ပျောက်ကင်းလို သ
၇။ လောဟု သူ့အားမေးမြန်းတော်မူ၏။ရောဂါစွဲနေသော
သူကလည်းသခင်၊ ရေလှုပ်ရှားသောအခါ ကျွန်တော့်
ကိုရေကန်ထဲသို့ချပေးမည့်သူမရှိပါ။ ကျွန်တော်ဆင်း
မည်ပြုစဉ်တွင် အခြားသူတစ်ယောက်သည်ကျွန်တော့်
ရှေ့မှာဆင်း သွားပါသည်ဟု လျှောက်လေ၏။
၈။ သခင်ယေရှုကလည်း ထလော့၊ သင့်အိပ်ရာကို ယူ၍
၉။ လျှောက်လှမ်းသွားလော့ဟု မိန့်တော်၏။ ထိုသူသည်
ချက်ခြင်းပင် အကောင်း ပကတိဖြစ်၍ မိမိအိပ်ရာကို
သယ်ဆောင်လျက်လမ်းလျှောက်သွားလေ၏။
၁၀။ ထိုနေ့သည်ကားဥပုသ်နေ့ဖြစ်၏။ထို့ကြောင့် ဂျူးလူ
မျိုးတို့က သင့်အိပ်ရာကိုသင် မသယ်ဆောင်အပ်ဟု
အနာရောဂါပျောက်ကင်းသွားသူအားဆိုကြ၏၊
၁၁။ သူကလည်း ကျွန်တော့်ကို ရောဂါ ပျောက်ကင်းစေ
သောသူက သင့်အိပ်ရာကို ယူ၍ လျှောက်လှမ်း သွား
၁၂။ လော့ဟုမိန့်မှာကြောင်း ပြန်ပြောလေ၏။ ဂျူးများက
လည်းသင့်အိပ်ရာကိုယူ၍လျှောက်လှမ်းသွားလော့ဟု
သင့်အားပြောသောသူကား မည်သူနည်းဟုမေး
၁၃။ မြန်းကြ၏။ ရောဂါ ပျောက်ကင်းသော သူကလည်း
ထိုသူသည် မည်သူဖြစ်သည်ကိုကျွန်တော်မသိ၊ အ
ကြောင်းမူကားထိုအရပ်၌ လူများစွာ စုဝေးလျက်
ရှိသည်ဖြစ်၍သခင် ယေရှုသည် မထင်မရှားထွက်ခွါ
သွားသောကြောင့်တည်း။
၁၄။ ထို့နောက်ယေရှုသည်ဗိမ္မာန်တော်၌ သူ့ကိုတွေ့တော်
မူသောအခါကြည့်လော့၊ယခုသင်သည်ကျန်းမာလျက်
ရှိပြီ၊ သာ၍ဆိုးသော ဘေးဒုက္ခနှင့် မကြုံတွေ့စေရန်
နောက်တစ်ဖန်အပြစ်မပြုလေနှင့်ဟု သူ့အား မိန့်တော်
၁၅။ မူ၏။ ထိုသူသည် သွား၍မိမိကိုကျန်းမာစေသောသူ
သည်ယေရှုဖြစ်ကြောင်းကို ဂျူးလူမျိုးများအား ပြော
၁၆။ လေ၏။ကိုယ်တော်သည်ဤအမှုကိုဥပုသ်နေ့၌ပြုတော်
မူသောကြောင့်ဂျူးများသည် ယေရှုကိုရန်ရှာကြ၏။
၁၇။ ယေရှုကလည်း ယခုတိုင်အောင် ငါ့ခမည်းတော်ပြုမူ
တော်မူသည့်အတိုင်း ငါလည်းပြုလုပ်၏ဟုသူတို့အား
၁၈။ ပြန်ပြောတော်မူ၏။ ထို့ကြောင့် ဂျူးလူမျိုးတို့သည်
ကိုယ်တော့်ကို သတ်ဖြတ်ရန် ပိုမို ကြိုးစားကြ၏။
အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်ဥပုသ်နေ့ကို
ဖောက်ဖျက်သည်သာမကဘုရားသခင်ကိုမိမိအဘဟု
ခေါ်လျက် မိမိကိုယ်တိုင်ကိုလည်း ဘုရားသခင်နှင့်
တန်းတူနှိုင်းယှဉ်တော်မူသောကြောင့်ဖြစ်၏။

[၁၂](၄း၅၄) ဒုတိယနိမိတ်လက္ခဏာဟုဆိုခြင်းမှာ ဂါလိလေနယ်ကာနာမြို့၌ပထမ တန်ခိုးလက္ခဏာပြခဲ့ပြီးသောကြောင့်တည်း။

## သားတော်၏အခွင့်အာဏာ

၁၉။ **ယေရှု**ကလည်း သင်တို့အား ငါကေန်အမှန်ဆိုသည်
မှာ သားတော်သည် မိမိအလိုအလျောက် မည်သည့်
အရာကိုမျှမပြုနိုင်၊ ခမည်းတော်ပြုတော်မူသောအမှုကို
သားတော်သည် မြင်သောကြောင့် ပြု၏။ အကြောင်း
မူကား ခမည်းတော်ပြုတော်မူသမျှကို သားတော်သည်
၂၀။ လည်းပြု၏။ အကြောင်းမူကားခမည်းတော်သည်သား
တော် ကိုချစ်တော်မူသောကြောင့်မိမိကိုယ်တော်တိုင်
ပြုတော် မူသမျှကို သားတော်အားပြတော်မူ၏။ ဤ
ထက်မက ကြီးကျယ်သော အမှုအရာတို့ကိုပင် သား
တော်အားပြတော်မူမည်ဖြစ်၍သင်တို့အံ့သြရပေမည်။
၂၁။ အကြောင်းမူကားခမည်းတော်သည်သေသောသူတို့ကို
ထမြောက်စေတော်မူ၍ အသက်ရှင်စေတော်မူသကဲ့သို့
သားတော်သည်လည်း မိမိအလိုရှိတော်မူသောသူတို့
၂၂။ ကိုအသက်ရှင်စေတော်မူ၏။ခမည်းတော်သည်မည်သူ့
ကိုမျှ တရားစီရင်တော်မမူ၊သို့သော်တရားစီရင်ပိုင်ခွင့်
၂၃။ ရှိသမျှကိုသားတော်အားပေးတော်မူ၏[1]။ဤသို့ဖြင့်ခပ်
သိမ်းသောသူတို့သည် ခမည်းတော်ကိုရိုသေသကဲ့သို့
သားတော်ကိုလည်း ရိုသေကြမည်ဖြစ်၏။ သားတော်
ကိုမရိုသေသောသူသည် သားတော်ကို စေလွှတ်
တော်မူသော ခမည်းတော်ကိုလည်း ရိုသေလိမ့်မည်
၂၄။ မဟုတ်။သင်တို့အားငါကေန်အမှန်ဆိုသည်ကားငါ၏
စကားကိုနားထောင်လျက် ငါ့ကိုစေလွှတ်တော်မူသော
သူကိုယုံကြည်သူသည် ထာဝရအသက်ကို ရ၏။ သူ
သည် အပြစ်စီရင်ခြင်းသို့ မရောက်ရဘဲ သေခြင်းမှ
အသက်ရှင်ခြင်းသို့ ကူးပြောင်း၏။
၂၅။ သင်တို့အားငါကေန်အမှန်ဆိုသည်ကားသေလွန်သော
သူတို့သည် ဘုရားသခင် သားတော်၏အသံကိုကြား
ကြရမည့် အချိန်နာရီသည်ယခုပင် ရောက်လာပြီး
ယခုပင်ဖြစ်၏။ ကြားသောသူတို့သည်လည်းအသက်
၂၆။ ရှင်ကြလိမ့်မည်။ အကြောင်းမူကားခမည်းတော်သည်
အသက်ကို ပိုင်ဆိုင်တော်မူသကဲ့သို့ သားတော်သည်
လည်း အသက်ကို ပိုင်ဆိုင်စေခြင်းငှါ သူ့အား ပေး
၂၇။ တော်မူ၏။ သူသည် လူသားဖြစ်သောကြောင့်တရား
စီရင်ပိုင်ခွင့်ကိုလည်း သူ့အားအပ်နှင်းတော်မူ၏။
၂၈။ ဤအကြောင်းအရာကို အံ့သြခြင်း မရှိကြနှင့်။ အ
ကြောင်းမူကား သင်္ချိုင်းတွင်းမှာ ရှိကြသောသူ အ
ပေါင်းတို့သည် သူ၏ အသံကို ကြားရမည့် အချိန်
၂၉။ ရောက်လာလိမ့်မည်။ ကောင်းသောအကျင့်ကိုကျင့်ကြ
သော သူတို့သည် ထမြောက်၍ အသက်ရှင်ခြင်းကို
လည်းကောင်း၊ မကောင်းမှုကို ကျင့်ကြံသော သူတို့
သည် ထမြောက်၍ အပြစ်စီရင်ခြင်းကိုလည်းကောင်း
ခံကြရ လိမ့်မည်[2]။

## ဘုရားဖြစ်ကြောင်းသက်သေခံခြင်း

၃၀။ ငါသည် ကိုယ့်အလိုအလျောက် မည်သည့်အရာကိုမျှ
မပြုနိုင်။ ငါကြားရသည့်အတိုင်း ငါတရား စီရင်၏။
ငါ၏စီရင်ခြင်းသည်လည်းဖြောင့်မှန်၏။အကြောင်းမူ
ကား ငါသည် ငါ့အလိုဆန္ဒကိုမရှာဘဲ ငါ့ကိုစေလွှတ်
တော်မူသော သူ၏အလိုတော်ကိုသာရှာ၏[3]။
၃၁။ ငါသည် ကိုယ့်အကြောင်းကို သက်သေခံလျှင် ငါ၏
၃၂။ သက်သေခံချက်သည်မမှန်။ ငါ၏အကြောင်းကိုသက်
သေခံသောအခြားသူတစ်ပါးရှိ၏။ငါ့အပေါ်သက်သေ
ခံသောသူ၏သက်သေခံချက်သည်မှန်ကန်ကြောင်းငါ
၃၃။ သိ၏။ သင်တို့သည်**ယောဟန်**ထံသို့ စေလွှတ် စုံစမ်း
ကြ၏။ သူသည် သမ္မာတရားဘက်မှ သက်သေခံ၏။
၃၄။ ငါခံယူသောသက်သေခံချက်သည် လူ၏ထံမှမဟုတ်၊
သို့သော် သင်တို့သည် ကယ်တင်ခြင်း ခံရမည့်အ
ကြောင်း ဤအရာကို သင်တို့အားငါပြော၏။
၃၅။ **ယောဟန်**သည် ထွန်းလင်း တောက်လောင်နေသော
ဆီမီးဖြစ်၏ သင်တို့မူကား သူ၏အလင်း၌ခေတ္တခဏ
၃၆။ မျှသာ မွေ့လျော်ခြင်းငှါ အလိုရှိကြ၏။ သို့သော်ငါ၏
သက်သေခံချက်သည် **ယောဟန်**၏ သက်သေခံချက်
ထက်သာ၍ ကြီးမြတ်၏။အကြောင်းမူကားပြီးမြောက်
အောင်ဆောင်ရွက်ရန် ငါ့ခမည်းတော်က ငါ့အားပေး
အပ်တော်မူသော လုပ်ဆောင်ချက်များကို ငါပြုလုပ်
ဆောင်ရွက်လျက်ရှိ၍ခမည်းတော်သည်ငါ့ကိုစေလွှတ်
တော်မူကြောင်းဤလုပ်ဆောင်ချက်များကငါ့ကိုသက်
၃၇။ သေခံကြ၏။ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်

[1] (၅း၂၂) နောက်ဆုံးသောနေ့၌ သေသူရှင်သူတို့ကို တရားစီရင်တော်မူရန်သား တော်ဘုရားကြွလာတော်မူလိမ့်မည်။

[2] (၅း၂၉)ကောင်းသောသူတို့သည်ထာဝရသုခကိုခံစားကြရန်နှင့်မကောင်းသောသူ တို့သည် အပြစ်ဒဏ်ခံရကြစေရန်အတွက် ရှင်ပြန်ထမြောက်ကြလိမ့်မည်။

[3] (၅း၃၀) ခမည်းတော်မပါဘဲ မည်သည့်အရာကိုမျှ သားတော်မပြုနိုင်။ ထို့အတူ သားတော် မပါဘဲ ခမည်းတော်လည်း မည်သည့်အရာကိုမျှမပြုနိုင်။ထိုနည်းတူစွာ ပင်မွန်မြတ်သောဝိညာဉ်တော်မပါဘဲခမည်းတော်နှင့်သားတော်တို့သည်မည်သည့် အရာကိုမျှ မပြုနိုင်ကြ။အကြောင်းမူကားပုဂ္ဂိုလ်သုံးပါးတို့သည်ခြားနားသော်လည်း တစ်လုံးတစ်ဝတည်းဖြစ်၍ ပြုမှုဆောင်ရွက်ကြရာတွင်လည်း အတူတစ်ကွဆောင် ရွက်ကြသောကြောင့်ဖြစ်၏။ (ခရိဇောစတုမ်း)

သည်လည်းငါ့ကိုသက်သေခံတော်မူ၏။သင်တို့သည်
ကိုယ်တော်၏ အသံကို တစ်ခါမျှမကြားစဖူး၊ ကိုယ်
တော်၏ပုံပန်းသဏ္ဌာန်တော်ကိုလည်း သင်တို့မမြင်ဖူး
၃၈။ ကြပေ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည်လည်း
သင်တို့၌မတည်။ အကြောင်းမူကား သင်တို့သည်
ကိုယ်တော်စေလွှတ်တော်မူသောသူကို မယုံကြည်ကြ
၃၉။ သောကြောင့်တည်း။ ကျမ်းစာများအားဖြင့် ထာဝရ
အသက်ကိုရရှိမည်ဟု သင်တို့ခံယူကြလျက်
ကျမ်းစာကိုသင်တို့လေ့လာကြ၏၊ ထိုကျမ်းစာတော်
၄၀။ သည်ပင် ငါ့ကိုသက်သေခံ၏[၄]။ သို့သော် အသက်ကို
ပိုင်ဆိုင်ခြင်းငှါငါ့ထံသို့လာရန် သင်တို့အလိုမရှိကြ။
၄၁။ လူတို့၏ချီးမွမ်းသြဘာပေးခြင်းကို ငါမခံယူလို။
၄၂။ သို့သော် ဘုရားသခင်ကိုချစ်ခင်ရှိသေခြင်းသည် သင်
၄၃။ တို့၌မရှိကြောင်းငါသိ၏။ ငါသည်ခမည်းတော်၏နာ
မတော်၌ ရောက်လာသော်လည်း သင်တို့သည်ငါ့ကို
လက်မခံကြ။အခြားတစ်ဦးသည်မိမိနာမ၌ရောက်လာ
လျှင် သင်တို့သည်ထိုသူကိုလက်ခံကြလိမ့်မည်[၅]။
၄၄။ သင်တို့သည် လူသားအချင်းချင်းထံမှ ချီးမွမ်းသြဘာ
ပေးခြင်းကိုလက်ခံလျက်ဘုရားသခင်ကသာပေးတော်
မူသော ဘုန်းဂုဏ်တော်ကိုအလိုမရှိကြလျှင်မည်ကဲ့သို့
၄၅။ ယုံကြည် နိုင်ကြမည်နည်း[၆]။ ငါသည် ခမည်းတော်
ဘုရားရှေ့တော်တွင်သင်တို့ကိုအပြစ်တင်စွပ်စွဲမည်ဟု
မထင်မှတ်ကြနှင့်။ သင်တို့ မျှော်လင့်အားကိုးသော
**မိုးဇက်**သည်သင်တို့ကို စွပ်စွဲအပြစ်တင်လိမ့်မည်ဖြစ်
၄၆။ ၏။သင်တို့သည်**မိုးဇက်**ကိုယုံကြည်လျှင်ငါ့ကိုလည်း
သင်တို့ယုံကြည်ထိုက်၏။ အကြောင်းမူကားသူသည်
၄၇။ ငါ့အကြောင်းကိုရေးထားခဲ့၏[၇]။**မိုးဇက်**၏ကျမ်းတို့ကို
သင်တို့မယုံကြည်လျှင် ငါ့စကားကို မည်သို့ယုံကြည်
ကြမည်နည်းဟု သူတို့အားမိန့်တော်မူ၏။

## အခန်းကြီး (၆)

## လူငါးထောင်ကိုကျွေးမွေးတော်မူခြင်း

(မ ၁၄း၁၃–၂၁၊ မာ ၆း၃၀–၄၄၊ လု ၉း၁၀–၁၇)

၁။ ထို့နောက်**ယေရှု**သည်**တိဘေရိယ**အိုင်ဟုအမည်တွင်
သော**ဂါလိလေ**ပင်လယ်တစ်ဘက်ကမ်းသို့ကြွတော်မူ
၂။ ၏။ ရောဂါဝေဒနာစွဲကပ်သောသူတို့အပေါ်မှာကိုယ်
တော်ပြုတော်မူသော အံ့ဖွယ် တန်ခိုးလက္ခဏာများကို
များစွာသောသူတို့သည်တွေ့မြင်ကြသဖြင့်သူတို့သည်
ကိုယ်တော်၏ နောက်တော်သို့ လိုက်ကြလေ၏။
၃။ သခင်**ယေရှု**သည်လည်းတောင်ပေါ်သို့တက်ကြွတော်
မူ၍တပည့်တော်တို့နှင့်အတူ ထိုနေရာမှာ ထိုင်တော်မူ
၄။ ၏။ထိုအချိန်သည် **ဂျူး**လူမျိုးတို့၏ ပါစကားပွဲတော်
ကျင်းပရန် နီးကပ်လာပြီဖြစ်၏။
၅။ ကိုယ်တော်သည်မော့ကြည့်တော်မူသောအခါများပြား
လှသော လူအစုအဝေးသည် အထံတော်သို့လာနေကြ
သည်ကိုမြင်တော်မူသောကြောင့်ဤသူများစားသုံးရန်
မုန့်ကို ငါတို့မည်ကဲ့သို့ ဝယ်နိုင်မည်နည်းဟု **ဖိလစ်**
၆။ အားမိန့်တော်မူ၏။ ကိုယ်တော်သည်သူ့ကိုစုံစမ်းခြင်း
ငှါ ဤသို့ မိန့်တော်မူခြင်းဖြစ်၏။ အကြောင်းမူကား
မိမိကိုယ်တိုင် မည်ကဲ့သို့ပြုတော်မူမည်ကို ကိုယ်တော်
၇။ သိတော်မူ၏။ **ဖိလစ်**ကလည်း လူတိုင်းတစ်ယောက်
လျှင်မုန့်တစ်ဖဲ့စီရနိုင်ရန်ဒေနာရီနှစ်ရာဖိုးဖြင့်ဝယ်လျှင်
လည်း လုံလောက်မည် မဟုတ်ပါဟု ကိုယ်တော်အား
၈။ ပြန်လျှောက်လေ၏။ ကိုယ်တော်၏ တပည့်တော်တစ်
ပါးဖြစ်သော**စီမုန်ပေတရု**၏အစ်ကို**အန္ဒြေးယက**
၉။ ကိုယ်တော်အားလျှောက်ထားသည်မှာ။မုယောဆန်မုန့်
ငါးလုံးနှင့်ငါးနှစ်ကောင်ရှိသောသူငယ်တစ်ယောက်
ဤနေရာမှာရှိပါ၏။သို့သော်ဤမျှများပြားသောလူအ
စု အဝေးအတွက်မပြောပလောက်ပါဟု ဆို၏။
၁၀။ **ယေရှု**ကလည်းလူများကိုထိုင်ပါစေဟုမိန့်တော်မူ၏။
ထိုနေရာ၌ မြက်ခင်းများရှိ၏။ ငါးထောင်ခန့်ရှိသော
၁၁။ လူတို့သည်လည်းထိုင်ကြကုန်၏။**ယေရှု**သည်မုန့်
များကိုယူတော်မူ၍ကျေးဇူးတော်ကိုချီးမွမ်းတော်မူပြီးမှ
ထိုင်နေကြသောလူတို့အားဝေငှတော်မူ၏။ထိုနည်းတူ
ငါးကိုလည်းသူတို့အလိုရှိသလောက် ဝေငှတော်မူ၏။
၁၂။ သူတို့စားကြပြီးသောအခါ ကိုယ်တော်သည် တပည့်
တော်တို့အား ကြွင်းကျန်သော အကျိုးအပဲ့များကို

---

[၄] (၅း၃၉) သင်တို့သည် ကျမ်းစာကိုစေ့စေ့ဖတ်ရှုကြ၏။

သခင်ယေရှုသည် ကျမ်းစာတော်ဖတ်ရှုခြင်းကို တားမြစ်တော်မမူ၊ သမ္မာကျမ်းစာဟူသမျှတို့သည် မက်ဆိယသခင်ကို သက်သေခံ၍ ထိုသခင်အားဖြင့်သာလျှင် ထာဝရအသက်ရနိုင်သည့်အကြောင်းကိုဖါရိရှဲတို့သည် ကျမ်းစာကိုဖတခြင်းအားဖြင့်သိကြသော်လည်းမက်ဆိယဖြစ်သောသခင်ယေရှုကိုလက်ခံခြင်းငှါ အလိုမရှိကြသောကြောင့် ကိုယ်တော်သည် သူတို့ကို အပြစ်တင်တော်မူ၏။ (ခရိဇော်စတုမ်း)

[၅] (၅း၄၃) အခြားသောသူတစ်ဦးသည် အတုအယောင် ပရောဖက်အဖြစ်ဖြင့် သင်တို့ ထံသို့လာလျှင်မူကား ထိုသူ့ကိုသင်တို့လက်ခံကြလိမ့်မည်။

[၆] (၅း၄၄) သင်တို့သည် အချည်းနှီးသောကျော်စောမှုကိုတပ်မက်သောစိတ်ရှိကြသောကြောင့် သင်တို့၌ ယုံကြည်ခြင်းအမြစ်မစွဲနိုင်။

[၇] (၅း၄၆) ကမ္ဘာဦးကျမ်း ၃း၁၅၊ ကမ္ဘာဦးကျမ်း ၂၂း၁၈၊ တရားဟောရာကျမ်း ၁၈း၁၅။

မပျောက်မပျက်စေခြင်းငှါ ကောက်သိမ်း ကြလော့ဟု
၁၃။ မိန့်တော်မူ၏။ထို့ကြောင့်သူတို့စားကြပြီးသည့်နောက်
မုယောဆန်၊ မုန့်ငါးလုံးမှ စားကြွင်းစားကျန်များကို
ကောက်သိမ်းကြရာတောင်းတစ်ဆယ့်နှစ်လုံးအပြည့်ရ
၁၄။ ကြ၏။ လူများသည်ကိုယ်တော်ပြုတော်မူသော တန်
ခိုးလက္ခဏာကိုမြင်ကြလျှင်ဤသူသည်ကား ဤလော
ကသို့ကြွလာမည့်ပရောဖက်ကေန်မုချဖြစ်၏ ဟုဆို
၁၅။ ကြ၏။[၁] ထိုသူတို့သည်မိမိအားအတင်းအဓမ္မဘု
ရင်အရာ၌တင်မြှောက်ရန် လာကြမည်ကိုသိ
တော်မူသောကြောင့်ကိုယ်တော်သည် တစ်ပါး
တည်း တောင်ပေါ်သို့ ရှောင်တိမ်းသွားတော်မူ
၏။

## ရေပေါ်တွင်လမ်းလျှောက်တော်မူခြင်း

(မ ၁၄း၂၂–၃၃၊မာ ၆း၄၅–၅၂)

၁၆။ ညနေစောင်းအချိန်ရောက်သောအခါ တပည့်တော်
၁၇။ တို့သည်ဂါလိလေအိုင်သို့ဆင်းကြ၍။ သင်္ဘောပေါ်
သို့တက်ကြပြီးမှအိုင်တစ်ဖက်ကမ်းရှိ **ကာဖါနာအုမ်**
မြို့သို့လာကြ၏။ အချိန်လင့်၍မှောင်လာပြီဖြစ်သော်
လည်း **ယေရှူး** သည်သူတို့ထံသို့ရောက်လာတော်မမူ
၁၈။ သေးပေ။ လေပြင်းထန်စွာတိုက်ခတ်နေသောကြောင့်
၁၉။ အိုင်၌လှိုင်းတန်ပိုးထလျက်ရှိလေ၏။ သူတို့သည်ခရီး
သုံးမိုင်လေးမိုင်ခန့် လှော်ခတ်လာကြပြီးသော် ရေပေါ်
မှာလှမ်းလျှောက်လျက်သင်္ဘောအနီးသို့ချဉ်း ကပ်လာ
သော **ယေရှူး** ကို မြင်ကြသဖြင့် ကြောက်ရွံ့တုန်လှုပ်
၂၀။ ကြ၏[၂]။ သို့သော်ကိုယ်တော်က မကြောက်ကြနှင့်
၂၁။ ငါဖြစ်၏ဟု သူတို့အားမိန့်တော်မူ၏။သူတို့သည်
လည်းသင်္ဘောပေါ်သို့ ကိုယ်တော်ကို ဝမ်းမြောက်ဝမ်း
သာပင့်ဖိတ်လိုကြ၏။တစ်ခဏခြင်းတွင်သင်္ဘောသည်
သူတို့သွားကြမည့်အရပ်သို့ဆိုက်ရောက်လေ၏။

## ကောင်းကင်မှမုန့်တော်

၂၂။ နောက်တစ်နေ့၌ အိုင်တစ်ဖက်ကမ်းတွင်ကျန်ရစ်
ခဲ့ကြသောလူအစုအဝေးတို့သည် ထိုနေရာ၌ လှေတစ်
စီးသာရှိကြောင်းနှင့် **ယေရှူး**သည်လှေပေါ်မှာ
လိုက်ပါသွားခြင်းမရှိဘဲတပည့်တော်များသာထွက်ခွါ
၂၃။ သွားကြကြောင်းကို သိမြင်ကြ၏။ သို့သော်လည်း
**တိဗေရိယ**မြို့မှ လှေများသည် သခင်ဘုရားကျေးဇူး
တော် ချီးမွမ်းလျက် ဖဲ့ဝေသောမုန့်ကို သူတို့စားခဲ့ကြ
သောနေရာအနီးသို့ ဆိုက်ရောက်လာကြ၏။
၂၄။ သခင်**ယေရှူး**နှင့် တပည့်တော်များ ထိုအရပ်၌ မရှိ
ကြောင်းကို သိမြင်ကြသောအခါ သူတို့သည်လှေ
များပေါ်သို့တက်ကြပြီးသခင်**ယေရှူး**ကိုရှာရန်အတွက်
၂၅။ **ကာဖါနာအုမ်**မြို့သို့ သွားကြ၏။ အိုင်တစ်ဖက်ကမ်း
၌ **ယေရှူး** ကိုတွေ့မြင်ကြလျှင် **ရာဘိ**မည်သည့်အချိန်
ကဤအရပ်သို့ရောက်လာပါသနည်းဟု ကိုယ်တော်
အား မေးကြ၏။
၂၆။ သခင်**ယေရှူး**ကလည်း သင်တို့အား ငါအမှန်ဆိုသည်
ကား သင်တို့သည်တန်ခိုးလက္ခဏာကိုမြင်ကြရသော
ကြောင့်မဟုတ်၊မုန့်ကိုဝအောင်စားကြရသောကြောင့်
၂၇။ သာ သင်တို့သည် ငါ့ကိုရှာကြ၏။ပျက်စီးတတ်သော
အစာအတွက်မကြိုးစားကြနှင့်။ထာဝရအသက်၌တည်
စေခြင်းငှါ လူသားသည် သင်တို့အား ပေးမည့်အစာ
အတွက်ကြိုးစားအားထုတ်ကြလော့။အကြောင်းမူကား
သူ၏အပေါ်မှာ ခမည်းတော် ဘုရားသည် မိမိတံဆိပ်
တော်ကိုခပ် နှိပ်တော်မူသည်ဟု မိန့်တော်မူ၏။
၂၈။ သူတို့ကလည်းဘုရားသခင်၏အမှုတော်တို့ကိုဆောင်
ရွက်နိုင်ရန်ကျွန်ုပ်တို့သည်မည်သို့လိုက်ကျင့်ရပါမည်
နည်းဟုကိုယ်တော်အားမေးလျှောက်ကြ၏။
၂၉။ သခင်**ယေရှူး**ကလည်းထာဝရဘုရား နှစ်သက်တော်မူ
သောအမှုအရာသည်ကားကိုယ်တော်ရှင်စေလွှတ်တော်
မူသောသူကိုသင်တို့ယုံကြည်မည့်အကြောင်းတည်းဟု
၃၀။ သူတို့အားပြန်ဖြေတော်မူ၏။ထိုသူတို့ကလည်းကျွန်ုပ်
တို့ မြင်၍ ကိုယ်တော့်ကို ယုံကြည်နိုင်ရန်ကိုယ်တော်
သည် မည့်သည့် တန်ခိုးလက္ခဏာကိုပြပါမည်နည်း။
၃၁။ မည်သည့်အမှုကို ပြုပါမည်နည်း။ ဘုရားသခင်သည်
သူတို့စားရန် ကောင်းကင်မှ မုန့်ကိုပေးတော်မူ၏ဟု
ကျမ်းစာ၌ ရေးထားသည်နှင့်အညီ ကျွန်ုပ်တို့ဘိုးဘေး
များသည် တောကန္တာရ၌ မန္နာမုန့်ကိုစားခဲ့ကြရ၏ဟု
ကိုယ်တော်အားပြန်လျှောက်ကြ၏[၃]။
၃၂။ သခင်**ယေရှူး**ကသင်တို့အား ငါဧကန် အမှန်ဆိုသည်

[၁] (၆း၁၄)တရားဟောရာကျမ်း၁၈း၁၅တွင်ပရောဖက်ဟူ၍မိုးဇက်ရည်ညွှန်းရေး
သားထားသောသူကားယေရှူးပင်ဖြစ်၏။

[၂] (၆း၁၉) သူတို့သည် တစ္ဆေထင်မှတ်သောကြောင့်ကြောက်ရွံ့ခြင်းဖြစ်၏။

[၃] (၆း၃၁) ကိုယ်တော်ပေးလတ္တံ့သောမုန့်သည် တောကန္တာရ၌ဘိုးဘေးများအတွက်
ကောင်းကင်မှ ချပေးသောမန္နာမုန့်ထက်ပို၍ ကြီးမြတ်ပါသလောဟု မေးခြင်းဖြစ်
၏။

ကား ကောင်းကင်မှမုန့်ကို သင်တို့အားပေးခဲ့သောသူ
သည်**မိုးဇက်**မဟုတ်၊ကောင်းကင်မှမုန့်အစစ်အမှန်ကို
ငါ၏ ခမည်းတော်သည် သင်တို့အား ပေးတော်မူ၏။
၃၃။ အကြောင်းမူကားကောင်းကင်မှဆင်းလာ၍ဤလော
ကကို အသက်ပေးသောမုန့်သည် ဘုရားသခင်၏မုန့်
၃၄။ တော်ဖြစ်၏ဟု သူတို့အား မိန့်တော်မူ၏။ သူတို့က
လည်း သခင်၊ သို့ဖြစ်လျှင် ဤမုန့်ကို ကျွန်ုပ်တို့အား
အစဉ်မပြတ်ပေးတော်မူပါဟုကိုယ်တော်အားလျှောက်
၃၅။ ကြ၏။သခင်**ယေရှု**ကလည်း သူတို့အား မိန့်တော်မူ
သည်ကားငါသည်အသက်၏မုန့်ဖြစ်၏။ငါ့ထံသို့လာ
သောသူသည်ဆာမွတ်ခြင်းမရှိရာ။ငါ၌ယုံကြည်သော
သူသည်လည်း မည်သည့်အခါမျှ ရေငတ်လိမ့်မည်
၃၆။ မဟုတ်[၄]။ သို့သော်လည်း သင်တို့သည် ငါ့ကိုမြင်ကြ
လျက် မယုံကြဟု သင်တို့အား ငါဆိုခဲ့ပြီ။
၃၇။ ငါ့အား ခမည်းတော်ပေးသမျှ အားလုံးသည် ငါ့ထံသို့
လာလိမ့်မည်။ ငါ့ထံသို့လာသောသူကိုလည်းငါသည်
အပြင်သို့ နှင်ထုတ်လိမ့်မည်မဟုတ်။
၃၈။ အကြောင်းမူကားငါ၏အလိုကိုဆောင်ရွက်ရန်မဟုတ်၊
ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်
ရွက်ရန် ငါသည် ကောင်းကင်မှဆင်းလာ၏။
၃၉။ ငါ့ကို စေလွှတ်တော်မူသော ငါ့ခမည်းတော်၏ အလို
တော်သည်ကား ငါ့အား ကိုယ်တော် ပေးထားတော်မူ
သောအရာတစ်စုံတစ်ခုမျှ မဆုံးရှုံးစေရဘဲ နောက်ဆုံး
သောနေ့ရက်၌ ထမြောက်စေခြင်းငှါ ဖြစ်သတည်း။
၄၀။ အကြောင်းမူကား ငါ့ခမည်းတော်၏ အလိုတော်သည်
ကား သားတော်ကို ဖူးမြင်၍ သူ့ကိုယုံကြည်သောသူ
တိုင်းသည် ထာဝရအသက်ကိုရစေမည့်အကြောင်းဖြစ်
သတည်း။ ငါသည်လည်း ထိုသူကို နောက်ဆုံးသော
၄၁။ နေ့၌ ထမြောက်စေမည်ဟုမိန့်တော်မူ၏။ ကိုယ်တော်
ကငါသည်ကောင်းကင်မှဆင်းသက်လာသောမုန့်ဖြစ်
၏ဟု မိန့်တော်မူသောကြောင့် **ဂျူး**လူမျိုးတို့သည်
ကိုယ်တော်အပေါ်ဝေဖန်ပြောဆိုကြ၏။
၄၂။ သူတို့ကလည်း ဤသူသည် **ဂျိုးဇက်**၏သား **ယေရှု**
မဟုတ်လော။ သူ၏မိဘများကို ငါတို့ သိကြသည်
မဟုတ်လော့၊သို့ဖြစ်လျှင် ငါသည်ကောင်းကင်မှဆင်း
သက်လာသည်ဟုသူမည်သို့ဆိုနိုင်သနည်းဟုဆိုကြ
၄၃။ ၏။**ယေရှု**ကလည်း သင်တို့အချင်းချင်းမဝေဖန်ကြ
၄၄။ နှင့်။ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်ကခေါ်ယူ
သောသူမှတစ်ပါး မည်သည့်မျှ ငါ့ထံသို့ မလာနိုင်။
ငါသည်ထိုသူကိုနောက်ဆုံးသောနေ့တွင်ထမြောက်စေ
၄၅။ မည်။ ပရောဖက်ကျမ်းများတွင်ရေးထားလျက်ရှိသည်
ကား ထိုသူအပေါင်းတို့သည်ဘုရားသခင်၏သွန်သင်
ခြင်းကိုခံကြရလိမ့်မည်။ခမည်းတော်ထံမှကြား၍သွန်
သင်ခြင်းခံရသောသူတိုင်းသည် ငါ့ထံသို့လာလိမ့်
၄၆။ မည်။ဘုရားသခင်ထံမှကြွလာသောသူမှတစ်ပါးမည်
၄၇။ သူမျှခမည်းတော်ကိုမြင်ဖူးသည်မဟုတ်။ သူသာလျှင်
ခမည်းတော်ကိုမြင်ဖူး၏ သင်တို့အား ငါဧကန် အ
မှန် ဆိုသည်ကား ငါ့ကို ယုံကြည်သော သူသည်
၄၈။ ထာဝရအသက်ကိုရ၏။ ငါသည်အသက်၏မုန့် ဖြစ်
၄၉။ ၏။ သင်တို့၏ဘိုးဘေးများသည် တောကန္တာရ၌
၅၀။ မန္နာမုန့်ကို စားကြရလျက် သေဆုံးခဲ့ကြ၏။ဤသည်
ကားကောင်းကင်မှဆင်းလာသောမုန့်ဖြစ်၏။ဤမုန့်
ကို စားသောသူသည် သေခြင်းမှ ကင်းဝေးလိမ့်မည်။
၅၁။ ငါသည် ကောင်းကင်မှဆင်းသက်လာသည့်အသက်ရှိ
သောမုန့်ဖြစ်၏။ ဤမုန့်ကိုစားသော သူသည်အစဉ်
ထာဝရအသက်ရှင်လိမ့်မည်။ဤလောက၏အသက်အ
ဖို့ငါပေးမည်ဖြစ်သောမုန့်သည်ငါ၏အသားပေတည်း
ဟု မိန့်တော်မူ၏[၅]။
၅၂။ ထိုအခါ **ဂျူး**လူမျိုးတို့က ဤသူသည် မိမိအသားကို
ငါတို့စားရန် မည်ကဲ့သို့ ပေးနိုင်မည်နည်းဟုအချင်း
၅၃။ ချင်း ငြင်းခုံကြ၏။ **ယေရှု**ကလည်း သူတို့အား မိန့်
တော်မူသည်မှာ သင်တို့အား ငါအမှန်ဆိုသည်ကား
လူသား၏အသားကို သင်တို့မစား၊ သူ၏အသွေးကို
သင်တို့မသောက်ကြလျှင် သင်တို့၌ အသက်မတည်
၅၄။ နိုင်ရာ။ငါ၏အသားကိုစား၍ ငါ၏အသွေးကိုသောက်
သောသူသည်ထာဝရအသက်ကိုရ၏။ ငါသည် သူ့ကို
နောက်ဆုံးသောနေ့၌ ရှင်းပြန်ထမြောက်စေမည်[၆]။
၅၅။ အကြောင်းမူကား ငါ၏အသားသည် စားစရာအမှန်
၅၆။ ဖြစ်၏။ ငါ၏သွေးသည်လည်းသောက်စရာ အမှန်
ဖြစ်၏ ငါ၏ အသားကိုစား၍ အသွေးကို သောက်

---

[၄] (ဖ း၃၅) မုန့်၏သဘောသဘာဝသည် အင်အားဖြည့်တင်းပေးသကဲ့သို့ကိုယ်တော်၏အသွေးတော်အသားတော်ကိုပင့်ယူခြင်းဖြင့်ဝိညာဉ်၏အသက်ကိုအင်အားဖြည့်တင်းပေးသည်။

[၅] (ဖ း၅၁) ငါသည်အသက်ရှိသောမုန့်ဖြစ်၏။

[၆] (ဖ း၅၄) သခင်ယေရှုသည် သေမင်းကို အောင်မြင်သူ၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော ပုဂ္ဂိုလ်တော်မြတ်ဖြစ်၍ ကိုယ်တော်၏အသွေးတော်အသားတော်ကို ပင့်ယူကြသောသူတို့သည်လည်း ကိုယ်တော်ကဲ့သို့ ရှင်ပြန်ထမြောက်ကြလိမ့်မည်။

သောသူသည်ငါ၌တည်နေ၏။ ငါသည်လည်း ထိုသူ
၅၇။၌တည်နေ၏။ အသက်ရှင်တော်မူသော ခမည်းတော်
သည် ငါ့ကို စေလွှတ်တော်မူသည့်အတိုင်း ငါသည်
၅၈။ခမည်းတော်အားဖြင့် အသက်ရှင်လိမ့်မည်။ ဤသည်
ကား ကောင်းကင်မှ ဆင်းသက်လာသော မုန့်ဖြစ်
သတည်း။ သင်တို့ ဘိုးဘေးများစားသုံးခဲ့ကြပြီးသည့်
မန္နာကဲ့သို့မဟုတ်။ ထိုအစာကိုသုံးဆောင်သူတို့သည်
သေဆုံးခဲ့ကြရ၏။ ဤမုန့်ကိုစားသောသူသည်အစဉ်
ထာဝရအသက်ရှင်လိမ့်မည်ဟု မိန့်တော်မူ၏။

## ထာဝရအသက်၏နုတ်ကပတ်တော်

၅၉။ဤအကြောင်းအရာများကို ကိုယ်တော်သည် **ကာဖာ**
၆၀။**နာအုမ်**မြို့ရှိ တရားဇရပ်၌ သွန်သင်တော်မူ၏။ များ
စွာသောတပည့်တော်တို့သည် ဤအကြောင်းအရာ
များကိုကြားကြလျှင် ဤစကားသည်ခက်လှပေ၏။
၆၁။မည်သူသည်နာယူနိုင်မည်နည်းဟုဆိုကြ၏။သို့သော်
ကိုယ်တော်သည်မိမိတပည့်တော်များ ဝေဖန်ပြောဆို
နေကြသည်ကို အလိုအလျောက် သိတော်မူသော
ကြောင့် သူတို့အား မိန့်တော်မူသည်ကား ဤစကား
ကြောင့် သင်တို့ စိတ်ထိခိုက်ကြသလော[၇]။
၆၂။သို့ဖြစ်လျှင်လူသားသည်မိမိရှိတော်မူခဲ့သောအရပ်သို့
တက်ကြွသွားသည်ကိုသင်တို့မြင်ကြပါကသင်တို့မည်
သို့လက်ခံနိုင်ကြမည်နည်း။ ဝိညာဉ်သည်သာလျှင်
အသက်ကိုပေး၏။ ကာယသည်မူကား မည်သို့မျှမ
၆၃။တတ်နိုင်။ သင်တို့အား ငါပြောသောစကားများသည်
၆၄။ဝိညာဉ်နှင့်အသက်ဖြစ်ကြ၏။သို့သော်လည်းသင်တို့
အလယ်တွင်မယုံကြည်သောသူအချို့ရှိ၏ဟုမိန့်တော်
မူ၏။အကြောင်းမူကားမည်သူသည်မယုံကြည်သော
သူဖြစ်၍မည်သူသည်ကိုယ်တော့်ကိုသစ္စာဖောက်လိမ့်
မည်ကို အစအဦးကတည်းကပင်**ယေရှု**သိတော်မူ၏။
၆၅။သို့ဖြစ်၍ ကိုယ်တော်က ဤအကြောင်းကြောင့်ငါ၏
ခမည်းတော်သည်အခွင့်ပေးတော်မမူလျှင်မည်သူမျှငါ့
ထံသို့ မလာနိုင်ကြောင်းသင်တို့အားငါဆိုခဲ့ပြီဟု မိန့်
၆၆။တော်မူ၏။ ထိုအချိန်မှစ၍ ကိုယ်တော်သည် များစွာ
သော တပည့်တော်တို့သည်ကိုယ်တော်နှင့်အတူသွား
လာခြင်းမရှိကြတော့ချေ။

[၇] (၆း၆၁) လူတစ်ဦးသည် မိမိ၏အသားကိုသူတစ်ပါးစားရန်အတွက်နှင့်မိမိ၏အသွေးကိုသူတစ်ပါးသောက်ရန်အတွက် ပေးသည်ဟူသောစကားသည်ယုံကြည်ရန်ခက်ခဲပေသည်။

၆၇။ထို့ကြောင့်**ယေရှု**ကတပည့်တော်တစ်ဆယ့်နှစ်ပါးတို့
အား သင်တို့သည်လည်းထွက်သွားရန်အလိုရှိကြ သ
၆၈။လောဟုမေးတော်မူလျှင်**စီမုန်ပေတရု**က၊သခင်ဘုရား
တပည့်တော်တို့သည်မည်သူ့ထံသို့သွားရပါမည်နည်း
ထာဝရအသက်နှင့်ဆိုင်သောစကားသည်ကိုယ်တော်၌
၆၉။ရှိပါ၏[၈]။ကိုယ်တော်ရှင်သည်ဘုရားသခင်ထံမှကြွလာ
သော သန့်ရှင်းသောအရှင်ဖြစ်တော်မူသည်ကိုတပည့်
တော်တို့ယုံကြည်သိမှတ်ခဲ့ပါပြီဟုပြန်လျှောက်လေ၏
၇၀။သခင်**ယေရှု**ကလည်းငါသည်တစ်ဆယ့်နှစ်ပါးတို့ကို
ရွေးချယ်တော်မူသည် မဟုတ်လော၊ သို့သော်လည်း
သင်တို့တွင်တစ်ယောက်သည်နတ်ဆိုးဖြစ်၏ဟုသူတို့
အား ပြန်ပြောတော်မူ၏။
၇၁။ကိုယ်တော်သည် **စီမုန်**၏သား **ဂျုဒအီစကာရုဒ်**ကို
အကြောင်းပြု၍ ဤသို့ မိန့်တော်မူခြင်းဖြစ်၏။ အ
ကြောင်းမူကား သူသည် တစ်ဆယ့်နှစ်ပါးတို့တွင်
တစ်ဦးအပါအဝင်ဖြစ်၍ ကိုယ်တော့်ကို အပ်နှံမည့်သူ
ဖြစ်၏။

## အခန်းကြီး(၇)
## သခင်ယေရှုနှင့်ညီတော်များ

၁။ ထို့နောက် သခင်**ယေရှု**သည် **ဂါလိလေ**နယ်တွင်
လှည့်လည်သွားလာတော်မူ၏။ **ဂျူး**လူမျိုးတို့သည်
ကိုယ်တော်ကို သတ်ရန် ရှာဖွေနေကြသဖြင့် **ဂျုဒေယ**
နယ်တွင်သွားလာခြင်းငှါအလိုတော်မရှိချေ။
၂။ **ဂျူး**လူမျိုးတို့၏တဲတော်ပွဲသည်နီးကပ်၍လာ၏။
၃။ သို့ဖြစ်၍ညီတော်များက ကိုယ်တော်အား သင်ပြုသမျှ
အရာတို့ကို သင်၏နောက်လိုက် တပည့်များမြင်တွေ့
နိုင်ကြရန် ဤအရပ်မှ ထွက်ခွာ၍ **ဂျုဒေယ**နယ်သို့
သွားလော့[၁]။
၄။ ထင်ပေါ် ကျော်ကြားလိုသူသည် မည်သည့်အမှုကိုမျှ
လျှို့ဝှက်စွာ ပြုလေ့မရှိ၊ ကိုယ်တော်သည်ဤအမှုအရာ
များကို ပြုလုပ်ပါလျှင် ကိုယ်တော်၏ အကြောင်းကို
ကမ္ဘာသိအောင်ဖော်ပြပါလော့ဟုဆိုကြ၏။
၅။ အကြောင်းမူကားကိုယ်တော်၏ ညီတော်များသည်ပင်

[၈] (၆း၆၈) သခင်ယေရှုသည် နောက်လိုက်တပည့်များအားလွတ်လက်စွာဆုံးဖြတ်ခွင့်ကိုပေးတော်မူ၏။ မိမိ၏သွန်သင်ချက်များကို အတင်းအကြပ်လိုက်နာရန်မည်သူ့ကိုမျှ စေခိုင်းတော်မမူပေ။

[၁] (၇း၃)ညီတော်များဟု ဆိုရာ၌ကိုယ်တော်၏ဝမ်းကွဲတော်များကိုရည်ညွှန်းသည်။

လျှင်ကိုယ်တော် ကိုမယုံကြည်ကြ။
၆။ သခင်**ယေရှု**ကငါ၏အချိန်မကျရောက်သေး၊ သင်တို့
၏ အချိန်သည်ကား အစဉ် ကျရောက်လျှက်ရှိ၏။
၇။ လောကီသားတို့သည်သင်တို့ကိုမမုန်းနိုင်ငါ့ကိုမူကား
မုန်းကြ၏။ အကြောင်းမှာ သူတို့၏ ဆိုးညစ်သော
အကျင့်ကိုငါထုတ်ဖော်ပြောဆိုသောကြောင့်ဖြစ်၏။
၈။ ထိုပွဲတော်သို့သင်တို့သွားကြလော့၊ငါမူကားငါ့အချိန်
မကျရောက်သေးသဖြင့် ထိုပွဲတော်သို့ သွားလိမ့်မည်
၉။ မဟုတ်ဟုပြန်၍မိန့်တော်မူ၏[၂]။ ထိုသို့ မိန့်တော်မူပြီး
နောက်ကိုယ်တော်သည် **ဂါလိလေ**နယ်တွင်ဆက်
လက်၍သတင်းသုံးတော်မူ၏

## တဲတော်ပွဲသို့ကိုယ်တော်ကြွတော်မူခြင်း

၁၀။ သို့သော်ထိုပွဲတော်သို့ကိုယ်တော်၏ညီတော်များထွက်
ခွာ သွားကြပြီးနောက် သခင်**ယေရှု**သည်လည်း
ထိုပွဲ တော်သို့ မထင်မရှား ကြွသွားတော်မူ၏။
၁၁။ **ဂျူး**လူမျိုးတို့သည် ပွဲတော်တွင် ကိုယ်တော်ကိုရှာကြ
လျက်ထိုသူကား အဘယ်မှာနည်းဟုမေးကြ၏။
၁၂။ ကိုယ်တော်နှင့်ပတ်သက်၍ လူအစုအဝေးသည်များစွာ
တီးတိုးပြောဆိုလျက်နေကြကုန်၏။ လူအချို့တို့ကဤ
သူသည် ကောင်းမြတ်သောသူတစ်ဦးဖြစ်သည်ဟု ဆို
ကြ၏။အချို့ကမူဤသူသည် ကောင်းမြတ်သူမဟုတ်၊
လူတို့အားလမ်းမှားသို့ရောက်စေသောသူဖြစ်၏ဟုဆို
၁၃။ ကြ၏။သို့ရာတွင် **ဂျူး**အာဏာပိုင်များကိုကြောက်
သောကြောင့်ကိုယ်တော်၏အကြောင်းကိုရဲဝံ့စွာမပြော
၁၄။ ကြချေ။ ပွဲတော်ရက်များ တစ်ဝက်ကျော်လွန်သော
အခါ သခင်**ယေရှု**သည် ဗိမ္မာန်တော်သို့ ကြွ၍ ဟော
၁၅။ ပြောသွန်သင်တော်မူ၏[၃]။**ဂျူး**လူမျိုးတို့သည် လွန်စွာ
အံ့သြကြလျက်ဤသူသည်ပညာမသင်ယူဘဲဤပညာ
များကိုမည်ကဲ့သို့တတ်ကျွမ်းလေသနည်းဟုဆိုကြ၏။
၁၆။ သခင်**ယေရှု**ကပြန်၍ မိန့်တော်မူသည်ကား ငါဟော
ပြောသော ဒေသနာသည်ငါ၏ဒေသနာမဟုတ်၊ငါ့ကို
စေလွှတ်တော်မူသောသူ၏ဒေသနာတော်ဖြစ်၏။
၁၇။ ဘုရားသခင်၏ အလိုတော်ကို လိုက်နာဆောင်ရွက်
သောသူမည်သည်ကားဤဒေသနာသည်ဘုရားသခင်
ထံမှလာသလော၊ သို့မဟုတ် ငါသည် ကိုယ့်ဆန္ဒအ
လျော်က ဟောပြောသလောဟူ၍ ခွဲခြားသိနိုင်လိမ့်
၁၈။ မည်။ မိမိ အလိုဆန္ဒအလျော်က ဟောပြောသောသူ
သည် မိမိ၏ဂုဏ်အသရေထင်ပေါ်ကျော်ကြားခြင်းကို
ရှာဖွေသူဖြစ်၏။
၁၉။ **မိုးဇက်**သည် ပညတ်တရားကျမ်းကို သင်တို့အားပေး
ခဲ့သည်မဟုတ်လော၊သို့သော်သင်တို့တွင်မည်သူတစ်
ဦးတစ်ယောက်မျှ ထိုပညတ်တရားကိုမလိုက်ကျင့်ကြ၊
သင်တို့သည်အဘယ်ကြောင့်ငါ့အားသတ်ရန်ကြံစည်
၂၀။ ကြသနည်း[၄]။ လူအစုအဝေးက သင်၌ နတ်ဆိုးရှိ၏။
မည်သူသည် သင့်ကို သတ်အံ့သောငှါကြိုးစားရှာကြံ
လျက်နေပါသနည်းဟု မေးကြ၏။
၂၁။ **ယေရှု**က ငါသည် အမှုတစ်ခုကို ပြုခဲ့သောကြောင့်
သင်တို့အားလုံးသည် အံ့သြခဲ့ကြ၏[၅]။
၂၂။ **မိုးဇက်**သည်သင်တို့အားအရေဖျားလှီးခြင်းမင်္ဂလာကို
ခံယူရန် ပညတ်ခဲ့သောကြောင့် (အရေဖျားလှီးခြင်း
မင်္ဂလာသည် မိုးဇက်ထံမှလာခြင်း မဟုတ်ဘဲဘိုးဘေး
တို့ထံမှ လာခြင်းဖြစ်၏)။ သို့ဖြစ်၍ သင်တို့သည်
ဥပုသ်နေ့၌ပင် လူကိုအရေဖျားလှီးခြင်းပြုကြ၏။
၂၃။ ဤသို့ဖြစ်လျှင် မိုးဇက်၏ပညတ်တရားကို မချိုး
ဖောက်ရစေပဲ လူတစ်ဦးသည် ဥပုသ်နေ့တွင် အရေ
ဖျားလှီးခြင်းမင်္ဂလာကို ခံယူနိုင်ပါလျှင် ငါသည်ဥ
ပုသ်နေ့၌ လူတစ်ယောက်အား တစ်ကိုယ်လုံးကျန်းမာ
လာစေခဲ့ သောကြောင့် ငါ့ကိုအမျက်ဒေါသထွက်ကြ
သလော။
၂၄။ အပေါ်ယံအသွင်အပြင်ကို ကြည့်၍စီရင်ဆုံးဖြတ်ခြင်း
မပြုကြနှင့်။အမှန်တရားအတိုင်းစီရင်ဆုံးဖြတ်ကြလော့
ဟုမိန့်တော်မူ၏။

## ဤသူသည်ခရစ်တော်ဖြစ်ပါသလော

၂၅။ **ဂျေရုဆလင်**မြို့သား အချို့က ဤသူသည်ကား
သူတို့ သတ်ရန်ရှာဖွေနေကြသောသူမဟုတ်ပါလော။
၂၆။ ကြည့်လော့၊ ဤနေရာ၌ပင်သူသည် အထင်အရှား
ဟောပြော သွန်သင်လျက်နေ၏။ မည်သူမျှ သူ့အား
မတားမြစ်ပါတကား၊ ဤသူသည် ခရစ်တော်ဖြစ်

[၂] (၇း၈) ကိုယ်တော်၏အချိန်မကျရောက်သေးသဖြင့် တပည့်တော်တို့နှင့်အတူ မသွားဘဲ နောက်မှကိုယ်တော်တစ်ပါးတည်းတက်ကြွသွားတော်မူ၏။

[၃] (၇း၁၄) ဤပွဲတော်ကို ခုနစ်ရက်တိတိကျင်းပလေ့ရှိ၏။

[၄] (၇း၁၉) သူ့အသက်ကိုမသတ်နှင့်ဟု မိုးဇက်ပညတ်ထား၏ သူတို့သည်ကိုယ်တော်ကို သတ်ရန်ရှာကြံကြသဖြင့် မိုးဇက်၏တရားကို ချိုးဖေါက်ကြောင်းဖော်ပြသည်။

[၅] (၇း၂၁) သုံးဆယ့်ရှစ်နှစ်တိုင်တိုင် ရောဂါဝေဒနာခံစားရပြီးပျောက်ကင်းချမ်းသာစေခဲ့သော အံ့ဖွယ်အမှုကို ရည်ညွှန်းခြင်းဖြစ်၏။

ကြောင်းကို သူတို့သည် အမှန်ပင်သိရှိကြပြီလော။
၂၇။ သို့ရာတွင် ခရစ်တော်သခင်ကြွလာတော်မူသောအခါ
သူသည် မည်သည့်အရပ်ကဖြစ်တော်မူသည်ကို မည်
သူမျှသိကြလိမ့်မည်မဟုတ်၊ ဤသူ၏ဇာတိကိုမူကား
ငါတို့သိ၏ဟုဆိုကြ၏။
၂၈။ သခင်**ယေရှု**သည် ဗိမာန်တော်ထဲတွင်သွန်သင်လျှက်
နေတော်မူစဉ်၊ ကိုယ်တော်က သင်တို့သည် ငါ့ကိုသိ
ကြ၏။ ငါမည်သည့်အရပ်က လာသည်ကိုလည်းသိ
ကြ၏။ သို့ရာတွင် ငါသည် ကိုယ့်အခွင့်အာဏာနှင့်
လာသည် မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူ
သည်သစ္စာနှင့် ပြည့်စုံတော်မူ၏။ ထိုသူကို သင်တို့
မသိကြ[၆]။
၂၉။ သူ့ကိုငါသိ၏အကြောင်းမူကားငါသည်သူ့ထံမှလာ၍
သူသည်လည်းငါ့ကိုစေလွှတ်တော်မူ၏ဟုကြွေးကြော်
၃၀။ တော်မူ၏။ ထိုအခါသူတို့သည်ကိုယ်တော်ကိုဖမ်းဆီး
ရန် ရှာကြံကြသော်လည်း ကိုယ်တော်၏ အချိန်နာရီ
မကျသေးသဖြင့်ကိုယ်တော်ကိုမည်သူမျှမဖမ်းဆီးကြ။
၃၁။ လူထုအထဲမှများစွာသောလူတို့သည်ကိုယ်တော်ကိုယုံ
ကြည်လာကြ၏။ သူတို့က ခရစ်တော်ကြွလာတော်မူ
သောအခါ ဤသူထက်ပို၍ များပြားသော နိမိတ်
လက္ခဏာများကိုပြတော်မူလိမ့်မည်လောဟုဆိုကြ၏။

## သခင်ယေရှုကိုဖမ်းဆီးရန်အစောင့်များအားစေလွှတ်ခြင်း

၃၂။ ဤသို့ကိုယ်တော်၏အကြောင်းကိုလူတို့တီးတိုးပြော
ဆိုကြသည်ကို**ဖာရိရှဲ**တို့သည်ကြားကြလျှင်သူတို့
နှင့် ရဟန်းအကြီးအကဲတို့သည် ကိုယ်တော့်ကို ဖမ်း
ဆီးရန် ဗိမာန်တော်အစောင့်အချို့တို့ကို စေလွှတ်
လိုက်ကြ၏။
၃၃။ သခင်**ယေရှု**က ငါသည် သင်တို့နှင့်အတူခေတ္တခဏ
သာနေပြီးလျှင် ငါ့ကိုစေလွှတ်တော်မူသောသူ၏အထံ
၃၄။ တော်သို့ ငါသွားမည်။ သင်တို့သည်ငါ့ကိုရှာကြလိမ့်
မည်။ သို့သော်လည်း ငါ့ကိုသင်တို့တွေ့ကြလိမ့်မည်
မဟုတ်၊ အကြောင်းမူကား ငါရှိသောနေရာသို့သင်တို့
၃၅။ မလာနိုင်ကြဟုမိန့်တော်မူ၏။ **ဂျူး**လူမျိုးတို့အချင်း
ချင်းပြောကြသည်မှာ ငါတို့သူ့ကိုရှာ၍မတွေ့နိုင်ရ
အောင်သူသည်မည်သည့်နေရာသို့သွားရန် ရည်ရွယ်
သနည်း။ သူသည် ငါတို့လူမျိုးများနေထိုင်ရာ**ဂရိ**မြို့
များသို့သွား၍ **ဂရိ**လူမျိုးများတို့ကို ဟောပြောသွန်
သင်မည်လော။

## အသက်စမ်းရေ

၃၆။ ထို့အပြင်သူဆိုသည့်အတိုင်းသင်တို့သည်ငါ့ကိုရှာကြ
သော်လည်း တွေ့ကြလိမ့်မည်မဟုတ်၊ အကြောင်းမူ
ကား ငါရှိသော နေရာသို့သင်တို့မလာနိုင်ကြဟူ၍
သူဆိုသောစကားသည် မည်သို့ဆိုလိုသနည်း ဟုမေး
ကြ၏။
၃၇။ ပွဲတော်၏ ကြီးမြတ်သောနေ့၌ သခင် **ယေရှု**သည်
ရပ်နေတော်မူလျှက် ရေငတ်သောသူသည် ငါ့ထံသို့
၃၈။ လာ၍သောက်စေ။ ငါ့ကိုယုံကြည်သော သူတို့ငါ့ထံ
သို့ လာ၍သောက်ကြလော့။ ကျမ်းစာ၌လာသည့်အ
တိုင်းငါ့ကိုယုံကြည်သောသူ၏ နှလုံးသားမှ အသက်
စမ်းရေသည် မြစ်များကဲ့သို့ စီးဆင်းလိမ့်မည်ဟုကြွေး
ကြော်တော်မူ၏။
၃၉။ ဤအကြောင်းအရာသည်ကား သခင်**ယေရှု**သည်
ကိုယ်တော့်ကို ယုံကြည်သူတို့ ခံယူကြရမည့် ဝိညာဉ်
တော်ကို ရည်ညွှန်း၍ မိန့်ဆိုတော်မူခြင်း ဖြစ်၏။
အကြောင်းမူကားထိုအချိန်၌ သခင်**ယေရှု**သည်ဘုန်း
ဂုဏ်တော်မထင်ရှားသေးသောကြောင့် ယုံကြည်သူတို့
အား ဝိညာဉ်တော်ကိုမပေးအပ်ရသေးချေ။

## လူတို့အချင်းချင်းအယူအဆ ကွဲလွဲခြင်း

၄၀။ လူအစုအဝေးတွင်အချို့တို့သည်ဤစကားများကိုကြား
ကြလျှင် ဤသူသည် ဧကန်အမှန်ပရောဖက်ဖြစ်၏ဟု
၄၁။ ဆိုကြ၏။ အခြားသူတို့ကလည်း ဤသူသည် ခရစ်
တော်ဖြစ်သည်ဟုဆိုကြ၏။ အချို့ကမူကားခရစ်တော်
သည်**ဂါလိလေ**နယ်မှ ပေါ်ထွန်းလိမ့်မည်လော့ဟု ဆို
၄၂။ ကြ၏။ခရစ်တော်သည်**ဒေးဗစ်**မင်းကြီး၏ အမျိုးအ
နွယ်မှဆင်းသက်လာလိမ့်မည့်အကြောင်းနှင့်**ဒေးဗစ်**
မင်းကြီး နေထိုင်ခဲ့သော **ဘက်သလေဟင်**မြို့မှ ပေါ်
ထွန်းလိမ့်မည့် အကြောင်းတို့ကို ကျမ်းစာ၌ ရေးထား
သည်မဟုတ်ပါလောဟု ဆိုကြ၏။
၄၃။ ထို့ကြောင့် ကိုယ်တော်အကြောင်းနှင့်စပ်လျဉ်း၍လူအ
စုအဝေးတို့တွင် အယူအဆကွဲလွဲလျက်နေကြ၏။
၄၄။ အချို့သော သူတို့သည် ကိုယ်တော်ကို ဖမ်းဆီးရန်

---

[၆] (၇း၂၈) ငါအဘယ်ကလာသည်ကို သင်တို့သိကြ၏ဟု ဆိုရာ၌ ကိုယ်တော်၏လူ့အဖြစ်ကိုထောက်၍ အဘယ်ကဖြစ်သည်ကို သူတို့သိကြ၏။သို့သော်လူမျိုးတို့ကိုကယ်တင်ရန်ကိုယ်တော်ကိုစေလွှတ်တော်မူသောခမည်းတော်ကိုမူကားသူတို့မသိကြ။

အလိုရှိကြ၏။ သို့သော်လည်းမည်သူမျှကိုယ်တော်ကို
မဖမ်းဆီးကြ။

## ဂျူးလူမျိုးခေါင်းဆောင်များ၏ယုံကြည်ခြင်း ကင်းမဲ့မှု

၄၅။ ဗိမာန်တော်အစောင့်များသည် ရဟန်းအကြီးအကဲများ
နှင့် **ဖာရိရှေဦး**တို့ထံပြန်လာကြသောအခါ၊ ဤသူတို့
က သင်တို့သည်သူ့ကိုအဘယ်ကြောင့်ခေါ်ဆောင်၍
၄၆။ မလာကြသနည်းဟုမေးကြ၏။အစောင့်များကလည်း
ဤသူကဲ့သို့ မည်သူမျှ မဟောပြောဖူးကြပါ ဟုဆို
ကြ၏။
၄၇။ **ဖာရိရှေဦး**တို့ကလည်း သင်တို့သည်လည်း သူ၏
၄၈။ လှည့်ဖြားခြင်းကို ခံရကြပြီလော။ ငါတို့၏ခေါင်း
ဆောင်များနှင့်**ဖာရိရှေဦး**များတွင် တစ်စုတစ်ယောက်
၄၉။ သည် ထိုသူကို ယုံကြည်သလော။ ဤလူအစုအဝေး
သည် **မိုးဇက်**၏ ပညတ်တရားကို မသိသောကြောင့်
ဘုရားသခင်၏ကျိန်ဆိုခြင်းကို ခံကြရပြီတကားဟု
၅၀။ ဆိုကြ၏။**ဖာရိရှေဦး**တို့တွင်တစ်ဦးအပါအဝင်ဖြစ်၍
၅၁။ သခင်ယေရှုအထံတော်သို့ယခင်ကလာခဲ့ဖူးသော**နီကို
ဒေးမု**ကငါတို့၏ပညတ်တရားသည် လူတစ်ဦးကိုဦး
စွာကြားနာခြင်းမပြုမီသူ၏ လုပ်ရပ်များကိုလည်းစစ်
၅၂။ ဆေးခြင်းမပြုမီစီရင်ဆုံးဖြတ်လေ့ရှိသလောဟုဆို၏။
ထိုသူတို့ကသင်သည်လည်း**ဂါလိလေ**နယ်သားဖြစ်သ
လော၊ကျမ်းစာကိုလေ့လာကြည့်လျှင်**ဂါလိလေ**နယ်မှ
မည်သည့်ပရောဖက်မျှမပေါ်ထွန်းသည်ကို သင်သိရ
လိမ့်မည်ဟုဆို ကြ၏[၈]။

## အခန်းကြီး (၈)

## အိမ်ထောင်ရေးဖောက်ပြန်သောမိန်းမတစ်ဦး

၁။ လူတို့သည် မိမိတို့အိမ်သို့ အသီးသီးပြန်သွားကြ၏။
ထို့နောက် သခင်**ယေရှု**သည် **သံလွင်**တောင်ပေါ်သို့
၂။ တက်ကြွတော်မူ၏။နောက်တစ်နေ့နံနက်စောစောတွင်
ဗိမ္မာန်တော်သို့တဖန်ကြွတော်မူသောအခါလူအပေါင်း
တို့သည်အထံတော်သို့လာကြသဖြင့်ကိုယ်တော်သည်
ထိုင်တော်မူ လျှက်သူတို့ကို သွန်သင်တော်မူ၏။
၃။ အိမ်ထောင်ရေးဖောက်ပြန်နေစဉ်ဖမ်းမိသောမိန်းမတစ်
ဦးကို ကျမ်းတတ်ဆရာများနှင့် **ဖာရိရှေဦး**တို့သည်
ခေါ်ဆောင်လာ၍လူတို့အလယ်တွင်ရပ်နေစေခဲ့၏။
၄။ သူတို့ကသခင်**ယေရှု**အား ဆရာသခင်ဤမိန်းမသည်
အိမ်ထောင်ရေးဖောက်ပြန်နေစဉ် ကျွန်တော်တို့ ဖမ်း
ဆီးမိခဲ့ပါ၏။
၅။ ပညတ်တရားတွင်**မိုးဇက်**ကဤမိန်းမမျိုးကိုကျောက်
ခဲနှင့်ပေါက်သတ်ရမည်ဟုပညတ်ခဲ့၏။ယခုသင်သည်
မည်သို့မိန့်တော်မူမည်နည်းဟုလျှောက်ကြ၏။
၆။ သူတို့သည် ကိုယ်တော်ကို ပြစ်တင်နိုင်ရန် ဤသို့
စုံစမ်းလျှောက်ထားခြင်းဖြစ်၏[၁]။သို့ရာတွင်ကိုယ်တေ
ာ် သည် အောက်သို့ငုံ့လျှက်မြေပေါ်တွင် လက်ညှိုး
တော်နှင့်ရေးသားလျှက်နေတော်မူ၏။
၇။ သူတို့သည် ဆက်လက်၍ အကြိမ်ကြိမ် မေးမြန်းကြ
သောအခါ ကိုယ်တော်သည် မော်ကြည့်လျှက်သင်တို့
တွင်အပြစ်ကင်းသူသည်ဦးစွာပထမ၊သူမကိုကျောက်
ခဲနှင့်ပေါက်စေဟု မိန့်တော်မူ၏[၂]။
၈။ ထို့နောက်တဖန် အောက်သို့ငုံ့၍ လက်ညှိုးတော်ဖြင့်
မြေပေါ်တွင် ရေးသားလျှက်နေ တော်မူ၏။
၉။ ထိုသူတို့မှုကားကြားကြသောအခါအသက်ကြီးသူများ
ကအစပြု၍ တစ်ယောက်ပြီးတစ်ယောက် ထွက်သွား
သဖြင့်ရှေ့တော်၌ ရပ်နေသောမိန်းမနှင့် သခင်**ယေရှု**
တစ်ပါးတည်းသာကျန်ရစ်တော်မူ၏။
၁၀။ ကိုယ်တော်သည် မော်ကြည့်၍ အချင်းမိန်းမ၊
ထိုသူတို့ကား အဘယ်မှာနည်း။ မည်သူမျှသင့်ကို
၁၁။ အပြစ်ဒဏ် မပေးသလောဟုမေးတော်မူ၏။ ထိုအခါ
သူမက တစ်ယောက်မျှမရှိတော့ပါဟု လျှောက်ထား
၏။ သခင် **ယေရှု**ကငါသည်လည်းသင့်အား အပြစ်
ဒဏ်မစီရင်ပြီ၊ သွားလော့၊ နောက်တဖန်အပြစ်မပြုနှင့်
ဟုမိန့်တော်မူ၏၊

---

[၈] (၇:၅၂) ဂါလီလေနယ်မှ အဘယ်ပရောဖက်မျှ မပေါ်ထွန်းဟုသူတို့ဆိုရာ၌ကျမ်းစာတော်နှင့်မကိုက်ညီပေ၊ အဘယ်ကြောင့်ဆိုသော် ဒေဘိုရာနှင့်ပရောဖက်နာဟုမ်တို့သည် ဂါလီလေနယ် သူနယ်သားများဖြစ်ကြ၏။

[၁] (၈:၆) ခရစ်တော်သည် အလွန်နူးညံ့သိမ်မွေ့၍ သနားကရုဏာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ဖါရီရှဲတို့သိကြ၏။ မြောက်မထားသောမိန်းမကိုကျောက်ခဲနှင့်ပေါက်သတ်ရန် မိုးဇက်ပညတ်ခဲ့သော်လည်း ပညတ်ကို ကိုယ်တော်လိုက်မလိုက် သိမြင်လိုကြ၏။

[၂] (၈:၇) ခရစ်တော်ဤသို့မိန့်ဆိုရခြင်းမှာ သူတို့၏အပြစ်သည်ထိုမိန်းမထက်သာ၍ ကြီးလေးသဖြင့် သူမကိုမစွပ်စွဲအပ်ကြောင်းနှင့်ခရစ်တော်ဘုရားသည်လူတို့ကိုအပြစ်စီရင်ခြင်းငှါမဟုတ် ကယ်တင်အံ့သောငှါသာလျှင် ဤလောကသို့ ကြွလာတော်မူကြောင်း ထင်ရှားစေသည်။

## လောက၏အလင်းရှင်သခင်ယေရှူး

၁၂။ တဖန်သခင်**ယေရှူး**ကငါသည်လောက၏အလင်းဖြစ်
၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်တွင်
သွားလာရမည်မဟုတ်၊ သူသည်အသက်နှင့်ဆိုင်သော
အလင်းကို ရလိမ့်မည်ဟု သူတို့အားမိန့်တော်မူ၏။
၁၃။ ထိုအခါ **ဖါရိရှဲဦး**တို့က၊ သင်သည် သင့်ကိုယ်
သင်သက်သေခံနေခြင်းဖြစ်၍ သင်၏သက်သေခံချက်
သည် မှန်ကန်မှုမရှိဟု ကိုယ်တော်အားဆိုကြ၏။
၁၄။ သခင်**ယေရှူး**ကလည်း ငါသည် ကိုယ့်အကြောင်းကို
သက်သေခံသော်လည်း ငါ၏ သက်သေခံချက်သည်
မှန်ကန်၏။ အကြောင်းမူကား ငါသည် မည်သည့်
အရပ်မှလာ၍ မည်သည့်အရပ်သို့သွားမည်ကိုငါသိ၏
သင်တို့မူကားမည်သည့်အရပ်မှငါလာသည်ကိုလည်း
ကောင်း၊ မည်သည့်အရပ်သို့ ငါသွားမည်ကိုလည်း
ကောင်း မသိသောကြောင့်တည်း။
၁၅။ သင်တို့သည် လူ၏တွေးခေါ်ယူဆချက်အတိုင်း စီရင်
တတ်ကြ၏။ ငါမူကား မည်သူ့ကိုမျှမစီရင်။
၁၆။ အကယ်၍ငါစီရင်လျှင်လည်းငါ၏စီရင်ချက်သည်မှန်
ကန်၏။ အကြောင်းမူကားငါသည်တစ်ဦးတည်းစီရင်
သည်မဟုတ်။ ငါသည်ငါ့ကိုစေလွှတ်တော်မူသောသူ
နှင့်တကွစီရင်သောကြောင့်ဖြစ်၏။
၁၇။ သင်တို့၏ပညတ်ဥပဒေတွင်ရေးထားသည်ကားသက်
သေနှစ်ဦး၏ထွက်ဆိုချက်သည် မှန်ကန်၏ဟုဖော်ပြ
၁၈။ ထား၏။ ငါသည်ကိုယ့်ကိုယ်ကိုသက်သေခံ၏။ငါ့ကို
စေလွှတ်တော်မူသော ခမည်းတော်သည်လည်း ငါ့ကို
၁၉။ သက်သေခံ၏ဟုမိန့်တော်မူ၏။ထိုအခါသူတို့ကသင်
၏ခမည်းတော်သည်အဘယ်မှာရှိသနည်းဟုမေးကြ
၏။သခင်**ယေရှူး**ကသင်တို့သည်ငါ့ကိုလည်းကောင်း၊
ငါ့ခမည်းတော်ကိုလည်းကောင်း[၃]မသိကြအကယ်၍
သင်တို့သည်ငါ့ကိုသိကြပါလျှင်ငါ၏ခမည်းတော်ကို
လည်း သင်တို့သိကြလိမ့်မည်ဟု ပြန်ဖြေတော်မူ၏။
၂၀။ ။ကိုယ်တော်သည်ဤစကားများကိုဗိမာန်တော်အတွင်း
ဘဏ္ဍာတိုက်တွင် ဟောပြောသွန်သင်စဉ် မိန့်တော်
မူခြင်းဖြစ်၏။သို့ရာတွင် ကိုယ်တော်၏အချိန်မကျ
ရောက် သေးသဖြင့် ကိုယ်တော်ကို မဖမ်းဆီးကြ။

## ကိုယ်တော်သည်မိမိ၏သေခြင်းအကြောင်းကို ကြိုတင်မိန့်ကြားတော်မူခြင်း

၂၁။ တဖန် ကိုယ်တော်က ငါသည် သွားရမည်။ သင်တို့
မူကားငါ့ကို ရှာကြလိမ့်မည်။ သို့ရာတွင်သင်တို့သည်
သင်တို့၏ အပြစ်ဒုစရိုက်၌သေကြလိမ့်မည်။ ငါသွား
သောအရပ်သို့ သင်တို့သည် လာနိုင်မည် မဟုတ်ဟု
၂၂။ သူတို့အား မိန့်တော်မူ၏။ သို့ဖြစ်၍ **ဂျူး**လူမျိုးတို့
သည်အချင်း ချင်းပြောဆိုကြသည်မှာ ငါသွားသော
အရပ်သို့ သင်တို့ မလိုက်နိုင်ကြဟု သူဆိုခဲ့သော
ကြောင့် သူသည်မိမိ ကိုယ်ကိုသတ်၍သေမည်လော
ဟုဆိုကြ၏။
၂၃။ ကိုယ်တော်ကလည်း သင်တို့သည် လောကနှင့် ဆိုင်
သောအောက်အရပ်မှ လာကြ၏။ ငါမူကား ကောင်း
ကင်နှင့်ဆိုင်သော အထက်အရပ်မှ လာ၏။ သင်တို့
သည် ဤလောကနှင့် စပ်ဆိုင်သူများဖြစ်ကြ၏။ ငါမူ
ကားဤလောကနှင့်စပ်ဆိုင်သည်မဟုတ်။
၂၄။ ထို့ကြောင့်သင်တို့သည်သင်တို့၏အပြစ်၌သေကြလိမ့်
မည်ဟုငါဆို၏။ အကြောင်းမူကား ငါသည်ထိုသူဖြစ်
သည်ကို သင်တို့မယုံကြည်ကြလျှင် သင်တို့သည်
သင်တို့အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏။
၂၅။ ထိုအခါ သူတို့က သင်သည်မည်သူနည်းဟု ကိုယ်
တော်အားမေးကြ၏[၄]။သခင်**ယေရှူး**ကငါသည်မည်သူ
ဖြစ်သည်ကို အစဦးကပင်သင်တို့အား ငါပြော ခဲ့ပြီ။
၂၆။ ငါသည် သင်တို့အကြောင်းကို ပြောစရာများစွာရှိ၏။
သင်တို့အား စီရင်ဆုံးဖြတ်စရာများစွာရှိ၏။ သို့သော်
ငါ့ကိုစေလွှတ်တော်မူသောသူသည် သစ္စာသမ္မာတရား
ဖြစ်တော်မူ၏။ သူ့ထံမှငါကြားရသမျှတို့ကို လောက
သားတို့အား ငါကြေငြာဟောပြောသည်ဟု မိန့်တော်
၂၇။ မူ၏။ ကိုယ်တော်သည် ခမည်းတော်ကို ရည်ညွှန်း၍
ထိုသို့မိန့်မြွက်တော်မူကြောင်းသူတို့နားမလည်ကြ။
၂၈။ ထို့ကြောင့်ကိုယ်တော်က သူတို့အားမိန့်တော်မူသည်
ကား သင်တို့သည်လူသားကိုမြေမှ မြှောက်ထားကြ
သောအခါငါသည်ထိုသူဖြစ်ကြောင်းကိုလည်းကောင်း
[၅] ငါသည်မိမိအလိုဆန္ဒအလျှောက်မည်သည့် အမှု
ကိုမျှမပြုဘဲ ငါ့အား ခမည်းတော် သွန်သင် တော်မူ

[၃] (၈း၁၉) ခရစ်တော်သည် ဘုရားသခင်အား မိမိ၏အဘဟုအကြိမ်ကြိမ်ခေါ်တော်မူသည်ကို ဖာရိရှဲတို့ကြားသိခဲ့ကြ၏။ ဤကဲ့သို့ ဘုရားသခင်အား အဘဟုခေါ်ဆိုခြင်းသည် ဘုရားသခင်ကို ပြစ်မှားသောစကားဖြစ်သဖြင့်အပြစ်တင်စရာအကြောင်းရှိရန် ရှင်းရှင်းလင်းလင်း မြွက်စေခြင်းငှါ အလိုရှိကြ၏။

[၄] (၈း၂၅) ကိုယ်တော်သည် သူတို့အား ထင်ရှားပြတော်မူသောထာဝရနှုတ်ကပတ်တော်ဖြစ်တော်မူ၏။

[၅] (၈း၂၈) သူတို့သည် ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်ကြသည့်အခါ ကိုယ်တော်မက်ဆိယသခင်ဖြစ်ကြောင်း သူတို့ဝန်ခံကြလိမ့်မည်။

သည့်အတိုင်း ဟောပြောသွင်သင်ကြောင်းကို လည်း
၂၉။ ကောင်းသင်တို့သိကြလိမ့်မည်။ ငါ့ကိုစေလွှတ်တော်
မူသောသူသည်ငါနှင့်အတူရှိတော်မူပြီး၊ ငါ့အားတစ်
ပါးတည်းစွန့်ပစ်ထားတော်မမူ၊ အကြောင်းမူကား ငါ
သည် ကိုယ်တော်နှစ်သက်တော်မူသောအမှုကို အစဉ်
အမြဲလုပ်ဆောင်သောကြောင့်ဖြစ်၏ဟုမိန့်တော်မူ၏။
၃၀။ သခင်**ယေရှု**သည် ဤအကြောင်းအရာများကို မိန့်
တော်မူပြီးသောအခါ လူများစွာတို့သည် ကိုယ်တော်
ကိုယုံကြည်လာကြ၏။

## သမ္မာတရားသည်သင်တို့ကို လွှတ်လပ်စေလိမ့်မည်

၃၁။ ထိုအခါ သခင်**ယေရှု**သည် မိမိကိုယုံကြည်လာကြ
သော **ဂျူး**လူမျိုးတို့အား မိန့်တော်မူသည်မှာ သင်တို့
သည် ငါ၏စကားအတိုင်း လိုက်နာကြလျှင် သင်တို့
သည် ငါ၏တပည့်အမှန်ဖြစ်ကြ၏။
၃၂။ သင်တို့သည် သမ္မာတရားကိုလည်း သိကြသဖြင့်ထို
သမ္မာတရားသည်သင်တို့ကိုလွှတ်လပ်စေလိမ့်မည်ဟု
၃၃။ ဆို၏။ထိုသူတို့ကလည်းကျွန်ုပ်တို့သည်**အာဘရာ
ဟမ်**၏သားမြေးများဖြစ်ကြပါ၏။မည်သည့်အခါက
မျှသူတစ်ပါး၏ကျွန်မဖြစ်ခဲ့ဖူးပါ။သင်တို့သည် လွှတ်
လပ်မှုကိုရကြလိမ့်မည်ဟု သင်အဘယ်ကြောင့်ဆိုရပါ
သနည်းဟူ၍ **ယေရှု**ကိုပြန်ဖြေကြ၏။
၃၄။ သခင်**ယေရှု**က သူတို့အား ပြန်ပြောသည်မှာသင်တို့
အားဧကန်အမှန်ဆိုသည်ကားအပြစ်ကျူးလွန်ကြသော
သူတိုင်းသည်အပြစ်၏ကျေးကျွန်ဖြစ်၏[၆]။
၃၅။ ကျွန်အစေခံသည် အိမ်တွင်အစဉ်နေထိုင်သည်မဟုတ်
သားဖြစ်သူမူကား အစဉ်အမြဲနေထိုင်၏။
၃၆။ သို့ဖြစ်၍သားတော်သည်သင်တို့ကိုဖြေလွှတ်လျှင်သင်
တို့သည် ဧကန်အမှန်လွှတ်ကြလိမ့်မည်[၇]။
၃၇။ သင်တို့သည် **အာဘရာဟမ်**၏ သားမြေးများ ဖြစ်
ကြောင်းကိုငါသိ၏။ သို့သော်သင်တို့သည်ငါ၏
စကားတို့ကို လက်မခံနိုင်သောကြောင့် ငါ့ကိုသတ်
၃၈။ ရန်ရှာကြံကြ၏။ ငါသည်ခမည်းတော်၏မျက်မှောက်
တော်တွင် မြင်ခဲ့သောအရာကို ငါပြောဆို၏၊ သင်တို့
သည်လည်း သင်တို့အဘထံမှကြားသမျှတို့ကို ပြုကြ
၃၉။ ၏ဟုမိန့်တော်မူ၏[၈]။ သူတို့ကလည်း **အာဘရာဟမ်**
သည် ကျွန်ုပ်တို့၏အဘ ဖြစ်ပါသည်ဟုဆိုကြ၏။
သခင် **ယေရှု**ကသင်တို့သည်**အာဘရာဟမ်**၏ သား
သမီးများဖြစ်ပါမူ**အာဘရာဟမ်**ပြုသည့်အတိုင်း သင်
၄၀။ တို့ပြုကျင့် ကြလိမ့်မည်။ သို့သော်ယခုမှာမူကား
ဘုရားသခင်ထံ တော်မှ ကြားခဲ့သမျှကို သင်တို့အား
ဟောပြောသူဖြစ်သောငါ့ကိုသတ်ရန်သင်တို့ကြံစည်
နေကြ၏။**အာဘရာဟမ်**ကားဤကဲ့သို့မပြုကျင့်ခဲ့ချေ။
၄၁။ သင်တို့သည်သင်တို့၏အဖပြုသကဲ့သို့ပြုကြ၏ဟုမိန့်
တော် မူ၏။ ထိုသူတို့က ကျွန်ုပ်တို့သည် တရားမ
ဝင်ပေါင်းသင်း ဆက်ဆံခြင်းမှ မွေးဖွား လာသူများ
မဟုတ်၊ အကျွန်ုပ်တို့တွင်ဘုရားသခင်တည်း ဟူသော
အဖတစ်ပါးတည်းသာရှိ၏ဟုဆိုကြ၏။
၄၂။ သခင်**ယေရှု**ကဘုရားသခင်သည်သင်တို့၏အဖဖြစ်
လျှင်သင်တို့သည်ငါ့ကိုချစ်ကြလိမ့်မည်။အကြောင်းမူ
ကား ငါသည် ဘုရားသခင်ထံတော်မှ ဖြစ်ပေါ်လာ၍
ရောက်လာခဲ့ပြီ။ ငါသည် မိမိအလိုဆန္ဒအလျောက်
လာခဲ့သည်မဟုတ်၊ ကိုယ်တော်သည် ငါ့ကိုစေလွှတ်
တော်မူ၏။
၄၃။ ငါဟောပြောသည့် တရားကို အဘယ်ကြောင့်သင်တို့
နားမလည်ကြသနည်း။ သင်တို့သည် ငါ၏စကားကို
နားထောင်နိုင်စွမ်းမရှိသောကြောင့်ဖြစ်၏။
၄၄။ သင်တို့၏ အဖသည် နတ်ဆိုး ဖြစ်၏။ ထို့ကြောင့်
သင်တို့သည်သင်တို့၏အဖ၏အလိုဆန္ဒကိုသာလိုက်
နာလိုကြ၏။ သူသည်အစအဦးကပင်၊ လူ့အသက်ကို
သတ်သောသူဖြစ်ပြီး၊သမ္မာတရားနှင့်မည်သည့်အခါမျှ
မစပ်ဆိုင်ခဲ့ပေ။အကြောင်းမူကားသူသည်သမ္မာတရား
ကင်းမဲ့သောသူဖြစ်၏။ သူသည် မုသား စကားကို
ပြောသောအခါမိမိဇာတိသဘောအတိုင်းပြောဆိုတတ်
၏။ အကြောင်းမူကားသူသည်လိမ်ညာတတ်သောသူ
ဖြစ်ပြီး၊လိမ်လည်လှည့်ဖျားခြင်း၏အဖလည်းဖြစ်၏[၉]။
၄၅။ သို့သော် ငါသည် သစ္စာသမ္မာတရားကို ပြောဆိုသော
အခါသင်တို့သည်ငါ့ကိုမယုံကြည်ကြ။

---

[၆] (၈း၃၄) အပြစ်သည် သူ့ကို လွှမ်းမိုးသောကြောင့် သူတို့သည် အပြစ်၏အနှောင်အဖွဲ့၌ချုပ်နှောင်ခံရခြင်းဖြစ်၏။

[၇] (၈း၃၆) သခင်ယေရှု၏ ကျေးဇူးတော်ကြောင့် အပြစ်၏ကျွန်အပြစ်မှလွတ်မြောက်ကြပေမည်။

[၈] (၈း၃၈) သင်တို့အဖပြောသမျှကိုပြုကြ၏ဟု ကိုယ်တော်မိန့်ဆိုရာ၌ သူတို့အဖဖြစ်သော နတ်ဆိုး၏နှိုးဆော်တိုက်တွန်းချက်များကို ကျင့်ဆောက်ကြသည်ဟူ၍တည်း။

[၉] (၈း၄၄) သူသည်အစကပင်လျှင် လူသတ်သမားဖြစ်၏ဟု ဆိုရာ၌ မိဘရင်းကိုနှောင့်ယှက်ခြင်း ကျရောက်စေလျှက် ဝိညာဉ်နှင့်ကာလ နှစ်ခုစလုံးနှင့်ဆိုင်ရာအသက်ကိုသတ်ခဲ့သူဖြစ်၏ဟုဆို၏။

၄၆။ သင်တို့တွင် မည်သူသည် ငါ့၌ အပြစ်ရှိကြောင်းကို
ဖော်ပြနိုင်သနည်း။ ငါသည် သစ္စာ သမ္မာတရားကို
ပြောဆိုလျှင် သင်တို့သည် အဘယ်ကြောင့်ငါကိုမယုံ
ကြည်ကြသနည်း။
၄၇။ ဘုရားသခင်နှင့်ဆိုင်သော သူသည် ဘုရားသခင်၏
စကားများကို နားထောင်၏။ သင်တို့သည် ဘုရား
သခင်နှင့် မဆိုင်သောကြောင့် ဤစကားတို့ကို နားမ
ထောင်ကြဟု မိန့်တော်မူ၏။

## အာဗြဟံမရှိမီငါရှိ၏

၄၈။ **ဂျူး**လူမျိုးတို့ကသင်သည်**ဆမာရိယာ**လူမျိုးဖြစ်၍န
တ်ဆိုးစွဲကပ်သောသူလည်းဖြစ်သည်ဟု ကျွန်ုပ်တို့ဆို
ခြင်းသည် မမှန်ပါသလောဟု ဆိုကြ၏။
၄၉။ သခင်**ယေရှု**က ငါ၌ နတ်ဆိုးစွဲသူမဟုတ်၊ ငါသည်
ငါ၏ခမည်းတော်ကိုချီးမြှောက်၏သင်တို့မူကားငါ့ကို
ရှုတ်ချကြ၏။
၅၀။ ငါသည် မိမိဘုန်းအသရေကိုမရှာ၊ သို့သော် ငါ၏
ဘုန်းအသရေကို ရှာသောသူတစ်ဦးရှိ၏။ သူသည်
တရားစီရင်မည့်သူဖြစ်၏။
၅၁။ သင်တို့အားငါဧကန်အမှန်ဆိုသည်ကား ငါ့စကားကို
နာယူသောသူသည် မည်သည့်အခါမျှ သေရလိမ့်မည်
၅၂။ မဟုတ်ဟုမိန့်တော်မူ၏[၁၀]။ထိုအခါ**ဂျူး**တို့ကသင်သ
ည်နတ်ဆိုးစွဲကပ်နေကြောင်းငါတို့သိကြပြီးအာဗြ
ဟံနှင့် ပရောဖက်တို့သည်သေလွန်ကြလေပြီ။ သို့
သော် သင်ကငါ့စကားကိုလိုက်နာသောသူသည် မည်
သည့်အခါမျှ သေရလိမ့် မည်မဟုတ်ဟုဆို၏။
၅၃။ သင်သည် သေလွန်ပြီး သော ငါတို့အဖ **အာဗြ
ဟံ**ထက် ကြီးမြတ်ပါ သလော၊ ပရောဖက်တို့လည်း
သေလွန်ခဲ့ကြလေပြီ။ သင်သည် သင့်ကိုယ်သင်မည်
သူဟုထင်မှတ်သနည်း ဟုမေး ကြ၏။
၅၄။ သခင်**ယေရှု**ကငါသည်မိမိကိုယ်ကိုချီးမြှောက်ပါမူငါ
၏ ဘုန်းအသရေသည် အချည်းအနှီးပင် ဖြစ်၏။
သို့သော်ငါ့ကိုချီးမြှောက်သူကားငါ၏ခမည်းတော်ပေ
တည်း၊ သင်တို့သည် ထိုခမည်းတော်ကို သင်တို့၏
ဘုရားဟုခေါ်ကြ၏။
၅၅။ သို့သော် သင်တို့သည် ခမည်းတော်ကို မသိကြ။ ငါ
မူကားကိုယ်တော်ကိုသိ၏။အကယ်၍ကိုယ်တော်ကိုငါ

[၁၀] (၈း၅၁) အဘယ်အခါမျှသေရလိမ့်မည်မဟုတ်ဟု မိန့်တော်မူရာ၌ ထာဝရသေခြင်းဟုခေါ်သောမသေမငြိမ်းနိုင်ရာငရဲမီးထဲသို့မရောက်ရာဟုဆိုလိုခြင်းဖြစ်သည်။

မသိဟုဆိုလျှင်ငါသည်သင်တို့ကဲ့သို့လိမ်လည်ပြော
ဆိုသူဖြစ်လိမ့်မည်။သို့သော်လည်းငါသည်ကိုယ်တော်
ကိုသိ၍ ကိုယ်တော်၏စကားကိုလည်း ငါစောင့်ထိန်း
၅၆။ ၏။
သင်တို့၏အဖ**အာဗြဟံ**သည်ငါကြွလာမည့်
အချိန်ကာလကိုမြင်ရမည့်အကြောင်း၌ဝမ်းမြောက်ရွှင်
လန်းခြင်း ရှိခဲ့၏။ သူသည် မြင်တွေ့ရသောအခါ၌
လည်းဝမ်းမြောက်ခဲ့၏ဟုမိန့်တော်မူ၏[၁၁]။
၅၇။ ထိုအခါ **ဂျူး**လူမျိုးတို့က ကိုယ်တော်အားသင်သည်
အသက်ငါးဆယ်မျှပင်မရှိသေးသော်လည်း **အာဗြ
ဟံ**ကို မြင်တွေ့ခဲ့ပြီလောဟု ဆိုကြ၏။
၅၈။ သခင်**ယေရှု**ကလည်း သင်တို့အား ငါဧကန်အမှန်ဆို
သည်ကား**အာဗြဟံ**မမွေးဖွားမီကပင်ငါရှိနှင့်ပြီ
ဟု သူတို့အား မိန့်တော်မူ၏[၁၂]။
၅၉။ ထို့ကြောင့် သူတို့သည် ကိုယ်တော့်ကို ပစ်ပေါက်ရန်
ကျောက်ခဲများကို ကောက်ကြ၏။သို့သော်ကိုယ်တော်
သည်တိမ်းရှောင်၍ဗိမာန်တော်မှထွက်ခွါသွားတော်မူ
၏[၁၃]။

## အခန်းကြီး (၉)
## မွေးရာပါမျက်မမြင်တစ်ဦးအားပြန်
## မြင်စေတော်မူခြင်း

၁။ သခင်**ယေရှု**သည်လမ်းပေါ်၌လျှောက်သွားတော်မူစဉ်
တွင်မွေးရာပါမျက်မမြင်တစ်ဦးကိုတွေ့မြင်တော်မူ၏။
၂။ ကိုယ်တော်၏တပည့်တော်တို့က**ရာဗီ** ဤသူ၏မွေး
ရာမျက်စိမမြင်ရခြင်းသည်သူ၏ အပြစ်ကြောင့်လော၊
သူ့မိဘများ၏အပြစ်ကြောင့်လောဟုမေးလျှောက်ကြ
၃။ ၏[၁]။ သခင်**ယေရှု**က ဤသို့ဖြစ်ရခြင်းသည် သူ၏
အပြစ်ကြောင့်လည်းမဟုတ်ပေ။ သို့သော်ဘုရားသခင်

[၁၁] (၈း၅၆) အာဗြဟံသည် ဘုရားသခင်၏ဗျာဒိတ်တော်အားဖြင့် ကြွလာတော်မူမည်ဖြစ်သော မက်ဆိယသခင်ကို စိတ်အားဖြင့်ဖူးမြင်ခဲ့ရသောကြောင့်ရွှင်လန်းခဲ့ရ၏။

[၁၂] (၈း၅၈) အာဗြဟံမမွေးဖွားမီက ငါရှိနှင့်၏ဟု မိန့်ဆိုရာ၌ သခင်ယေရှုသည်အစအဆုံးမရှိသော ဘုရားသခင်ဖြစ်တော်မူကြောင်းကိုသက်သေပြ၏။

[၁၃] (၈း၅၉) သခင်ယေရှုသည် မိမိကိုယ်ကိုဘုရားသခင်၏သားတော်ဟုခေါ်တော်မူသောကြောင့်ဖါရီဇဲတို့က ဘုရားသခင်အား ထိခိုက်သောစကားကို ပြောဆို၏ အပြစ်တင်ကြ၏။ ဘုရားသခင်အား ထိခိုက်သောစကားကို ပြောသောသူမူကား ကျောက်ခဲနှင့် ပစ်သတ်သောထုံးစံရှိ၏။

[၁] (၉း၂) ရောဂါဝေဒနာသည်ပြုမိသည့်အပြစ်ကြောင့် ခံရသည့်ဆိုးကျိုးရလဒ်ဖြစ်သည်ဟု လက်ခံယုံကြည်ကြသောကြောင့်ဤသို့မေးမြန်းခြင်းဖြစ်၏။

၏ ဘုန်းတန်ခိုးတော်သည် သူ၌ ထင်ရှားရမည့်
အကြောင်းသာဖြစ်သတည်း။
၄။ ငါ့ကို စေလွှတ်တော်မူသောသူ၏အမှုတော်မြတ်ကို
နေ့အချိန်ရှိစဉ် ငါတို့လုပ်ဆောင်ကြရမည်။ မည်သူမျှ
မလုပ်ဆောင်နိုင်သည့် ညဥ့်အချိန်ကျရောက်လာလိမ့်
၅။ မည်[၂]။ ငါသည် ဤလောကမှာရှိသမျှ ကာလပတ်လုံး
လောက၏အလင်းဖြစ်၏ဟုမိန့်တော်မူ၏[၃]။
၆။ ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်မြေပေါ်
သို့တံထွေးထွေး၍ရွှံ့လုပ်ပြီး မှမျက်မမြင်၏မျက်စိကို
၇။ ရွှံ့နှင့်လူးလျက်၊သူ့အားဆိုသည်မှာသွား၍[၄]။**စီလွမ်**ရေ
ကန်တွင် ဆေးလော့ဟု မိန့်တော်မူ၏။ **စီလွမ်**၏
အဓိပ္ပါယ်ကားစေလွှတ်သည်ဟုဆိုလို၏။ ထိုသူသည်
သွား၍မျက်စိကိုဆေးပြီးနောက်မျက်စိမြင်လျှက် ပြန်
၈။ လာ၏။ထို့ကြောင့်အိမ်နီးချင်းများနှင့်ယခင်ကထိုမျက်
မမြင် တောင်းစားနေသည်ကို မြင်ဖူးသူတို့က ဤသူ
သည်ထိုင်၍တောင်းစားလေ့ရှိသူမဟုတ်ပါလော့ဟုဆို
၉။ ကြ၏။ လူအချို့က ထိုသူပင်ဖြစ်သည်ဟူ၍လည်း
ကောင်း အချို့ကမူ ထိုသူမဟုတ်၊ထိုသူနှင့်တူသောသူ
ဖြစ်သည်ဟုဆိုကြ၏။သို့သော် မျက်မမြင် ကိုယ်တိုင်
က ငါသည်ထိုသူပင်ဖြစ်သည်ဟုဆို၏။
၁၀။ ထိုအခါသူတို့က သင်သည်မည်ကဲ့သို့ မျက်စိအလင်း
ပြန်ရသနည်းဟု သူ့အားမေးကြ၏။
၁၁။ သူက**ယေရှု**ဟုအမည်ရှိသောသူသည်ရွှံ့အနည်းငယ်
ကိုလုပ်၍ငါ၏မျက်စိကိုလူးပြီးလျှင်ငါ့အား**စီလွမ်**ရေ
ကန်သို့သွား၍မျက်စိကိုဆေးလော့ဟုဆိုပါ၏။ ထို့
ကြောင့်ငါသည်သွား၍ဆေးသောအခါမျက်စိပြန်မြင်
၁၂။ လာပါသည်ဟုပြန်ပြော၏။သူတို့ကလည်းထိုသူသည်
အဘယ်မှာနည်းဟုသူ့ကိုမေးလျှင်ထိုသူကိုငါမသိပါ
ဟု မျက်မမြင်ကဆို၏။

## မျက်စိပျောက်ကင်းသည့်အကြောင်းကို ဖါရီဇေဦးတို့ စစ်ဆေးခြင်း

၁၃။ သူတို့သည် ယခင်က မျက်မမြင်ဖြစ်ခဲ့ဘူးသူကို**ဖါရီ**
၁၄။ **ဇေဦး**တို့ထံသို့ခေါ်ဆောင်ခဲ့ကြ၏။သခင်**ယေရှု**သည်
ရွှံ့လုပ်လျှက် မျက်မမြင်၏ မျက်စိကိုမြင်စေတော်မူ
၁၅။ သောနေ့ကား ဥပုသ်နေ့ ဖြစ်သတည်း။ **ဖါရီဇေဦး**တို့
သည် ထိုသူမျက်စိအလင်း ရလာပုံကိုတဖန်မေးမြန်း
ကြ၏။ ထိုသူက သူတို့အားဆိုသည်မှာသူသည်ငါ၏
မျက်စိကိုရွှံ့နှင့်လူးပေးပါ၏။ ပြီးလျှင် ငါသည်မျက်စိ
ကိုဆေးလိုက်သောအခါမျက်စိမြင်လာပါသည်ဟုဆို
၁၆။ ၏။အချို့**ဖါရီဇေဦး**တို့ကထိုသူသည် ဥပုသ်မစောင့်
ထိန်းသောကြောင့်ဘုရားသခင်ထံမှကြွလာသောသူမ
ဖြစ်နိုင်ရာဟုဆိုကြ၏။ အချို့ကမူအပြစ်ရှိသောသူ
သည်ဤနိမိတ်လက္ခဏာများကိုမည်ကဲ့သို့ပြုနိုင်ပါမ
ည်နည်းဟုဆိုကြ၏။ထို့နောက်သူတို့အချင်းချင်းစိတ်
သဘော ကွဲပြားခြင်းသို့ ရောက်ကြ၏။
၁၇။ ထို့ကြောင့်သူတို့သည်မျက်မမြင်ဖြစ်ခဲ့ဖူးသူအား သင်
၏မျက်စိကိုပြန်မြင်စေသောသူသည် မည်သို့သောသူ
ဖြစ်သနည်းဟုတဖန်မေးကြပြန်၏။ထိုသူကလည်းသူ
သည် ပရောဖက်ဖြစ်ပါ၏ဟု ဖြေကြား၏[၅]။
၁၈။ သို့ရာတွင် **ဂျူး**လူမျိုးတို့သည် ထိုသူ မျက်စိမမြင်ခဲ့
ကြောင်းကိုလည်းကောင်း၊ယခုမျက်စိမြင်လာသည်ကို
လည်းကောင်း၊ မယုံကြည်သဖြင့် သူ၏မိဘတို့ကို
၁၉။ ခေါ်၍မေးမြန်းကြ၏။ ထို့နောက်သူတို့ကဤသူသည်
သင်တို့၏သား ဖြစ်သလော၊ သူသည် သင်တို့ပြော
သည့်အတိုင်း မွေးရာပါ မျက်စိကန်းသောသူ ဖြစ်
သလော၊ သို့ဖြစ်လျှင်သူသည် ယခုမည်ကဲ့သို့ မျက်စိ
၂၀။ ပြန်မြင်သနည်းဟုမေးကြ၏။သူ၏မိဘတို့ကဤသူ
သည်ကျွန်ုပ်တို့၏သားဖြစ်ပါ၏။သူသည်မွေးစကပင်
၂၁။ မျက်စိမမြင်သောသူ ဖြစ်ပါ၏။ သို့သော် သူမည်သို့
မျက်စိပြန်မြင်လာသည်ကိုလည်းကောင်း၊မည်သူက
သူ၏မျက်စိကိုပွင့်စေသည်ကိုလည်းကောင်းကျွန်ုပ်တို့
မသိပါ။ သူ့ကိုမေးကြပါ။သူသည်အရွယ်ရောက်ပါပြီ၊
သူ့အကြောင်းကိုသူ ကိုယ်တိုင် ပြောပြပါလိမ့်မည်ဟု
ဖြေကြားကြ၏။
၂၂။ ဤသို့ဖြေကြားရခြင်းမှာသူ၏မိဘတို့သည်**ဂျူး**လူမျိုး
တို့ကို ကြောက်ရွံ့သောကြောင့်ဖြစ်၏။ အကြောင်းမူ

[၂] (၉း၄) ဤကမ္ဘာပေါ်တွင် အသက်ရှင်သမျှကာလပတ်လုံးလူတို့သည်အလုပ်လုပ်ကိုင်တတ်ကြ၏။ ညဥ့်ကာလနှင့်တူသောသေချိန်ရောက်သောအခါ အလုပ်မလုပ်ကိုင်နိုင်တော့ချေ။

[၃] (၉း၅) ကိုယ်တော်သည်ဤလောကသားအားလုံးတို့ကိုအလင်းပေးခြင်းငှါကြွလာတော်မူ၏။

[၄] (၉း၆)ရွှံ့လူးခြင်းသို့မဟုတ်ရေဆေးခြင်းသက်သက်သည်ကန်းသောသူ၏မျက်စိကို မြင်စေနိုင်စွမ်းမရှိချေ။ သခင်ယေရှုသည် ဤကဲ့သို့ပြုလုပ်ခြင်းဖြင့်ဥပုသ်နေ့၌လူနာကိုကုသရန်လုပ်ကိုင်ခွင့်ရှိကြောင်းဂျူးလူမျိုးတို့အားဖော်ပြလိုခြင်းဖြစ်သည်။

[၅] (၉း၁၇) ဟီဘရူးလူတို့က ဘုရားသခင်အထူးချီးမြှောက်တော်မူသောလူတို့ကို ပရောဖက်ဟု ခေါ်လေ့ရှိ၏။

ကားကိုယ်တော်သည် ခရစ်တော်ဖြစ်သည်ဟု တစ်စုံ
တစ်ယောက်ကဝန်ခံပါလျှင်ထိုသူကို တရားဇရပ်မှ
နှင်ထုတ်ရန်**ဂျူး**လူမျိုးတို့ကသဘောတူဆုံးဖြတ်ထား
ပြီးဖြစ်၏၊
၂၃။ ထို့ကြောင့်သူ၏ မိဘတို့က သူသည်အရွယ်ရောက်ပြီ
ဖြစ်၍သူ့ကိုမေးပါဟု ဆိုကြခြင်းဖြစ်၏။
၂၄။ ထိုအခါ **ဖါရိရှဲဦး**တို့သည် မျက်မမြင်ဖြစ်ခဲ့ဖူးသူကို
ဒုတိယအကြိမ်ခေါ်၍ ပြောသည်မှာ ဘုရားသခင်ကို
ချီးမွမ်းထောပနာပြုလော့။ ထိုသူသည်အပြစ်ရှိသူဖြစ်
၂၅။ ကြောင်းငါတို့သိကြပြီဟုဆိုလေ၏။မျက်စိပြန်မြင်သူ
ကလည်း ထိုသူသည်အပြစ်ရှိသူဖြစ်သည်၊မဖြစ်သည်
ကို ကျွန်ုပ်မသိပါကျွန်ုပ်သည် ယခင်က မျက်စိကွယ်
ခဲ့၍ ယခုမျက်စိပြန်မြင်လာသည့် အကြောင်းအရာ
တစ်ခုတည်းကိုသာ သိပါသည်ဟုပြန်ဖြေလေ၏။
၂၆။ ထိုသူတို့ကသူသည်သင့်ကိုမည်သို့ပြုသနည်း၊သင်၏
မျက်စိကိုမည်ကဲ့သို့ပြန်မြင်စေသနည်းဟုသူ့အားမေး
၂၇။ ကြ၏။ မျက်စိ ပြန်မြင်လာသောသူက သင်တို့အား
ကျွန်ုပ်ပြောပြပြီးပါပြီ။ သို့သော်သင်တို့နားမထောင်ခဲ့
ကြပါ။အဘယ်ကြောင့်ထပ်မံကြားလိုကြပါသနည်း။
သင်တို့သည်လည်းသူ၏တပည့်ဖြစ်လိုကြပါသလော
ဟု သူတို့အားပြန်ပြောလေ၏။
၂၈။ ထိုအခါ သူတို့က သင်သာလျှင် သူ့တပည့်ဖြစ်၏။
ငါတို့မူကား **မိုးဇက်**၏ တပည့်များဖြစ်၏။
၂၉။ ဘုရားသခင်သည် **မိုးဇက်**အား ဗျာဒိတ်ပေးတော်မူခဲ့
ကြောင်းကို ငါတို့သိကြ၏။ ဤသူသည် မည်သည့်
အရပ်က လာသည်ကို ငါတို့မသိကြဟုကဲ့ရဲ့၍ပြောဆို
၃၀။ ကြ၏။ မျက်စိပြန်မြင်သောသူကဤအမှုသည်အံ့ဖွယ်
ကောင်းလှ၏။အကြောင်းမှာထိုသူသည်ကျွန်ုပ်မျက်စိ
ကို ဖွင့်သော်လည်းထိုသူမည်သူဖြစ်သည်ကိုသင်တို့မ
၃၁။ သိကြ။ဘုရားသခင်သည်အပြစ်ရှိသူတို့ကိုနားညောင်း
တော်မူကြောင်း ကျွန်ုပ်တို့သိကြ၏။ ဘုရားသခင်ကို
ရှိခိုးကိုးကွယ်၍ ကိုယ်တော်၏အလိုတော်ကို ဆောင်
ရွက်သောသူအားဘုရားသခင်နားညောင်းတော်မူ၏။
၃၂။ မွေးရာပါ မျက်မမြင် တစ်ဦး၏ မျက်စိကို တစ်စုံ
တစ်ယောက်က မြင်စေနိုင်သည်မှာ ကမ္ဘာဦးကပင်
၃၃။ မကြားစဖူး။ဤသူသည်ဘုရားသခင်ထံတော်မှကြွလာ
သူမဟုတ်ခဲ့လျှင်သူသည်မည်သည့်အရာကိုမျှမတတ်
၃၄။ နိုင်ပါဟုပြန်ဖြေ၏။ ထိုသူတို့ကလည်း သင်သည်
အပြစ်၌ မွေးဖွားခဲ့သူဖြစ်ပါလျက် ငါတို့အားသွန်သင်
နေသလောဟုဆို၍ သူ့ကိုနှင်ထုတ်လိုက်ကြ၏။

## ဝိညာဉ်အလင်းကင်းမဲ့ခြင်း

၃၅။ **ဖာရိရှဲဦး**တို့ကထိုသူ့အားနှင်ထုတ်လိုက်ကြောင်းကို
သခင်**ယေရှူး**ကြားတော်မူပြီးနောက်သူ့ကိုတွေ့တော်မူ
လျှင် လူ့သားကို ယုံကြည်ပါ၏လောဟုသူ့အားမေး
တော်မူ၏။
၃၆။ မျက်စိအလင်းရသောသူက သခင်ကျွန်ုပ်ယုံနိုင်ရမည့်
အကြောင်း ထိုသူသည် မည်သူဖြစ်ပါသနည်းဟုပြန်
၍မေးလျှောက်သော်၊သခင်**ယေရှူး**က သင်သည်သူ့ကို
၃၇။ မြင်ခဲ့ပြီးလေပြီ။ ယခုသင်နှင့်စကားပြောနေသောသူ
သည်ထိုသူပင်ဖြစ်၏ဟုမိန့်တော်မူ၏။
၃၈။ သူကလည်း သခင် ကျွန်ုပ်ယုံကြည်ပါ၏ဟု ပြောဆို
လျှက် ပျပ်ဝပ်ပြီး ကိုယ်တော်ကို ရှိခိုးလေ၏။
၃၉။ သခင်**ယေရှူး**က မိန့်တော်မူသည်မှာ မျက်စိမမြင်နိုင်
သောသူတို့ကိုမျက်စိအလင်းရစေ၍မြင်သောသူတို့ကို
အလင်းကွယ်ကြစေရန်အတွက်စီရင်ဆုံးဖြတ်အံ့သော
ငါ ဤလောကသို့ငါကြွလာခဲ့၏
၄၀။ ဟုဆို၏။ ကိုယ်တော်၏ အနီးတွင်ရှိနေကြသော**ဖါရိ
ရှဲဦး**အချို့တို့သည်ထိုစကားကိုကြားကြလျှင်ငါတို့
သည် မျက်မမြင်များဖြစ်ကြသလောဟုဆို၏။
၄၁။ ထိုအခါသခင်**ယေရှူး**ကသင်တို့သည် မျက်မမြင်များ[၆]
ဖြစ်ကြပါလျှင်သင်တို့၌အပြစ်ရှိလိမ့်မည်မဟုတ်ယခုမူ
ကားသင်တို့ကငါတို့သည်မျက်စိမြင်ပါသည်ဟုဆိုကြ
သဖြင့် သင်တို့၏အပြစ်သည် တည်လျှက်ရှိ၏ဟုမိန့်
တော်မူ၏။

## အခန်းကြီး (၁၀)
## ကောင်းသောသိုးထိန်းပုံပမာ

၁။ သခင်**ယေရှူး**က သင်တို့အား ငါဧကန်အမှန်ဆိုသည်
ကား သိုးခြံထဲသို့တံခါးဝမှမဝင်ဘဲအခြားနည်းဖြင့်ဝင်
၂။ သောသူတို့သည်သူခိုးဓါးပြဖြစ်၏[၁]။ တံခါးပေါက်မှ
ဝင်သူသည်ကား သိုးတို့ကို စောင့်ထိန်းသောသိုးထိန်း

---

[၆] (၉း၄၁) သင်တို့သည်မျက်မမြင်များဖြစ်ကြပါလျှင် သင်တို့၌အပြစ်မရှိဟုသခင်ယေရှူးမိန့်ဆိုရာ၌ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုမသိကြ၍ သိလိုသောဆန္ဒနှင့်ဆွေးနွေးကြပါလျှင် သူတို့၌ အပြစ်မရှိပေ သို့သော်အလိုတော်ကိုသိကြလျှက်နှင့် မယုံကြည်ပဲ နေကြသောကြောင့် သူတို့၌အပြစ်တည်၏

[၁] (၁၀း၁) ဤပုံပမာ၌ သိုးခြံသည်အသင်းတော်ဖြစ်၏။ ကောင်းသောသိုးထိန်းနှင့် တံခါးသည်သခင်ယေရှူးဖြစ်၏။သူခိုးနှင့်ဓါးပြများသည်နတ်ဆိုးမိစ္ဆာများဖြစ်ကြ၏။ သူငှါးများသည်ကိုယ်ကျိုးကိုရှာသောသာသနာ့ဝန်ထမ်းများဖြစ်ကြသည်။ဝံပု

၃။ ဖြစ်၏။ တံခါးစောင့်သည် သိုးထိန်းအား တံခါးဖွင့်၍
ပေးတတ်၏။ သိုးတို့သည် သိုးထိန်း၏အသံကိုနား
ထောင်တတ်ကြ၏။ သူသည် မိမိသိုးတို့ကို အမည်
ဖြင့်ခေါ်၍ သိုးခြံတွင်းမှ ထုတ်ဆောင်တတ်၏[၂]။
၄။ သူသည်သိုးတို့ကိုခေါ်ထုတ်ပြီးလျှင်သိုးတို့၏အရှေ့မှ
ဦးဆောင်၍သွားတတ်၏။သိုးတို့သည်လည်းသူ့အသံ
၅။ ကိုသိသဖြင့်သူ၏နောက်မှလိုက်ကြ၏[၃]။သိုးတို့သည်
သူစိမ်း၏နောက်သို့မလိုက်ကြ။သိုးတို့သည်သူစိမ်း၏
အသံကို မသိသောကြောင့် သူ့ထံမှထွက်ပြေးကြလိမ့်
မည်ဟုမိန့်တော်မူ၏။
၆။ သခင်**ယေရှု**သည် ဤပုံပမာကိုသူ့တို့အားမိန့်တော်မူ
သော်လည်းထိုသူတို့သည်ကိုယ်တော်မိန့်တော်မူသည့်
ပုံပမာ၏အနက်အဓိပ္ပါယ် ကိုနားမလည်ကြ။

## သခင်ယေရှုသည်ကောင်းသောသိုးထိန်း ဖြစ်တော်မူ၏

၇။ ထို့ကြောင့်သခင်**ယေရှု**ကသူတို့အားတဖန်မိန့်တော်မူ
သည်မှာ သင်တို့အား ငါဧကန်အမှန်ဆိုသည်ကားငါ
သည်သိုးတို့ဝင်သော တံခါးဝဖြစ်၏။
၈။ ငါ့ထက်အလျင် ရောက်လာသောသူအပေါင်းတို့သည်
သူခိုး၊ ဓားပြများဖြစ်ကြ၏။ သို့သော် သိုးတို့သည်
ထိုသူတို့ကို နားမထောင်ကြ[၄]။
၉။ ငါသည်တံခါးဝဖြစ်၏။ ငါ့အားဖြင့် ဝင်သောသူသည်
ဘေးအန္တရာယ်ကင်းလွတ်၍ ဝင်ထွက် သွားလာနိုင်
လျှက် စားကျက်ကိုတွေ့ရလိမ့်မည်။
၁၀။ သူခိုးသည် ခိုးယူ သတ်ဖြတ်ဖျက်ဆီးရန်သာ လာ၏။
ငါမူကား သူတို့သည် အသက်ရှင်ရုံသာမကကြွယ်ဝ
ပြည့်စုံသောအသက်ကို ရရှိစေခြင်းငှါလာသတည်း[၅]။
၁၁။ ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ကောင်းသော
သိုးထိန်းသည်သိုးများအတွက်မိမိအသက်ကိုစွန့်တတ်
၁၂။ ၏။ သူငှါးသည် သိုးထိန်းမဟုတ်၊ သိုးများကိုလည်း
မပိုင်သောကြောင့် ဝံပုလွေလာသည်ကို မြင်လျှင်
သိုးတို့ကို စွန့်ပစ်၍ ထွက်ပြေးတတ်၏။ ထို့ကြောင့်
ဝံပုလွေသည် သိုးတို့ကို ဖမ်းယူကိုက်စား၍ ကစဉ့်
ကလျားဖြစ်စေတတ်၏။
၁၃။ သူငှါးသည်သူငှါးဖြစ်သောကြောင့်သိုးတို့ကိုဂရုမစိုက်
၁၄။ ဘဲ ထွက်ပြေးတတ်၏[၆]။ ငါသည် ကောင်းသောသိုး
၁၅။ ထိန်းဖြစ်၏[၇]။ငါ၏ခမည်းတော်သည် ငါ့ကို သိတော်
မူ၍ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့ငါသည်
သိုးတို့ကိုငါသိ၏၊ ငါ၏သိုးတို့သည်လည်း ငါ့ကိုသိ
ကြ၏။ ငါသည်သိုးများအတွက် အသက်ကိုစွန့်၏။
၁၆။ ဤသိုးစုတွင်မပါဝင်သောအခြားသိုးများလည်း ငါ၌ရှိ
၏။ထိုသိုးများကိုလည်းငါခေါ်ဆောင်ရဦးမည်။သူတို့
သည်ငါ့စကားကိုနားထောင်ကြလိမ့်မည်သို့ဖြစ်၍သိုး
စုတစ်စု၊ သိုးထိန်းတစ်ပါးတည်းဖြစ်လိမ့်မည်။
၁၇။ ထိုအကြောင်းတို့ကြောင့် ခမည်းတော်သည် ငါ့ကိုချစ်
တော်မူ၏။အကြောင်းမူကားငါသည်အသက်ကိုတဖန်
ပြန်လည်ရရှိစေရန်ကိုယ့် အသက်ကိုစွန့်သောကြောင့်
၁၈။ ဖြစ်၏။ ငါ့အသက်ကို မည်သူမျှငါ့ထံမှမလုယူနိုင်၊
ငါသည်ငါ့ ဆန္ဒအလျောက် အသက်စွန့်ခြင်းဖြစ်၏။
ငါ့၌အသက်ကိုစွန့်ပိုင်ခွင့်နှင့်ပြန်လည်ယူပိုင်ခွင့်ရှိ၏။
ထိုအခွင့်အာဏာကို ငါသည်ခမည်းတော်ထံမှခံယူရရှိ
လေပြီဟု မိန့်တော်မူ၏။
၁၉။ ထိုစကားများကြောင့် ဂျူးလူမျိုးတို့အလယ်တွင် မညီ
မညွတ်၊ ကွဲပြားခြင်းသို့ရောက်ကြလေ၏။
၂၀။ သူတို့တွင် အများစုကဤသူသည်နတ်ဆိုးစွဲ၍ရူးသွပ်
နေလေပြီ။ သင်တို့သည် အဘယ်ကြောင့်သူ့ကိုနား
၂၁။ ထောင်ကြသနည်းဟုဆိုကြ၏။သို့ရာတွင်အချို့သော
သူတို့က နတ်ဆိုးစွဲသောသူသည် ဤစကားများကို
မပြောဆိုနိုင်ရာ၊ နတ်ဆိုးသည်မျက်မမြင်သောသူကို
မည်ကဲ့သို့ပြန်မြင်စေနိုင်ပါမည်နည်းဟု ဆိုကြ၏။

---

လွေများကားမိစ္ဆာဒိဋ္ဌိများဖြစ်ကြ၏။ သိုးခြံထဲသို့ မသွင်းရသေးသောသိုးများကား
မှန်သောအယူဝါဒသို့မရောက်ကြသေးသောသူတို့ကိုဆိုလိုသည်။

[၂] (၁၀း၃) သခင်ယေရှုသည် မိမိ၏သိုးများကို အမည်တပ်၍ခေါ်ဆိုခြင်းမှာကိုယ်
တော်၏ရင်းနှီးချစ်ခင်ယုယမှု၏လက္ခဏာကို ဖော်ပြခြင်းဖြစ်သည်။ ကိုယ်တော်
သည်မိမိ၏သိုးများကို အမည်ဖြင့် သိကြောင်းကိုလည်းပြသည်။

[၃] (၁၀း၄) အရှေ့ကဦးဆောင်၍သွားတတ်၏ဟုဆိုရာ၌ ကိုယ်တော်သည်သူတို့ကို
ဆုံးမသွန်သင်ခြင်းဖြင့်လည်းကောင်း ကောင်းသော အကျင့်ပုံစံဖြင့်လည်းကောင်း
လမ်းညွှန်ပြခေါ်ဆောင်သွားသည်။

[၄] (၁၀း၈) ဘုရားသခင်စေလွှတ်တော်မူသော ပရောဖက်များမှတစ်ပါး မိမိတို့
သဘောအလျောက်ပေါ်ပေါက်လာသော ပရောဖက်အတုတို့သည် သူခိုးဓါးပြများ
ဖြစ်ကြ၏။

[၅] (၁၀း၁၁) ကိုယ်တော်သည် လူတို့ကို ဝံပုလွေနှင့်တူသောနတ်ဆိုး၏လက်တွင်း
မှကယ်နှုတ်ရန် အသက်တော်ကို စွန့်တော်မူ၏။ မိမိကိုယ်တော်ကိုရန်သူလက်သို့
အပ်တော်မူ၍ လက်ဝါးကပ်တိုင်ပေါ်တွင်အသက်ကိုစွန့်တော်မူ၏။

[၆] (၁၀း၁၃) သိုးထိန်းတို့ဟူသည် အေးအတူပူအမျှမိမိ၏တပည့်များနှင့်အတူ နေ
အပ်သည်။

[၇] (၁၀း၁၄) သမ္မာကျမ်းစာတော်အရ သိသည်ဟူသောဝေါဟာရစကားသည်ချစ်
သည်ဟုဆိုလိုသည်။

## ဂျူးလူမျိုးများသခင်ယေရှုးကိုငြင်းပယ်ကြခြင်း

၂၂။ ထိုအချိန်၌**ဂျေရုဆလင်**မြို့တွင် ဗိမ္မာန်တော်ကိုဆက်
ကပ်သည့် ပွဲတော် ကျင်းပလျှက်ရှိ၏။ ထိုအခါကား
၂၃။ ဆောင်းကာလလည်းဖြစ်၏။သခင်**ယေရှုး**သည်ဗိမ္မာန်
တော်အတွင်း ရှိသော **စောလမွန်** မုခ်ဦးဆောင်တွင်
စင်္ကြံလျှောက်လျှက် နေတော်မူ၏။
၂၄။ ထိုအခါ**ဂျူး**လူမျိုးတို့သည်ကိုယ်တော်ကိုဝန်းရံလျှက်
သင်သည်မည်မျှကြာအောင်ကျွန်ုပ်တို့၏စိတ်ကိုမရေ
မရာဖြစ်စေမည်နည်း။သင်သည်ခရစ်တော်ဖြစ်ပါလျှင်
အကျွန်ုပ်တို့အားအတိအလင်းပြောပါလော့ ဟုဆိုကြ
၂၅။ ၏[၈]။ သခင်**ယေရှုး**က သူ့အားပြန်ပြောတော်သည်မှာ
သင်တို့ အားငါဆိုခဲ့ပြီ။သို့သော်သင်တို့သည်ငါ့ကိုမ
ယုံကြ။ ငါ့ခမည်းတော်၏နာမတော်၌ငါလုပ်ဆောင်
သောအမှုတို့သည် ငါ့ကို သက်သေခံလျှက်ရှိ၏[၉]။
၂၆။ သင်တို့သည် ငါ၏သိုးစုတွင်မပါဝင်ကြသောကြောင့်
ငါ့ကိုမယုံကြ။
၂၇။ ငါ၏သိုးတို့သည် ငါ့အသံကို နားထောင်ကြ၏။ ငါ
သည်သူတို့ကိုသိ၍ သူတို့သည်လည်း ငါ့နောက်သို့
၂၈။ လိုက်ကြ၏။ ငါသည်သူတို့အား ထာဝရအသက်ကို
ပေး၏။ သူတို့သည် သေခြင်းနှင့်အစဉ် ကင်းလွတ်
၂၉။ ကြလိမ့်မည်။ ထိုသူတို့ကို ငါ့အား ပေးတော်မူသော
ခမည်းတော်သည် အရာခပ်သိမ်းသောသူတို့ထက်ကြီး
မြတ်တော်မူသည်ဖြစ်၍ မည်သူမျှ ထိုသူတို့ကိုခမည်း
တော်၏လက်တော်မှ မလုမယူနိုင်။
၃၀။ ခမည်းတော်နှင့်ငါသည်တစ်လုံးတစ်ဝတည်းဖြစ်သည်
၃၁။ ဟု မိန့်တော်မူ၏။ ထိုအခါလူတို့သည်ကိုယ်တော်ကို
ပေါက်ရန်ခဲများကို ကောက်ကြ၏။
၃၂။ သခင်**ယေရှုး**ကငါသည်ခမည်းတော်၏အခွင့်အာဏာ
နှင့်ကောင်းမြတ်သောအမှုများကို သင်တို့မျက်မှောက်
တွင်ပြုခဲ့ပြီ။ဤအမှုများအနက်မည်သည့်အမှုကြောင့်
ငါ့ကို အားသင်တို့ခဲနှင့်ပေါက်လိုကြသနည်းဟု မေး
၃၃။ တော်မူ၏။ **ဂျူး**တို့ကသင်သည်ကောင်းသော အမှုကို
ပြုသောကြောင့် ငါတို့သည်သင့်ကိုခဲနှင့်ပေါက်ကြ
သည်မဟုတ် သို့သော်သင်သည် လူစင်စစ်ဖြစ်ပါ
လျှက်သင့်ကိုယ် သင်ဘုရားဟုဆိုပြီး ဘုရားသခင်
ကိုထိခိုက်ပြောဆိုသော စကားကြောင့်ဖြစ်၏ ဟုဆို
၃၄။ ကြ၏။ သခင်**ယေရှုး**ကသူတို့အားပြန်ပြောသည်မှာ
သင်တို့၏ပညတ်ကျမ်းတွင် သင်တို့သည် ဘုရားများ
ဖြစ်ကြ၏ဟူ၍ဘုရား သခင် မိန့်တော်မူကြောင်းကို
ဖော်ပြထားလေသည်[၁၀] မဟုတ်လော့။
၃၅။ ကျမ်းစာ၌ဖော်ပြသည့်အရာတို့သည် အစဉ်မှန်ကန်
ကြောင်းကို ငါတို့သိကြ၏။ ဘုရားသခင်ကမိမိ၏ဗျာ
ဒိတ်တော်ကို ခံရသောသူတို့အား ဘုရားများဟုခေါ်
၃၆။ တော်မူ၏။ခမည်းတော်သည်ငါ့ကိုရွေးချယ်၍ဤလော
ကသို့ စေလွှတ်တော်မူသောကြောင့်ငါသည်ဘုရား၏
သားတော်ဖြစ်သည်ဟု ဆိုသောအခါဘုရားကိုထိခိုက်
သော စကားဖြစ်သည်ဟု သင်တို့မည်ကဲ့သို့ဆိုနိုင်ကြ
၃၇။ သနည်း။ငါသည်ခမည်းတော်၏အမှုတော်ကိုမဆောင်
ရွက်လျှင် ငါ့အားမယုံကြည်ကြနှင့်။
၃၈။ သို့သော်ထိုအမှုကို ငါဆောင်ရွက်လျှင်မူကား သင်တို့
ငါ့ကို မယုံသော်လည်း ထိုအမှုတို့ကို ယုံကြည်ကြပါ
လော့။ ဤဆောင်ရွက်ချက်များအားဖြင့် ခမည်းတော်
သည်ငါနှင့်တစ်လုံးတစ်ဝတည်းရှိတော်မူကြောင်းကို
လည်းကောင်းငါသည်လည်းခမည်းတော်နှင့်တစ်လုံး
တစ်ဝတည်းရှိကြောင်းကိုလည်းကောင်းသင်တို့သိမြင်
၃၉။ လာကြလိမ့်မည်[၁၁]။သူတို့သည် ကိုယ်တော်ကို တဖန်
ဖမ်းဆီးရန် ကြိုးစားကြသော်လည်း ကိုယ်တော်သည်
သူတို့၏လက်မှလွတ်မြောက်သွား၏။
၄၀။ ကိုယ်တော်သည် **ဂျော်ဒန်**မြစ်တစ်ဖက်ရှိ ယခင်က
**ယောဟန်** ဆေးကြောပေးခဲ့သော အရပ်သို့ ကြွသွား
တော်မူပြီးလျှင် ထိုအရပ်၌နေတော်မူ၏။
၄၁။ များစွာသော လူတို့သည် အထံတော်သို့ လာကြ၏။
**ယောဟန်**သည်မည်သည့်အံ့ဖွယ်နိမိတ်လက္ခဏာကိုမ
၂မပြခဲ့သော်လည်း ဤသူနှင့် ပတ်သက်၍ **ယောဟန်**
ပြောသမျှအကြောင်းတို့သည်မှန်ပေ၏ဟုဆိုကြ၏။
၄၂။ ထိုအရပ်၌ များစွာသောသူတို့သည် ကိုယ်တော်ကိုယုံ
ကြည်ကြ၏။

---

[၈] (၁၀း၂၄) ဆေးကြောခြင်းမင်္ဂလာပေးသောယောဟန်သည် သခင်ယေရှုးမည်သူဖြစ်သည်ကိုလည်းကောင်း၊ သခင်ယေရှုးကိုယ်တော်တိုင်လည်း ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကိုလည်းကောင်း အကြိမ်ကြိမ်အခါခါ အတိအလင်းပြောခဲ့ပြီးဖြစ်သည်။

[၉] (၁၀း၂၅) ဘုရားသခင်၏ နာမတော်နှင့်ပြုတော်မူသော တန်ခိုးတော်များသည် ကိုယ်တော်သည် မည်သူဖြစ်ကြောင်းကို ထင်ရှားစေသည်။

[၁၀] (၁၀း၃၄) ဆာလံ ၈၂း၆

[၁၁] (၁၀း၃၈) သခင်ယေရှုးသည် ခမည်းတော်နှင့် ဓာတိတူတော်မူ၍ တစ်လုံးတစ်ဝတည်းဖြစ်တော်မူ၏။

## အခန်းကြီး (၁၁)

## လာဇရုသေဆုံးခြင်း

၁။ **မာရိယာ**နှင့်**မာသ**တို့ညီအစ်မဖြစ်သူတို့နေထိုင်လျ
က်ရှိသော**ဘက်သနီ**ကျေးရွာတွင်**လာဇရု**အမည်ရှိသေ
ာသူသည်ဖျားနာလျှက်ရှိ၏။
၂။ **မာရိယ**စသည်ကား ကိုယ်တော်ကို ဆီမွှေးဖြင့် သွန်း
လောင်းခဲ့၍ခြေတော်များကိုမိမိဆံပင်ဖြင့်ခြောက်သွေ့
စေခဲ့သူဖြစ်ပြီး ဖျားနာသောသူ **လာဇရု**သည် သူမ၏
၃။ မောင်ဖြစ်၏။ ထို့ကြောင့် အစ်မများက သခင်၊ ကိုယ်
တော်ချစ်တော်မူသောသူဖျားနာလျက်နေပါသည်ဟူ၍
သခင်**ယေရှူး**ထံသတင်းပေးပို့ကြ၏။
၄။ သို့သော် ဤအကြောင်းကို သခင်**ယေရှူး**ကြားတော်မူ
သောအခါ၊ ကိုယ်တော်က ဤဖျားနာခြင်းသည် သေ
ခြင်းအတွက်မဟုတ်၊ဘုရားသခင်၏ဘုန်းဂုဏ်တော်
ထွန်းတောက်စေရန်အတွက်ဖြစ်သည်ဟုမိန့်တော်မူ၏
၅။ သခင်**ယေရှူး**သည် မာသနှင့် သူမ၏ညီမကိုလည်း
ကောင်း၊ **လာဇရု**ကိုလည်းကောင်း ချစ်တော်မူ၏။
၆။ သို့သော် **လာဇရု** ဖျားနာနေကြောင်းကို ကိုယ်တော်
ကြားတော်မူလျှင် မိမိရောက်ရှိနေသည့် အရပ်တွင်
နှစ်ရက် ကြာဆက်လက် သီတင်းသုံးတော်မူ၏။
၇။ ထို့နောက်မှ ကိုယ်တော်က **ယုဒေယ**နယ်သို့ တဖန်
သွားကြစို့ဟုတပည့်တော်တို့အားမိန့်တော်မူ၏။
၈။ တပည့်တော်တို့က **ရဘီ**၊ **ဂျူး**လူမျိုးတို့သည် ကိုယ်
တော်ကိုခဲနှင့်ပစ်ပေါက်ရန်ကြိုးစားနေကြပါလျက်နှင့်
ကိုယ်တော်သည် ထိုအရပ်သို့ တဖန်ကြွတော်မူမည်
လောဟု ကိုယ်တော်အား လျှောက်ထားကြ၏။
၉။ သခင်**ယေရှူး**ကတစ်နေ့လျှင်တစ်ဆယ့်နှစ်နာရီရှိသည်
မဟုတ်လော၊ တစ်စုံတစ်ယောက်သောသူသည် နေ့
အချိန်၌ သွားလာပါလျှင် လောက၏အလင်းကိုမြင်ရ
၁၀။ သောကြောင့်ခလုတ်မတိုက်မိချေ။ သို့သော် သူသည်
ညအချိန်၌ သွားလာပါလျှင် အလင်းသည် ထိုသူနှင့်
အတူမရှိသောကြောင့် ခလုတ် တိုက်မိတတ်၏ဟုမိန့်
တော်မူ၏။
၁၁။ ထိုသို့ မိန့်တော်မူပြီးနောက် ကိုယ်တော်က ငါတို့မိတ်
ဆွေ**လာဇရု**သည်အိပ်ပျော်လေပြီ[၁]။ ငါသည်သူ့ကို နိုး
ရန် သွားမည်ဟုသူတို့အားမိန့်တော်မူ၏။
၁၂။ တပည့်တော်တို့ကလည်းသခင်သူသည်အိပ်ပျော်လျှင်
ပြန်လည်ကျန်းမာလာပါလိမ့်မည်ဟု လျှောက်ကြ၏။
၁၃။ သခင်**ယေရှူး**သည်**လာဇရု**၏ သေခြင်းကို ရည်ညွှန်း
၍ မိန့်တော်မူခဲ့သော်လည်း တပည့်တော်တို့မှာမူအိပ်
စက်အနားယူခြင်းကို ကိုယ်တော်ရည်ညွှန်းသည်ဟု
၁၄။ ထင်မှတ်ခဲ့ကြ၏။ ထို့နောက် သခင်**ယေရှူး**က အတိ
အလင်းမိန့်တော်မူသည်မှာ၊ **လာဇရု**သေလေပြီ။
၁၅။ ထိုအရပ်၌ ငါမရှိခဲ့ခြင်းမှာသင်တို့ယုံကြည်လာစေရန်
ဖြစ်၍ သင်တို့အတွက် ငါဝမ်းမြောက်ပါ၏။သူ့ထံသို့
၁၆။ သွားကြကုန်စို့ဟု မြွက်တော်မူ၏။ အမွှာညီနောင်ဟု
အဓိပ္ပါယ်ရသည့် **ဒီးဒီမု**အမည်ရှိသူ **သောမတ်**က
ကိုယ်တော်နှင့်အတူအသေခံရန်ငါတို့လည်းသွားကြစို့
ဟု မိမိအဖော် တပည့်တော်များအား ဆိုလေ၏။

## ရှင်ပြန်ထမြောက်ခြင်းနှင့်အသက်ဖြစ်တော်မူသောသခင်ယေရှူး

၁၇။ သခင်**ယေရှူး** ကြွလာတော်မူသောအခါ**လာဇရု**သည်
သင်္ချိုင်းတွင်း၌ လေးရက်တိုင် ရှိနေပြီးဖြစ်ကြောင်း
၁၈။ ကိုယ်တော်တွေ့ရှိတော်မူ၏။**ဘက်သနီ**ရွာသည်**ဂျေရု
ဆလင်**မြို့အနီး နှစ်မိုင်ခန့်အကွာတွင် ရှိသည်ဖြစ်၍
၁၉။ **ဂျူး**လူမျိုးအမြောက်အများတို့သည်**မာသ**နှင့် **မာရိ
ယာ**တို့ကိုသူမတို့၏မောင်အတွက်အားပေးနှစ်သိမ့်
၂၀။ ရန်လာကြ၏။သခင်**ယေရှူး**ကြွလာတော်မူကြောင်းကို
**မာသ**ကြားလျှင်ကိုယ်တော်အားကြိုဆိုရန်ထွက်သွား
လေ၏။ **မာရိယာ**မူကား အိမ်တွင်ထိုင်လျက်နေခဲ့၏။
၂၁။ **မာသ**က သခင်**ယေရှူး**အား၊သခင်ဘုရား၊ ဤနေရာ
မှာကိုယ်တော်ရှိခဲ့ပါလျှင်တပည့်တော်မ၏မောင်သည်
၂၂။ သေလိမ့်မည်မဟုတ်ပါ[၂]။ သို့ရာတွင်ယခုပင်လျှင်
ဘုရားသခင်ထံတော်၌ ကိုယ်တော်တောင်းသမျှကို
ဘုရားသခင်ပေးတော်မူမည့်အကြောင်းတပည့်တော်မ
သိ ပါသည် လျှောက်ထားလေ၏။
၂၃။ သခင်**ယေရှူး**ကသင်၏မောင်သည်ပြန်ရှင်လိမ့်မည်ဟု
၂၄။ သူမအားမိန့်တော်မူ၏။ **မာသ**ကနောက်ဆုံးသော
နေ့ရက်၌ ရှင်ပြန်ထမြောက်ကြသောအခါသူသည်
လည်းရှင်ပြန်ထမြောက်လိမ့်မည်ကိုတပည့်တော်မသိ
ပါ၏ဟု ကိုယ်တော်အားလျှောက်၏။

---

[၁] (၁၁း၁၁) ခရစ္စတီယန်တို့သည် သေခြင်းကိုအိပ်ပျော်ခြင်းဟု ခေါ်လေ့ရှိ၏။ အကြောင်းမူကား သေလွန်ပြီးသူတို့သည် နောင်တစ်နေ့ပြန်၍ ရှင်ပြန်ထမြောက်ကြမည်ဖြစ်သောကြောင့်တည်း။

[၂] (၁၁း၂၁) လာဇရုးသေ၍သင်္ဂြိုလ်ပြီးဖြစ်သော်လည်းကိုယ်တော်သည်သူ့ကိုပြန်၍အသက်ရှင်စေနိုင်တော်မူကြောင်း ညီအစ်မနှစ်ယောက် နားမလည်ကြသေးပေ။

၂၅။ သခင်**ယေရှူး**ကလည်း သူမအား မိန့်တော်မူသည်မှာ
ငါသည်ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက်လည်း
ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေပြီးသော်
လည်းအသက်ရှင်လိမ့်မည်[၃]။
၂၆။ အသက်ရှင်၍ ငါ့ကိုယုံကြည်သူတိုင်းသည်လည်း
မည်သည့်အခါမျှ သေလိမ့်မည်မဟုတ်၊ ဤအချက်
ကိုသင်ယုံကြည်သလောဟုမေးတော်မူ၏။
၂၇။ သူမကမှန်ပါ၏ သခင်ဘုရား၊ ကိုယ်တော်သည်ဘု
ရား၏သားတော် ဤလောကသို့ကြွလာတော်မူသော
အရှင်၊ ဃရစ်တော်သခင်ဖြစ်တော်မူကြောင်းကိုတ
ပည့်တော်မယုံကြည်ပါ၏ဟု ဖြေကြားလေ၏။

## သခင်ယေရှူးမျက်ရည်ကျတော်မူခြင်း

၂၈။ ဤသို့လျှောက်ထားပြီးသည့်နောက်သူမသည်သွား၍
မိမိညီမ **မာရိယာ**ကိုခေါ်လျှက် ဆရာသခင်သည်
ဤနေရာ၌ရောက်နေလေပြီ။ သင့်ကိုခေါ်တော်မူသည်
၂၉။ ဟု တိတ်တဆိတ် ပြောဆိုလေ၏။ **မာရိယာ**သည်ထို
စကားကိုကြားလျှင် အလျင်အမြန်ထ၍ အထံတော်သို့
၃၀။ သွားလေ၏။ ထိုအချိန်၌ သခင်**ယေရှူး**သည်ရွာထဲသို့
ရောက်မလာသေးပဲ၊ **မာဿ**ကကိုယ်တော်ကိုတွေ့ဆုံ
သောအရပ်၌ပင် ရှိနေဆဲဖြစ်၏။
၃၁။ ထို့ကြောင့်**မာရိယာ**နှင့်အတူ အိမ်တွင်ရှိနေပြီးသူမကို
အားပေး နှစ်သိမ့်ပြောဆိုနေကြသော **ဂျူး**လူမျိုးတို့
သည်**မာရိယာ**အလျင်အမြန်ထ၍ ထွက်သွားသည်ကို
မြင်ကြသောအခါ၊ သူမသည် ငိုကြွေးရန် သင်္ချိုင်းသို့
ထွက်သွားသည်ဟုထင်မှတ်ကြပြီးနောက်သို့လိုက်ကြ
၃၂။ လေ၏။ **မာရိယာ**သည် သခင်**ယေရှူး** ရှိတော်မူသော
နေရာသို့ရောက်၍ ကိုယ်တော့်ကိုမြင်လျှင်၊ ခြေတော်
ရင်း၌ပျပ်ဝပ်လျက်၊ သခင်ဘုရား၊ ကိုယ်တော်သည်
ဤနေရာမှာရှိတော်မူခဲ့ပါလျှင်တပည့်တော်မ၏မောင်
သည်သေရလိမ့်မည်မဟုတ်ပါဟုလျှောက်ထားလေ၏
၃၃။ သခင်ယေရှူးသည် **မာရိယာ**ငိုကြွေးနေသည်ကိုလည်း
ကောင်း၊သူမနှင့်အတူပါလာသော **ဂျူး**လူမျိုးများ
ငိုကြွေးနေကြသည်ကိုလည်းကောင်း တွေ့မြင်တော်မူ
လျှင်၊ အလွန်စိတ်လှုပ်ရှား၍စိတ်သောကရောက်တော်
မူ၏[၄]။
၃၄။ ကိုယ်တော်က သူ၏အလောင်းကိုအဘယ်မှာထားကြ
သနည်းဟု မေးတော်မူလျှင် သူတို့က သခင်ဘုရား၊
လာရောက်၍ကြည့်ရှုတော်မူပါဟုလျှောက်ထားကြ၏၊
၃၅။ သခင်**ယေရှူး**သည် မျက်ရည်ကျတော်မူ၏[၅]။
၃၆။ ထို့အခါ**ဂျူး**လူမျိုးတို့က၊ကိုယ်တော်သည်**လာဇရု**အား
ဤမျှလောက် ချစ်သည်ကို ကြည့်ကြလော့ဟုပြောဆို
၃၇။ ကြ၏။သို့သော်သူတို့တွင်အချို့ကမျက်မမြင်၏မျက်စိ
များကို ပြန်မြင်စေခဲ့သော ဤသူသည် **လာဇရု**ကို
သေခြင်းမှတားဆီးရန်မတတ်နိုင်ပါသလောဟုဆိုကြ
၏။

## လာဇရုကိုအသက်ပြန်ရှင်စေတော်မူခြင်း

၃၈။ တဖန် သခင်**ယေရှူး**သည် အလွန်စိတ်မသာမယာဖြစ်
လျှက် သင်္ချိုင်းသို့ ကြွသွားတော်မူ၏။သင်္ချိုင်းတွင်း
သည်ကား ကျောက်လိုဏ်ဂူဖြစ်ပြီး၊ ကျောက်တုံးတစ်
၃၉။ တုံးနှင့်ပိတ်ထားလျှက်ရှိ၏။သခင်**ယေရှူး**ကကျောက်
တုံးကိုရွှေ့လိုက်ကြလော့ဟုမိန့်တော်မူ၏။ထိုအခါသူ
၏အစ်မ**မာဿ**က သခင်ဘုရား ယခုအချိန်ဆိုလျှင်
အနံ့ထွက်နေပါလိမ့်မည်။အကြောင်းမူကားသူသေဆုံး
သည်မှာ လေးရက်ရှိပါပြီဟု လျှောက်ထားလေ၏။
၄၀။ သခင်**ယေရှူး**က သင်ယုံကြည်လျှင် ဘုရားသခင်၏
ဘုန်းဂုဏ်တော်ကိုမြင်ရမည့်အကြောင်းသင့်အားငါဆို
ခဲ့ပြီ မဟုတ်လောဟု မိန့်တော်မူ၏။
၄၁။ ထို့ကြောင့် သူတို့သည်လည်းကျောက်တုံးကိုရွှေ့လိုက်
ကြ၏။သခင်**ယေရှူး**သည်အထက်သို့မျှော်ကြည့်လျှက်
အိုအဖ၊ ကျွန်ုပ်အား နားညောင်းတော်မူသော ကြောင့်
ကိုယ်တော်အား ကျေးဇူးတင်ပါသည်[၆]။
၄၂။ ကိုယ်တော်သည် ကျွန်ုပ်ကို အစဉ်အမြဲ နား
ညောင်းတော်မူကြောင်းကျွန်ုပ်သိပါ၏။သို့သော်ကိုယ်
တော်သည် ကျွန်ုပ်ကို စေလွှတ်တော်မူ ကြောင်းကို
ဤနေရာတွင် ရပ်နေကြသော သူတို့ယုံကြည်လာကြ

---

[၃] (၁၁း၂၅) ငါသည်အသက်ပြန်၍ရှင်စေနိုင်သူ၊အသက်ပေးနိုင်သူဖြစ်၏ဟုဆိုလိုသည်။

[၄] (၁၁း၃) သခင်ယေရှူးသည်လူပကတိဖြစ်တော်မူ၍လူတို့၏ပူပင်သောကများကိုလူများနည်းတူ ခံစားရ၏။ သို့ရာတွင်ထိုခံစားချက်များကို ထိန်းချုပ်နိုင်၏။

[၅] (၁၁း၃၅) သခင်ယေရှူးသည် မျက်ရည်ကျတော်မူခြင်းအားဖြင့် လူစင်စစ်ဖြစ်ကြောင်းသက်သေပြပြီး လာဇရုးကို အသက်ပြန်၍ ရှင်စေခြင်းဖြင့် ဘုရားစင်စစ်ဖြစ်ကြောင်းသက်သေပြတော်မူ၏။

[၆] (၁၁း၄၁) ခမည်းတော်ဘုရားထံမိမိတောင်းလျှောက်သည့်အရာကို ဧကန်အမှန်ရမည်ဖြစ်ကြောင်းသခင်ယေရှူးသိသော်လည်း လူတို့အတွက် စံနမူနာဖြစ်စေရန် ထိုသို့ဆုတောင်းခဲ့ခြင်းဖြစ်၏။

စေရန်ဤသို့တောင်းလျှောက်ခြင်းဖြစ်ပါ၏ဟူ၍မြွက်
ဆိုတော်မူ၏။
၄၃။ ဤသို့မြွက်ဆိုတော်မူပြီးနောက်ကိုယ်တော်က**လာဇရု**
ထွက်ခဲ့လော့ဟု ကျယ်လောင်သောအသံနှင့်ခေါ်တော်
၄၄။ မူ၏။သေလွန်သူသည်မိမိခြေနှင့်လက်တို့တွင်ပိတ်စ
များဖြင့်စည်းထားလျက်မျက်နှာတွင်လည်းအဝတ်နှင့်
ပတ်ရစ်ထားလျက်ပင် ထွက်လာလေ၏။သခင်**ယေရှု**
ကလည်းသူ့ကိုဖြည်လွှတ်ပေးကြလော့ဟု သူတို့အား
မိန့်တော်မူ၏[၇]။

## သခင်ယေရှုကိုသတ်ရန်ကြံစည်ကြခြင်း

(မာ ၂၆း၁-၅၊ မာကု ၁၄း၁-၂၊ လု ၂၂း၁-၂)

၄၅။ ထို့ကြောင့်**မာရိယာ**နှင့်အတူလိုက်လာခဲ့ကြသော **ဂျူး**
လူမျိုးတို့သည်သခင်**ယေရှု**ပြုတော်မူသောအမှုတို့ကို
မြင်ကြရ၍ ကိုယ်တော်ကိုယုံကြည်ကြ၏။
၄၆။ သို့သော်ထိုသူတို့အနက် အချို့တို့သည် **ဖါရိဇေဦး**
များထံသို့သွား၍ သခင်**ယေရှု**ပြုတော်မူသောအ
ကြောင်းအရာများကိုပြောပြကြ၏။ သို့ဖြစ်၍ရဟန်း
၄၇။ အကြီးအကဲများနှင့် **ဖါရိဇေဦး**တို့သည်လွှတ်တော်
အစည်းအဝေးခေါ်လျှက်ဆွေးနွေးကြသည်ကား ငါတို့
မည်သို့ပြုကြမည်နည်း။ အကြောင်းမှာ ဤသူသည်
များစွာသော အံ့သြဖွယ် နိမိတ်လက္ခဏာများကိုပြ၏။
၄၈။ ငါတို့သည်သူ့ကိုဤသို့ခွင့်ပြုထားပါလျှင်လူတိုင်းက
သူ့ကိုယုံကြည်လာကြလိမ့်မည်။ထိုအခါ**ရောမ**လူမျိုး
တို့သည်လာ၍ငါတို့၏သန့်ရှင်းရာဌါနနှင့်တကွငါတို့
လူမျိုးတစ်မျိုးလုံးကို ဖျက်ဆီးကြလိမ့်မည်ဟု ပြောဆို
၄၉။ ကြ၏။ သို့သော်သူတို့တွင် တစ်ဦးအပါအဝင်ဖြစ်၍
ထိုနှစ်အတွက်ရဟန်းအကြီးအကဲဖြစ်သော**ကာအိဖ**က
သင်တို့သည်မည်သည့်အရာကိုမျှ မသိကြပါတကား။
၅၀။ လူမျိုးတစ်စုလုံးမပျက်စီးစေရန်အများအတွက်လူတစ်
ယောက်သေခြင်းသည်သင်တို့အတွက်သာ၍ကောင်း
သည်ကိုသင်တို့နားမလည်ဟု သူတို့အားပြောဆိုလေ
၏[၈]။

၅၁။ ဤသို့ဆိုရာတွင် **ကာအိဖ**သည် မိမိ အလိုဆန္ဒ အ
လျှောက် ပြောဆိုခြင်းမဟုတ်ချေ၊ သူသည်ထိုနှစ်
အတွက် ရဟန်း အကြီးအကဲ ဖြစ်ခဲ့သည့်အလျောက်
ပရောဖက်ဉာဏ်ဖြင့် ကြိုတင်ပြောဆိုခဲ့သည်မှာသခင်
**ယေရှု**သည် လူမျိုးတစ်စုလုံးအတွက် အသေခံရလိမ့်
၅၂။ မည့်အကြောင်းနှင့်၊ ကိုယ်တော်သည်လူမျိုးတစ်စုလုံး
အတွက်သာမက၊ တိုင်းတစ်ပါးတွင် ပျံ့နှံ့နေသော
ဘုရားသခင်၏သားသမီးများကိုတစ်လုံးတစ်ဝတည်း
စုစည်းမည့်အကြောင်းတို့ကိုဟောခဲ့ခြင်းဖြစ်၏။
၅၃။ သို့ဖြစ်၍ထိုနေ့မှစပြီး ထိုသူတို့သည် ကိုယ်တော်အား
သတ်ရန်ဆွေးနွေးတိုင်ပင်ကြ၏။
၅၄။ ထို့ကြောင့် သခင်**ယေရှု**သည် **ဂျူး**လူမျိုးတို့အလယ်
တွင် ထင်ထင်ရှားရှားသွားလာခြင်း မပြုတော့ချေ။
ကိုယ်တော်သည် တောကန္တာရအနီးရှိ **ဧဖရိမ်**ဟုခေါ်
သောမြို့သို့ကြွသွားတော်မူ၍ထိုအရပ်တွင်တပည့်တော်
တို့နှင့်အတူနေတော်မူ၏။
၅၅။ ထိုအခါ**ဂျူး**လူမျိုးတို့၏ပါစကားပွဲတော်ကျင်းပရန်နီး
ကပ်လာပြီဖြစ်၍ များစွာသော **ဂျူး**လူမျိုးတို့သည်မိမိ
ကိုယ်ကို သန့်စင်စေခြင်းငှါ၊ ပါနယ် အရပ်ရပ်မှ
**ဂျေရုဆလင်**မြို့သို့ စကားပွဲမတိုင်မီသွားကြလေ၏။
၅၆။ ထိုသူတို့သည်ပွဲ၌သခင်**ယေရှု**ကိုရှာနေကြ၏။သူတို့
သည်ဗိမ္မာန်တော်၌ရပ်နေကြစဉ် အချင်းချင်း မေးမြန်း
ကြသည်မှာ သင်တို့မည်သို့ထင်ကြသနည်း။ ဤသူ
သည်ပွဲတော်သို့မလာပဲနေမည်လောဟုပြောဆိုနေကြ
၅၇။ ၏[၉]။ ထိုအချိန်တွင်ရဟန်းအကြီးအကဲများနှင့်**ဖါရိဇေ
ဦး**များတို့က သခင်**ယေရှု**ကို ဖမ်းဆီးနိုင်ရန်အတွက်
မည်သူမဆို သခင်ယေရှုရှိရာအရပ်ကိုသိလျှင် သူတို့
ကိုအကြောင်းကြားရမည်ဟု အမိန့်ထုတ်ပြန်ထားပြီး
ဖြစ်သတည်း။

## အခန်းကြီး (၁၂)

## ဘက်သနီရွာတွင်ကိုယ်တော်၏ခြေတော်ကိုဆီ မွှေး ဖြင့်လိမ်းခြင်း

(မာ ၂၆း၆-၁၃၊ မာကု ၁၄း၃-၉)

၁။ ပါစကားပွဲတော်မတိုင်မီ ခြောက်ရက်အလိုတွင်သခင်

[၇] (၁၁း၄၄) အပြစ်တို့၏ အခွင့်ချမ်းသာကို ပေးသနားတော်မူသောသူမှာဘုရား သခင်သာဖြစ်ပြီး။ ချည်နှောင်ရန်နှင့်ဖြေလွှတ်ရန်ကား ရဟန်းများနှင့်ဆိုင်သည်။

[၈] (၁၁း၅၀) သခင်ယေရှုသည် ဂျူးလူမျိုးများမှစ၍ လူသတ္တဝါအပေါင်းတို့အ တွက်အသေခံရမည်ဖြစ်ကြောင်းကို ကာအိဖသည် ပရောဖက်ဉာဏ်ဖြင့် ဟောခြင်း ဖြစ်၏။ ကာအိဖသည် ယုတ်မာသူဖြစ်သော်လည်း ဘုရားသခင်သည်သူ့အား ပရောဖက်ဉာဏ်ကိုပေးတော်မူ၏။ ဤအချက်ကိုထောက်၍ပရောဖက်ဉာဏ်ရသော သူတိုင်းပါရမီ ရင့်ကျက်သည်ဟု မယူဆအပ်ပေ။ တောလည်ရာကျမ်းအခန်းကြီး ၂၄ တွင်ဗါလမ်သည်သူတော်ကောင်းမဟုတ်သော်လည်း ပရောဖက်ဉာဏ်ဖြင့် ဟောခဲ့ကြောင်းတွေ့ရ၏။

[၉] (၁၁း၅၆) သခင်ယေရှုသည် မိမိ၏အချိန်နာရီမကျရောက်မီ ရန်သူ့လက်သို့မ ရောက်စေလို၍ ထိုအချိန်၌ မလာပဲနေခဲ့ခြင်းဖြစ်သည်။

ယေရှုသည်**ဘက်သနီ**ရွာသို့ကြွလာတော်မူ၏။ထိုရွာ
သည်ကား သခင်**ယေရှု**က **လာဇရု**ကို သေရာမှပြန်
ရှင်စေတော်မူခဲ့သောနေရာပင်ဖြစ်၏။
၂။ ထိုရွာတွင် ကိုယ်တော်ကို ညစာတည်ခင်းဧည့်ခံကြရာ
**မာသ**သည်ဧည့်ဝတ်ပြု၍**လာဇရု**မှာမူကိုယ်တော်နှင့်
အတူစားပွဲထိုင်သူများအနက်တစ်ဦးအပါအဝင်ဖြစ်၏
၃။ **မာရိယာ**သည်ကားအလွန်အဖိုးထိုက်တန်သော**နာဒု**
ဆီမွှေးတစ်ပေါင်ကိုယူ၍သခင်**ယေရှု**၏ခြေတော်များ
ကိုလိမ်းကျံပေးပြီးနောက်မိမိ၏ဆံပင်နှင့်သုတ်လေ
၏။ဆီမွှေး၏မွှေးကြိုင်သောရနံ့သည် တစ်အိမ်လုံး
၄။ ပြည့်နှက်လျှက်ရှိ၏။တပည့်တော်တို့တွင်တစ်ဦးအပါ
၅။ အဝင်ဖြစ်ပြီးကိုယ်တော့်ကိုအပ်နှံမည့်သူဖြစ်သော**ဂျုဒ
အီစကာယုဒ်**က၊အဘယ်ကြောင့်ဤဆီမွှေးကိုဒေနာရီ
သုံးရာဖြင့် ရောင်းပြီး ဆင်းရဲသားတို့အား မစွန့်ကြသ
နည်းဟုဆို၏။
၆။ ဤသို့ သူဆိုရခြင်းမှာ ဆင်းရဲသားတို့အား စာနာ
ထောက်ထားခြင်းကြောင့်မဟုတ်၊ သူခိုး တစ်ယောက်
ဖြစ်သောကြောင့်တည်း။သူသည်ငွေအိတ်ကိုင်သောသူ
ဖြစ်ပြီးငွေအိတ်တွင်ထည့်ထားသောငွေကိုခိုးယူလေ့ရှိ
၏[၁]။
၇။ သို့သော် သခင်**ယေရှု**က သူမကိုမတားဆီးနှင့်။သူမ
အလိုရှိသည့်အတိုင်းပြုပါစေ၊ ငါ့ကိုသင်္ဂြိုဟ်ရမည့်နေ့
အတွက် သူမသည်ဤအမှုကိုပြုပါစေ။
၈။ ဆင်းရဲသားတို့သည် သင်တို့နှင့် အစဉ်ရှိကြ၏။ ငါ
မူကားသင်တို့နှင့်အစဉ်ရှိလိမ့်မည်မဟုတ်ဟုမိန့်တော်
မူ၏[၂]။

## လာဇရုကိုသတ်ရန်ကြံစည်ခြင်း

၉။ ထိုအရပ်၌ကိုယ်တော်ရှိတော်မူကြောင်းကိုများစွာသော
**ဂျူး**လူမျိုးတို့ ကြားသိကြသောအခါသူတို့သည်သခင်
**ယေရှု**ကို တွေ့မြင်ရန်အတွက်သာမဟုတ်၊ သေရာမှ
ကိုယ်တော်ပြန်ရှင်စေခဲ့သော**လာဇရု**ကိုလည်းတွေ့မြင်
ရန်လာကြ၏။
၁၀။ ထိုအခါ ရဟန်းအကြီးအကဲတို့သည်**လာဇရု**ကိုလည်း
၁၁။ သတ်ရန်ကြံစည်ကြ၏[၃]။ အဘယ်ကြောင့်ဆိုသော်
များစွာသော**ဂျူး**လူမျိုးတို့သည် **လာဇရု**အတွက်
ကြောင့်သူတို့ထံမှ ထွက်သွားကြပြီး သခင်**ယေရှု**ကို
ယုံကြည်ကြသောကြောင့်ဖြစ်၏။

## ဂျေရုဆလင်မြို့သို့ကြီးကျယ်ခမ်းနားစွာကြွဝင်တော်မူခြင်း

(မာ ၂၁း၁–၁၁၊ မာကု ၁၁း၁–၁၁၊ လု ၁၉း၂၈–၄၀)

၁၂။ နောက်တစ်နေ့၌**ဂျေရုဆလင်**မြို့သို့ သခင်**ယေရှု** ကြွ
လာတော်မူကြောင်းကို ပါစကားပွဲတော်သို့ လာကြ
သောလူအစုအဝေးကြီးသည် ကြားသိကြ၏။
၁၃။ ထိုအခါသူတို့သည်စွံပလွန်ပင်မှအကိုင်းအခက်များကို
ယူဆောင်ကြပြီးကိုယ်တော်ကိုကြိုဆိုရန်ထွက်သွားကြ
လျှက် ဟိုဇန်နာ၊ ဘုရားသခင်၏နာမတော်နှင့်ကြွလာ
တော်မူသော၊ ဘုရင်အား မင်္ဂလာရှိစေသတည်းဟု
ကြွေးကြော်ကြ၏။
၁၄။ သခင်**ယေရှု**သည်မြည်းကလေးကိုတွေ့သဖြင့် မြည်း
ပေါ်မှာထိုင်၍ စီးတော်မူ၏။ကျမ်းစာ၌ရေးထားသည်
၁၅။ ကား၊ အို **ဇီအုံ**သမီး၊ မကြောက်ရွံ့နှင့် ကြည့်လော့
သင်၏ဘုရင်သည် မြည်းမ၏သားငယ်ပေါ်မှာ ထိုင်
လျှက် ကြွလာလေပြီဟူ၍တည်း။
၁၆။ ကိုယ်တော်၏တပည့်တော်များသည်ဤကျမ်းချက်ကို
အစအဦးကနားမလည်ခဲ့ကြပေ။
သခင်**ယေရှု**ကိုဘုန်းတော်ထင်ရှားစေတော်မူသောအ
ခါမှသာလျှင်ကိုယ်တော်အား ရည်ညွှန်း၍ရေးသား
ထားသောဤကျမ်းချက်သည် ကိုယ်တော်၌အမှန်ပင်
ဖြစ်ပျက်ခဲ့ကြောင်းကိုသူတို့သတိရကြ၏[၄]။
၁၇။ **လာဇရု**ကိုသင်္ချိုင်းဂူမှခေါ်ထုတ်၍ပြန်ရှင်စေတော်မူခဲ့
သောအချိန်တွင်ကိုယ်တော်နှင့်အတူရှိခဲ့သောလူအစု
အဝေးတို့သည်လည်းကိုယ်တော်ကိုသက်သေခံကြ၏၊
၁၈။ လူအစုအဝေးတို့သည် ကိုယ်တော်ကိုကြိုဆိုရန် သွား
ရောက်ကြသည့်အကြောင်းရင်းကားဤအံ့ဖွယ်နိမိတ်
လက္ခဏာကိုကိုယ်တော်ပြုတော်မူခဲ့ကြောင်းကိုကြား

---

[၁] (၁၂း၆) သခင်ယေရှုနှင့်တပည့်များသည် ရသမျှအလှူငွေကို အတူတကွစား သုံးခဲ့ကြ၏။ ယုဒသည်ထိုအလှူငွေများကို လက်ခံပြီး မိမိအတွက်ခိုးယူလေ့ရှိ၏။

[၂] (၁၂း၈) ယေရှုခရစ်တော်သည် ဘုန်းအာနုဘော်တော်အားဖြင့်ဖြစ်စေ၊ ကြည့်ရှုစောင့်ရှောက်တော်မူခြင်းအားဖြင့်ဖြစ်စေ၊ ကျေးဇူးတော်အားဖြင့်ဖြစ်စေ၊ငါတို့နှင့်အစဉ်မပြတ်၊ နေရာတိုင်းတွင်ရှိတော်မူသည်။ မြင်နိုင်သောလူ့ကိုယ်ခန္ဓာအားဖြင့်မူကားထိုသို့ရှိတော်မူသည်မဟုတ်ဟု ဆိုလိုသည်။

[၃] (၁၂း၁၀) ဤအချက်နှင့်ပတ်သက်၍ ရဟန္တာသြဂုတ်စတင်း ရေးထားသည်မှာ၊ လူမိုက်၊ သေလွန်ပြီးသော လာဇရုးကို ယေရှုးရှင်ပြန်စေနိုင်လျှင်၊ အသတ်ခံရသောလာဇရုးကိုလည်း ရှင်ပြန်စေနိုင်တော်မူမည်မဟုတ်လောဟူ၍တည်း။

[၄] (၁၂း၁၆) သခင်ယေရှုး ကောင်းကင်သို့တက်တော်မူပြီးနောက်ဝိညာဉ်တော်မြတ်ဘုရားဆင်းသက်တော်မူပြီးသည့်အချိန်မှသာလျှင်ပည့်တော်တို့သည်သခင်ယေရှုးမိန့်တော်မူခဲ့သော ထိုစကားများကိုနားလည်ကြ၏၊

သိခဲ့ရသောကြောင့်တည်း။
၁၉။ **ဖါရိရှဲဦး**တို့သည်အချင်းချင်း ပြောဆိုကြသည်မှာ
သင်တို့မည်သို့မျှမတတ်နိုင်သည်ကို သင်တို့မြင်ကြပြီ
လော။ ကြည့်လော့၊တစ်ကမ္ဘာလုံးသည် သူ၏နောက်
သို့လိုက်သွားကြပါပြီဟုပြောဆိုကြ၏။

## အချို့သောဂရိလူမျိုးတို့ကိုယ်တော်ကို တွေ့လိုကြခြင်း

၂၀။ ပွဲတော်၌ ဝတ်ပြု ကိုးကွယ်ရန် တက်ရောက်လာကြ
သောသူတို့တွင် **ဂရိ**လူမျိုးအချို့လည်းပါဝင်၏။
၂၁။ ထိုသူတို့သည်**ဂါလိလေ**နယ်၊**ဘက်ဇိုင်ဒါ**မြို့သားဖြစ်
သော **ဖိလစ်**ထံသို့သွားကြ၍သခင်၊ ကျွန်တော်တို့
သည်သခင်**ယေရှု**ကို တွေ့မြင်လိုကြပါသည် ဟုပြော
ကြ၏။
၂၂။ **ဖိလစ်**သည်သွား၍**အန္ဒြေးယ**အားပြော၏။**အန္ဒြေးယ**
သည်လည်း**ဖိလစ်**နှင့်အတူသွားပြီးလျှင်သခင်**ယေရှု**
အားထိုအကြောင်းကိုလျှောက်ထားကြ၏။
၂၃။ သခင်**ယေရှု**ကသူတို့အားပြန်ပြောတော်မူသည်ကား၊
လူ့သားအတွက် ဘုန်းတော်ထင်ရှားစေရန် အချိန်
ရောက်ရှိလာလေပြီ။
၂၄။ သင်တို့အား ငါဧကန်အမှန်ဆိုသည်ကား၊ ဂျုံစပါးစေ့
တစ်စေ့သည် မြေပေါ်သို့ကျ၍ မသေမပျက်ဘဲရှိသော်
တစ်စေ့တည်းအဖြစ်ဆက်လက်တည်ရှိမည်။သေကြေ
ပျက်စီးလျှင်မူကား များစွာသော အသီးတို့ကိုသီးစေ
တတ်၏[၅]။
၂၅။ မိမိအသက်ကို ချစ်သောသူသည် အသက်ဆုံးရှုံးလိမ့်
မည်။ ဤလောက၌ မိမိအသက်ကိုမုန်းသောသူသည်
ထာဝရအသက်တာအတွက် ထိုအသက်ကိုထိမ်းသိမ်း
၂၆။ ထားလိမ့်မည်။ အကြင်သူသည် ငါ၏အမှုတော်ကို
ထမ်း ဆောင်လျှင် သူသည်ငါ့နောက်သို့လိုက်ရမည်။
ငါ၏ အမှုတော်ကိုထမ်းဆောင်သောသူသည်လည်း
ငါရှိရာအရပ်၌ရှိလိမ့်မည်။ အကြင်သူသည်ငါ၏အမှု
တော်ကိုထမ်းဆောင်လျှင် ခမည်းတော်ဘုရားသည်
သူ့ကိုချီးမြှောက်တော်မူလိမ့်မည်။

[၅] (၁၂း၂၄) သခင်ယေရှုသည် ဂျုံစပါးစေ့ကို ဥပမာပေး၍ ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ဖေါက်ပြန်သော ဂျူးလူမျိုးတို့သည် ကိုယ်တော်ကို သတ်၍ သေစေခဲ့၏။ သစ္စာရှိသောခရစ်ယာန်တို့ကား ကိုယ်တော်၏သတင်းကောင်းကို အရပ်ရပ်၌ ဖြန့်ချီကြခြင်းဖြင့် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေခဲ့လေပြီ။

## လူသားသည်မြေပေါ်မှမြှောက်ထားခြင်း ခံရလိမ့်မည်

၂၇။ ယခုငါသည် စိတ်သောက ရောက်လျက်ရှိ၏။ငါမည်
သို့ဆိုရအံ့နည်း။ အို အဖ၊ ဤအချိန်နာရီမှကျွန်ုပ်ကို
ကယ်တော်မူပါဟူ၍လော။ မဟုတ်ပေ။ ဤရည်ရွယ်
ချက်အတွက် ဤအချိန်နာရီသို့ ငါရောက်လာခဲ့ခြင်း
ဖြစ်သည်။
၂၈။ အို အဖ၊ ကိုယ်တော်၏နာမတော်အားဘုန်းတော်ထင်
ရှားစေတော်မူပါဟူ၍ မိန့်တော်မူ၏။ ထိုအခါကောင်း
ကင်မှအသံထွက်ပေါ်လာသည်ကားငါသည်နာမတော်
ကို ဘုန်းတော်ထင်ရှားစေခဲ့ပြီ။ နောက်တဖန်ထင်ရှား
၂၉။ စေဦးမည်ဟူ၍တည်း[၆]။ အနီးတွင် ရပ်နေကြသောလူ
အစုအဝေးသည် ထိုအသံကိုကြားလျှင် မိုးထစ်ချုန်း
သည်ဟုဆိုကြ၏။အချို့ကမူ၊ ကောင်းကင်တမန်တော်
တစ်ပါးသည်ကိုယ်တော်ကိုစကားပြောလေပြီ ဟုဆို
ကြ၏။
၃၀။ သခင်**ယေရှု**ကပြန်ပြောတော်မူသည်မှာ ဤအသံ
ထွက်ပေါ်လာခြင်းသည်ငါ့အတွက်မဟုတ်၊သင်တို့အ
တွက် ဖြစ်၏။
၃၁။ ဤလောကသည် ယခုပင် တရားစီရင်ခြင်းခံရလေပြီ။
ဤလောကကိုအုပ်စိုးသူသည်လည်း ယခုပင်နှင်ထုတ်
၃၂။ ခြင်းခံရလိမ့်မည်[၇]။ ငါမူကား မြေပေါ်မှ မြှောက်ထား
ခြင်းခံရသောအခါ လူသားအားလုံးကို ငါ့ထံသို့ဆွဲ
ဆောင်ခေါ်ယူလိမ့်မည်ဟု မိန့်တော်မူ၏။
၃၃။ ဤသို့ ကိုယ်တော်မိန့်တော်မူခြင်းမှာမိမိသည်မည်သို့
သောသေခြင်းဖြင့်သေရလိမ့်မည်ကိုဖော်ပြခြင်းဖြစ်၏၊
၃၄။ လူအစုအဝေးကြီးက ခရစ်တော်သည်အစဉ်အမြဲတည်
တော်မူ၏ဟူ၍ တရားကျမ်းမှ ငါတို့ကြားသိခဲ့ရပြီ။
လူသားသည်မြှောက်ထားခြင်းကိုခံရမည်ဟုသင်မည်
သို့ ဆိုနိုင်ပါသနည်း။ ထိုလူသားသည် မည်သူနည်း
ဟုကိုယ်တော်အား ပြန်လျှောက်ထားကြ၏။
၃၅။ သခင်**ယေရှု**က သူတို့အားဆိုသည်မှာ အလင်းသည်

[၆] (၁၂း၂၈) အသက်တော်ထွက်တော်မူသော အခါ၌ လည်းကောင်း၊ရှင်ပြန်တော်မူသောအခါ၌ လည်းကောင်း ကောင်းကင်ဘုံသို့တက်တော်မူသောအခါ၌ လည်းကောင်း၊ ခမည်းတော်ဘုရားသည်များစွာသောတန်ခိုးတော်များအားဖြင့် မိမိသားတော်၏ဘုန်းတော်ကို ထင်ရှားစေတော်မူ၏။

[၇] (၁၂း၃၁) ဤလောကကို အုပ်စိုးသူဟုဆိုရာတွင် နတ်ဆိုးကိုရည်ညွှန်းသည်။ သခင်ယေရှုလူ့အဖြစ်ကို ယူတော်မမူမီက နတ်ဆိုးသည်ဤလောလူသားတို့ကိုလွှမ်းမိုးနိုင်ခဲ့၏။ သခင်ယေရှု၏ဒုက္ခစရိယာ၊ သေခြင်းနှင့်ရှင်ပြန်ထမြောက်တော်မူခြင်းတို့၏အကျိုးဆက်များကြောင့်နတ်ဆိုး၏လွှမ်းမိုးမှုကိုတွန်းလှန်နိုင်ကြပေပြီ၊

သင်တို့နှင့်အတူတခဏမျှသာဆက်လက်တည်ရှိလိမ့်
မည်။ မှောင်မိုက်သည် သင်တို့ကို မဖုံးလွှမ်းရမည့်
အကြောင်းအလင်းရှိစဉ်အခိုက်လျှောက်လှမ်းကြလော့၊
မှောင်မိုက်၌ လျှောက်လှမ်းသောသူသည်မည်သည့်
၃၆။ အရပ်သို့ မိမိသွားနေသည်ကို မသိပေ။ သင်တို့သည်
အလင်း၏သားများ ဖြစ်ကြမည့်အကြောင်း သင်တို့၌
အလင်းရှိနေစဉ် အလင်းကို ယုံကြည်ကြလော့ဟုမိန့်
တော်မူ၏။ သခင်**ယေရှု**သည် ဤသို့ မိန့်တော်မူပြီး
နောက် ထွက်ကြွသွားတော်မူ၍ ထိုသူတို့ထံမှ တိမ်း
ရှောင်တော်မူ၏။

## ဂျူးလူမျိုးတို့ယုံကြည်ခြင်းကင်းမဲ့ခြင်း

၃၇။ သခင်**ယေရှု**သည် များစွာသော နိမိတ်လက္ခဏာများ
ကို သူတို့ရှေ့မှောက်တွင်ပြတော်မူခဲ့သော်လည်းထိုသူ
တို့သည် ကိုယ်တော်ကို မယုံကြည်ခဲ့ကြပေ။
၃၈။ ဤသို့ဖြစ်ရသည်မှာ၊ ပရောဖက်**အီဇာယ**ဟောကြားခဲ့
သည့်အတိုင်း၊ ထာဝရဘုရား၊တပည့်တော်တို့၏ဟော
ကြားခြင်းကိုမည်သူယုံကြည်သနည်း။ ကိုယ်တော်၏
လက်ရုံးတော်သည်မည်သူ့ကိုထင်ရှားပြပါသနည်းဟူ
သောကျမ်းစကားပြည့်စုံလာစေမည့်အကြောင်းတည်း၊
၃၉။ ထို့ကြောင့် သူတို့သည် မယုံကြည်နိုင်ခဲ့ကြ[၈]။ တဖန်
၄၀။ **အီဇာယ** ဟောကြားခဲ့သည်မှာ၊ သူတို့သည် မိမိတို့
မျက်စိဖြင့်မြင်ရ၍ နှလုံးသားဖြင့် သိနားလည်ပါလျှင်
မိမိတို့အနာအဆာများ ပျောက်ကင်းစေရန် ငါ့ထံသို့
ပြောင်းလဲ လာမည်စိုးသောကြောင့် ကိုယ်တော်သည်
သူတို့၏မျက်စိများကို ကွယ်စေလျက် နှလုံးသားကို
တင်းမာစေခဲ့ပြီဟူ၍တည်း[၉]။
၄၁။ **အီဇာယ**ကဤသို့ဆိုခဲ့ရခြင်းမှာ၊သူသည်ကိုယ်တော်
၏ ဘုန်းတော်ကိုဖူးမြင်ရသဖြင့် ကိုယ်တော်၏အ
ကြောင်းကိုဟောကြားခဲ့ခြင်းဖြစ်၏။
၄၂။ မည်သို့ပင်ဖြစ်စေ **ဂျူး**လူမျိုးခေါင်းဆောင်များ အပါ
အဝင်လူများစွာတို့သည်ကိုယ်တော်ကိုယုံကြည်ခဲ့ကြ
၏။သို့သော်သူတို့သည်**ဖါရိရှဲဦး**တို့ကိုကြောက်ရွံ့

[၈] (၁၂း၃၉) ဂျူးလူမျိုးတို့သည် ခေါင်းမာ၍ ဆုံးမရန်ခက်ခဲ၏။ သူတို့သည်စိတ်၌မျက်ကန်းများကဲ့သို့ဖြစ်နေသောကြောင့် အလင်းမရကြပဲ၊ ယုံကြည်ခြင်းကျေးဇူးကိုလည်း မခံစားရကြပေ။

[၉] (၁၂း၄၀) ဘုရားသခင်သည် ဂျူးလူမျိုးများအား ကယ်တင်ခြင်းမရရှိစေလို၍မဟုတ်။ဂျူးလူမျိုးတို့သည် ဘုရားသခင်၏ကျေးဇူးတော်များကို လက်မခံ၊ ပစ်ပယ်ကြသောကြောင့်သာ၊သူတို့၏နှလုံးသားသည်မခံစားတတ်၊သူတို့၏နှလုံးသားများကဲ့သို့ဖြစ်ပြီး မျက်စေ့လည်း မမြင်နိုင်ကဲ့သို့ဖြစ်ရကြ၏။

သောကြောင့်ယုံကြည်ခြင်းကိုထင်ရှားစွာဝန်မခံခဲ့ကြ
ပေ။ထိုသို့မဟုတ်လျှင် သူတို့သည် တရားဇရပ်မှ
ထုတ်ပယ် ခြင်းခံရမည်ဖြစ်သောကြောင့်တည်း။
၄၃။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်ထံ၏
ချီးမွမ်းခြင်းထက် လူတို့ထံ၏ ချီးမွမ်းခြင်းကို ပိုမိုနှစ်
၄၄။ သက်သောကြောင့်ဖြစ်၏[၁၀]။
သခင်**ယေရှု**သည်လည်းကြွေးကြော်၍ မိန့်တော်မူ
သည်ကားငါ့ကိုယုံကြည်သောသူသည်ငါ့ကိုသာလျှင်
ယုံကြည်ခြင်းမဟုတ် ငါ့ကို စေလွှတ်တော်မူသော
သူကိုလည်း ယုံကြည် ခြင်းဖြစ်၏။
၄၅။ ငါ့ကိုမြင်သော သူသည် ငါ့ကို စေလွှတ်တော်မူသော
၄၆။ သူကိုလည်းမြင်၏။ငါ့ကိုယုံကြည်သောသူဟူသမျှသ
ည်မှောင်မိုက်၌ဆက်လက်မတည်ရှိရစေရန်ငါသည်
အလင်းအဖြစ်နှင့်ဤလောကသို့ ကြွလာလေပြီ။
၄၇။ အကြင်သူသည်ငါ၏ဟောပြောချက်များကိုကြားနာရ
ပြီး ယင်းတို့ကိုလိုက်နာစောင့်ထိန်းခြင်းမပြုပါလျှင်ထို
သူကိုငါအပြစ်မစီရင်။ အကြောင်းမူကား ငါသည်ဤ
လောကကိုအပြစ်စီရင်ရန်မဟုတ်၊ဤလောကကိုကယ်
၄၈။ တင်ရန်ကြွလာ၏။ငါ့ကိုပစ်ပယ်၍ငါ၏စကားများကို
လက်မခံသောသူအတွက် တရားစီရင်မည့်သူရှိ၏။ငါ
ဟောပြောသောစကားသည်ပင်လျှင်ထိုသူကိုနောက်
ဆုံးသောနေ့၌တရားသူကြီးအဖြစ်နှင့်တရားစီရင်လိမ့်
၄၉။ မည်။အကြောင်းမူကားငါသည်ကိုယ်ပိုင်အခွင့်အာဏာ
နှင့်ဟောပြောသည်မဟုတ်၊ငါ့ကိုစေလွှတ်တော်မူသော
ခမည်းတော်ကိုယ်တိုင်က ငါ့အားမည်သည့်အရာပြော
၅၀။ ဆိုရမည်ကို ပညတ်ပေးတော်မူ၏။ ခမည်းတော်၏
ပညတ်တော်သည်ထာဝရအသက်ဖြစ်သည်ကိုငါသိ
၏။ထို့ကြောင့်ငါဟောပြောသမျှသည်ခမည်းတော်မိန့်
မှာတော်မူသည့်အတိုင်း ဟောပြောခြင်းဖြစ်သည်ဟု
မိန့် တော်မူ၏။

## အခန်းကြီး (၁၃)

## တပည့်တော်တို့၏ခြေများကိုဆေးတော်မူခြင်း

၁။ ပါစကားပွဲတော်မတိုင်မီ၌သခင်**ယေရှု**သည်ဤကမ္ဘာ
လောကမှထွက်ခွာ၍ခမည်းတော်ထံသို့ ကြွသွားရမည်
ဖြစ်သောမိမိ၏အချိန်နာရီကျရောက်လာကြောင်းကို

[၁၀] (၁၂း၄၃) ယခုခေတ်သမယ၌လည်း ထိုကဲ့သို့ဖြစ်၏။ လူတို့သည်ပကာသနကိုမက်မောကြ၏။ မိမိကိုယ်ကျိုးကိုသာရှာ၍ အမှန်တရားအတိုင်းမကျင့်လိုကြ။

သိတော်မူသောအခါ၊ ဤလောကရှိ မိမိတပည့်တို့ကို
ချစ်တော်မူသည့်အလျောက် သူတို့အားသက်ဆုံးတိုင်
၂။ ချစ်တော်မူ၏[၁]။နတ်ဆိုးသည်ကိုယ်တော်ကိုအပ်နှံမည့်
အကြံအစည်ကို**စီမုန်**၏ သား**ဂျူဒအီစကာယုဒ်**၏
နှလုံး တွင်ထည့်သွင်းထားပြီးဖြစ်၏။
၃။ ညစာစားနေကြစဉ် သခင်**ယေရှု**သည်မိမိလက်ထဲသို့
ခပ်သိမ်းသောအရာကိုခမည်းတော်ပေးအပ်ထားတော်
မူသည်ကိုလည်းကောင်း၊ မိမိသည်ဘုရားသခင်ထံမှ
ကြွလာ၍ ဘုရား သခင်ထံသို့ ပြန်တော့မည်ကိုလည်း
ကောင်း သိတော်မူပြီးဖြစ်၏။
၄။ ကိုယ်တော်သည် အပေါ်ဝတ်လုံတော်ကို ချွတ်ပြီးလျှင်
ပုဝါကိုယူ၍ ခါးတွင်စည်းတော်မူ၏[၂]။
၅။ ထို့နောက်ဇလုံတစ်ခုတွင်ရေထည့်၍တပည့်တော်တို့
၏ခြေတို့ကို ဆေးကြောပြီးလျှင်၊ ခါးတွင်စည်းထား
သော ပုဝါဖြင့်သုတ်တော်မူ၏[၃]။
၆။ **စီမုန်ပေတရု**ထံသို့ရောက်သောအခါ**ပေတရု**ကသခင်
ဘုရားကိုယ်တော်သည်တပည့်တော်၏ခြေတို့ကိုဆေး
တော်မူမည်လောဟု မေးလျှောက်လေ၏။
၇။ သခင်**ယေရှု**ကငါပြုသောအမှုကိုယခုသင်နားမလည်
သော်လည်း နောင်တွင် သင်နားလည်လိမ့်မည်ဟုဖြေ
ကြားတော်မူ၏။
၈။ **ပေတရု**ကကိုယ်တော်သည်တပည့်တော်၏ခြေကိုမည်
သည့်အခါမျှမဆေးရဟုလျှောက်ထားလေ၏။သခင်
**ယေရှု**ကလည်း၊သင့်ခြေကိုငါမဆေးရလျှင်သင်သည်
ငါနှင့် မသက်ဆိုင်တော့ပြီဟုမိန့်တော်မူ၏။
၉။ ထိုအခါ **စီမုန်ပေတရု**က သခင်ဘုရား၊ တပည့်တော်
၏ခြေကိုသာမဟုတ်၊ တပည့်တော်၏လက်နှင့်ဦး
ခေါင်းကိုလည်း ဆေးတော်မူပါဟု ကိုယ်တော်အား
၁၀။ လျှောက်ထားလေ၏။ သခင်**ယေရှု**ကရေချိုးပြီး
သောသူသည်တစ်ကိုယ်လုံးစင်ကြယ်ပြီးဖြစ်၍ သူ၏
ခြေများမှတစ်ပါး အခြားဆေးကြောရန် မလိုတော့ပြီ။
သင်တို့သည်လည်းစင်ကြယ်ကြ၏။ သို့ရာတွင် သင်
တို့အား လုံးစင်ကြယ်သည် မဟုတ်ဟုမိန့်တော်မူ၏။
၁၁။ အကြောင်းမူကားကိုယ်တော်သည်မိမိကိုအပ်နှံမည့်သူ
သည်မည်သူဖြစ်ကြောင်းသိတော်မူ၏။ထို့ကြောင့်ပင်
သင်တို့အားလုံး စင်ကြယ်ကြသည် မဟုတ်ဟု မိန့်
တော်မူခြင်းဖြစ်၏
၁၂။ ကိုယ်တော်သည် သူတို့၏ခြေကို ဆေးပြီးသောအခါ
မိမိ၏ဝတ်လုံတော်ကို ဝတ်ဆင်ပြီးလျှင်မိမိနေရာတွင်
ပြန်ထိုင်တော်မူပြီး သူတို့အား မိန့်တော်မူသည်ကား၊
သင်တို့အားငါပြုခဲ့သည့်အမှုကိုသင်တို့သိကြသလော။
၁၃။ သင်တို့သည်ငါ့ကိုဆရာဟူ၍လည်းကောင်း၊သခင်ဟူ
၍လည်းကောင်းခေါ်ကြ၏။ ငါသည်လည်းထိုသို့ဖြစ်
သောကြောင့် သင်တို့ဆိုသည့်အတိုင်းမှန်ပေ၏။
၁၄။ သင်တို့၏သခင်နှင့်ဆရာဖြစ်သောငါသည်သင်တို့၏
ခြေများကိုဆေးလျှင် သင်တို့သည်လည်းအချင်းချင်း
တစ်ဦး၏ခြေကိုတစ်ဦးဆေးကြရမည်[၄]။
၁၅။ အကြောင်းမူကား သင်တို့သည်ငါပြုသကဲ့သို့သင်တို့
သည်လည်း ပြုစေခြင်းငှါ စံနမူနာကောင်းကိုသင်တို့
၁၆။ အားငါပြခဲ့ပြီ။ သင်တို့အား ငါဧကန်အမှန်ဆိုသည်
ကား၊ အစေခံသည် မိမိသခင်ထက် ကြီးမြတ်သည်
မဟုတ်၊ စေလွှတ်ခြင်းခံရသူသည်လည်း စေလွှတ်သူ
ထက်ကြီးမြတ်သည်မဟုတ်ပေ။
၁၇။ ဤအကြောင်းအရာများကို သင်တို့သိရှိ၍ လိုက်နာ
ဆောင်ရွက်ကြပါ လျှင်သင်တို့သည် မင်္ဂလာရှိကြ၏။
၁၈။ ငါသည်သင်တို့အားလုံးကိုပြောဆိုနေခြင်းမဟုတ်။ငါ
ရွေးချယ်ထားသောသူတို့ကို ငါသိ၏။ ဤသို့ဖြစ်ရ
ခြင်းမှာငါ့နှင့်အတူစားသောသူသည်ငါ့ကိုခြေဖြင့်ကန်
ကျောက်လေပြီဟူသော ကျမ်းချက် ပြည့်စုံစေမည့်
အကြောင်းတည်း။
၁၉။ ထိုအကြောင်းအရာဖြစ်လာသည့်အခါ ငါမည်သူဖြစ်
သည်ကို သင်တို့ယုံကြည်စေခြင်းငှါထိုသို့မဖြစ်မီယခု
ပင်လျှင် သင်တို့အား ငါကြိုတင်ပြောထားနှင့်ပြီ။
၂၀။ သင်တို့အား ငါဧကန်အမှန်ဆိုသည်ကား၊ ငါစေလွှတ်
သောသူ မည်သူ့ကိုမဆို လက်ခံသော သူသည်ငါ့ကို
လက်ခံ၏။ငါ့ကိုလက်ခံသောသူသည်လည်းငါ့ကိုစေ
လွှတ်သောသူကိုလက်ခံ၏။

[၁] (၁၃း၁) ကိုယ်တော်မြတ်စက္ကရာမင်တူးကို စီရင်ထားတော်မူခြင်းဖြင့်၊ လူတို့အားချစ်ခင်ခြင်း၏အကြီးဆုံးသော အမှတ်လက္ခဏာကို ပေးတော်မူ၏။

[၂] (၁၃း၄) အစေခံတစ်ဦးကဲ့သို့မိမိကိုယ်ကိုပုဝါနှင့်စည်း၍ တပည့်တော်တို့၏ခြေကိုဆေးပြီးလျှင် သုတ်လေ၏။

[၃] (၁၃း၅) ဤသို့ခြေဆေးခြင်း၌ နက်နဲသောအဓိပ္ပါယ်ရှိသည်။ ချစ်ခြင်းနှင့်နှိမ့်ချခြင်း၏အမှတ်လက္ခဏာဖြစ်၏။

[၄] (၁၃း၁၄) သခင်ယေရှုထိုကဲ့သို့ မိန့်မှာခဲ့ခြင်းကို လူတိုင်းလိုက်ကျင့်ရမည့်ပညတ်တော်ဟု မယူဆအပ်ပေ။ တပည့်များစိတ်နှိမ့်ချခြင်းရှိကြစေရန် စံနမူနာပေးခဲ့ခြင်းသာဖြစ်သည်။ ထိုခေတ်ကာလတွင် စားသောက်ပွဲတစ်ခုမစတင်မီးကျေးကျွန်များက ဧည့်သည်တို့၏ခြေကို ဆေးကြောပေးရသည့် ထုံးစံရှိခဲ့သည်။သခင်ယေရှုက မိမိသည် သခင်ဆရာဖြစ်သော်လည်း ကျွန်တို့၏အမှုကိစ္စကကိုဆောင်ရွက်ခြင်းဖြင့် နှိမ့်ချစွာ အလုပ်အကျွေးပြုကြရန် သွန်သင်ခဲ့ခြင်းဖြစ်၏။

## အပ်နှံခြင်းခံရမည့်အကြောင်းကြိုတင် ဟောကြားတော်မူခြင်း

(မာ ၂၆း၂၁–၂၅၊ မာကု ၁၄း၁၈–၁၉၊ လု ၂၂း၂၁–၂၃)

၂၁။ ဤသို့ မိန့်တော်မူပြီးနောက် သခင်**ယေရှု**သည် စိတ်
သောက ရောက်တော်မူ၍ဆိုသည်မှာ သင်တို့အားငါ
ဧကန်အမှန်ဆိုသည်ကား သင်တို့အနက်တစ်ဦးသည်
ငါ့ကိုရန်သူ့လက်သို့ အပ်နှံမည်ဟု မိန့်တော်မူ၏။
၂၂။ ကိုယ်တော်သည် မည်သူ့ကို ရည်ညွှန်း၍ ပြောဆို
ကြောင်းသေချာမသိကြသောကြောင့်တပည့်တော်တို့
သည်တစ်ဦးကိုတစ်ဦးကြည့်နေကြ၏။
၂၃။ တပည့်တော်တို့အနက် သခင်**ယေရှု**ချစ်တော်မူသော
တပည့်တော်သည် ကိုယ်တော်၏ ရင်ခွင် အနီးတွင်
၂၄။ လျောင်းလျက်ရှိ၏[၅]။ထို့ကြောင့်**စီမုန်ပေတရု**ကကိုယ်
တော်သည်မည်သူ့ကိုရည်ရွယ်ပြောဆိုကြောင်းကျွန်ုပ်
တို့အားပြောပြပါဟူ၍ထိုတပည့်တော်ကိုအရိပ်အကဲပြ
၂၅။ ၍ဆို၏[၆]။ထိုအခါသခင်**ယေရှု**၏ရင်ခွင်နှင့်နီးကပ်စွာ
လျောင်းနေသောသူကသခင်ဘုရားထိုသူသည်မည်သူ
ဖြစ်မည်နည်းဟုကိုယ်တော်အားမေးလျှောက် လေ၏။
၂၆။ သခင်**ယေရှု**က ဤမုန့်တစ်ဖဲ့ကိုဟင်းပန်းကန်တွင်
နှစ်၍ ငါပေးမည့်သူကား ထိုသူပင်ဖြစ်သတည်းဟု
မိန့်တော်မူ၏။ ထို့နောက် မုန့်တစ်ဖဲ့ကိုနှစ်ပြီးသော
အခါ**စီမုန်**၏သား**ဂျုဒ**အ**ီစကာယုဒ်**အား ပေးလေ၏။
၂၇။ **ဂျုဒ**သည်ထိုမုန့်တစ်ဖဲ့ကိုခံယူပြီးနောက်၊စာတန်နတ်
ဆိုးသည်**ဂျုဒ**အတွင်းသို့ဝင်လေ၏။ သခင်**ယေရှု**က
လည်း သင်ပြုမည့်အမှုကို အလျင်အမြန်ပြုလော့ဟုသူ့
၂၈။ အားမိန့်တော်မူ၏[၇]။ကိုယ်တော်သည်**ဂျုဒ**အားအဘ
ယ်ကြောင်းဤသို့မိန့်တော်မူသည်ကိုစားပွဲတွင်ထိုင်နေ
၂၉။ သူတစ်ဦးမျှမသိခဲ့ပေ။**ဂျုဒ**သည်ငွေအိတ်ကိုင်ဆောင်ရ
သူဖြစ်သောကြောင့်သခင်**ယေရှု**က ပွဲတော်အတွက်
လိုအပ်သည်များကိုဝယ်ရန်သို့မဟုတ် ဆင်းရဲသားတို့
အား တစ်စုံတစ်ခုကိုပေးကမ်းရန်အတွက်ပြောဆိုခြင်း
ဖြစ်မည်ဟု အချို့ကထင်မှတ်ခဲ့ကြ၏။
၃၀။ သို့ဖြစ်၍ **ဂျုဒ**သည် မုန့်တစ်ဖဲ့ကို ခံယူပြီးသောအခါ
ချက်ချင်းအပြင်သို့ထွက်သွားလေ၏။ ထိုအချိန်ကား
ညအချိန်ဖြစ်သတည်း။

## ပညတ်တော်အသစ်

၃၁။ **ဂျုဒ**ထွက်သွားပြီးသောအခါသခင်**ယေရှု**ကလူ့သား
၌ယခုဘုန်းဂုဏ်တော်ထင်ရှားလေပြီ။လူ့သားအားဖြင့်
ဘုရားသခင်သည်လည်းဘုန်းတော် ထင်ရှားလေပြီ။
၃၂။ ဘုရားသခင်သည်လူ့သားအားဖြင့် ဘုန်းတော်ဂုဏ်
တော်ထင်ရှားတော်မူလျှင် ကိုယ်တော်သည် လူ့သား
အား မိမိကိုယ်တော်တိုင်ပင် ဘုန်းထင်ရှားစေတော်မူ
လိမ့်မည်။ယခုချက်ချင်းပင်ဘုန်းဂုဏ်တော်ထင်ရှားစေ
၃၃။ မည်။ ချစ်သားများတို့ ငါသည် သင်တို့နှင့်အတူ
တစ်ခဏမျှသာရှိတော့မည်။သင်တို့သည်ငါ့ကိုရှာကြ
လိမ့်မည်။ **ဂျူး**လူမျိုးတို့အား ငါပြောခဲ့သည့်အတိုင်း
ယခုသင်တို့အား ငါပြောမည်။ ငါသွားမည့်နေရာသို့
သင်တို့မလာနိုင်ကြ။
၃၄။ ငါသည် သင်တို့အား ငါပညတ်တော်အသစ်ကို ပေး
သည်ကား သင်တို့အချင်းချင်းချစ်ကြလော့။ သင်တို့
အား ငါချစ်သကဲ့သို့ သင်တို့သည်လည်းအချင်းချင်း
၃၅။ ချစ်ကြလော့[၈]။သင်တို့အချင်းချင်းချစ်ကြလျှင်လူခပ်
သိမ်းတို့သည်ထိုချစ်ခြင်းမေတ္တာကိုထောက်ရှု၍သင်
တို့သည်ငါ၏တပည့်များဖြစ်ကြောင်းသိကြလိမ့်မည်။

## ပေတရုငြင်းဆိုမည့်အကြောင်းကြိုတင် ဟောထားခြင်း

(မာ ၂၆း၃၁–၃၅၊ မာကု ၁၄း၂၇–၃၁၊ လု ၂၂း၃၁–၃၄)

၃၆။ **စီမုန်ပေတရု**က သခင်ဘုရား ကိုယ်တော်သည်မည်
သည့်အရပ်သို့ ကြွသွားတော်မူမည်နည်းဟု မေး
လျှောက်၏။သခင်**ယေရှု**ကငါသွားမည့်နေရာသို့ယခု
သင်မလိုက်နိုင်၊ သို့သော် နောင်အခါတွင်သင်လိုက်ရ
၃၇။ လိမ့်မည်ဟုမိန့်တော်မူ၏[၉]။**ပေတရု**ကအဘယ်ကြောင့်
တပည့်တော်သည် ယခုမလိုက်နိုင်ပါသနည်း။တပည့်
တော်သည်ကိုယ်တော်အတွက်မိမိအသက်ကိုပင်စွန့်ပါ

[၅] (၁၃း၂၃) သခင်ယေရှု၏ရင်ခွင်အနီး၌ ကပ်လျက်ထိုင်ခဲ့သော တပည့်တော်မှာ အခြားသူမဟုတ်ကျမ်းပြု ပုဂ္ဂိုလ်ယောဟန်ပင်ဖြစ်သည်။

[၆] (၁၃း၂၄) ယောဟန်သည် သခင်ယေရှုနှင့်အနီးကပ်ဆုံးထိုင်နေသူဖြစ်၍အများ မသိစေလိုသောအကြောင်းအရာကို တိုးတိုးမေးကြည့်ရန်ပေတရုကယောဟန်အား အချက်ပြ စေခိုင်းခြင်းပင်ဖြစ်သည်။

[၇] (၁၃း၂၇) ထိုသို့မိန့်တော်မူခြင်းဖြင့် သခင်ယေရှုသည်ဂျူးဒအားကိုယ်တော်ကို အပ်နှံရန်ပညတ်တော်မူခြင်းလည်းမဟုတ်၊ အခွင့်ပြုတော်မူခြင်းလည်းမဟုတ်ပေ။ ဂျူးဒသည် မိမိအလိုအလျောက်ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်ရန်အစီအစဉ်ရှိသည်ကို အမြန်ဆောင်ရွက်ပါဟုဆိုခြင်းသာဖြစ်၏။

[၈] (၁၃း၃၄) ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်ဟု ဝတ်ပြုရာကျမ်း ၁၉း၁၈ တွင်ပါရှိပြီးဖြစ်သော်လည်း သခင်ယေရှု၏ဘဝပုံသက်သေဖြင့်ပြခဲ့သောမေတ္တာတရားသည် ပြည့်စုံသောကြောင့် ပညတ်သစ်ဟု ခေါ်ထိုက်၏။

၃၈။ မည်ဟု လျှောက်ထားလေ၏။ သခင်**ယေရှု**ကသင်
သည် ငါ့အတွက် မိမိအသက်ကိုစွန့်မည်လော။သင့်
အား ငါဧကန်အမှန်ဆိုသည်ကား ကြက်မတွန်မီသင်
သည် ငါ့ကိုသုံးကြိမ်ငြင်းပယ်ပြီးဖြစ်လိမ့်မည်။

## အခန်းကြီး (၁၄)
## သခင်ယေရှုသည်ခမည်းတော်ထံသို့ သွားရာလမ်းဖြစ်၏

၁။ သခင်**ယေရှု**ကသင်တို့၏ စိတ်နှလုံးပူပန်ခြင်းမရှိကြ
စေနှင့်။ဘုရားသခင်ကိုယုံကြည်ကြလော့။ငါ့ကိုလည်း
၂။ ယုံကြည်ကြလော့။ ငါ့ခမည်းတော်၏ အိမ်တော်၌
အခန်းများစွာရှိ၏။ ထိုသို့မဟုတ်ခဲ့ပါလျှင် ငါသည်
သင်တို့အတွက်နေရာပြင်ဆင်ရန်သွားမည်ဟုပြောပါ
၃။ မည်လော[၁]။ ငါသည်သင်တို့အတွက်နေရာပြင်ဆင်
ရန်သွားပြီးနောက် တဖန်ပြန်လာ၍ငါရှိသောနေရာ
တွင်သင်တို့လည်းရှိစေမည့်အကြောင်း သင်တို့ကိုငါ့
ထံသို့ခေါ်ဆောင်မည်[၂]။
၄။ ငါသွားမည်လမ်းကိုသင်တို့သိကြ၏ဟုမိန့်တော်မူ၏။
၅။ ထိုအခါ**သောမတ်**ကသခင်ဘုရားမည်သည့်အရပ်သို့
ကိုယ်တော်သွားမည်ကို တပည့်တော်တို့ မသိကြ
သောကြောင့်လမ်းခရီးကိုလည်း မည်ကဲ့သို့သိနိုင်ကြ
၆။ မည်နည်းဟုကိုယ်တော်အားမေးလျှောက်၏။ သခင်
**ယေရှု**ကငါသည်လမ်းဖြစ်၏။
သမ္မာတရားလည်းဖြစ်၏။အသက်လည်းဖြစ်၏။ငါ့ကို
အမှီမပြုဘဲမည်သူမျှခမည်းတော်ထံသို့မရောက်နိုင်။
၇။ သင်တို့သည်ငါ့ကိုသိကြပါလျှင် ငါ၏ခမည်းတော်ကို
လည်းသိကြလိမ့်မည်။ ယခုမှစ၍သင်တို့သည် ငါ၏
ခမည်းတော်ကိုသိကြ၍ ဖူးမြင်ကြရလေပြီဟု သူ့အား
၈။ မိန့်တော်မူ၏[၃]။ **ဖိလစ်**ကလည်း သခင်ဘုရား၊ခမည်း
တော်ကို တပည့်တော်တို့အားပြတော်မူလျှင် တပည့်
တော်တို့အလို ပြည့်စုံပါလိမ့်မည်ဟု ကိုယ်တော်အား
လျှောက်၏။
၉။ သခင်**ယေရှု**က သူ့အား မိန့်တော်မူသည်မှာ **ဖိလစ်**၊
ငါသည်သင်တို့နှင့်အတူဤမျှလောက်ကြာအောင်နေခဲ့
ပါသော်လည်းသင်သည်ငါ့ကိုမသိသလော။ငါ့ကိုမြင်
ရသောသူသည် ခမည်းတော်ကိုလည်း ဖူးမြင်ရ၏။
ခမည်းတော်ကို တပည့်တော်တို့အား ပြပါဟုအဘယ်
၁၀။ ကြောင့် သင်ဆိုနိုင်သနည်း။ ငါသည်ခမည်းတော်၌
တည်ရှိ၍ခမည်းတော်သည်လည်းငါ၌တည်ရှိကြောင်း
ကိုသင်တို့မယုံကြည်ကြသလော။သင်တို့အားငါပြော
သောစကားများကိုငါပြောသည်မဟုတ်။သို့သော်ငါ၌
တည်ရှိတော်မူသော ခမည်းတော်သည် မိမိအမှုတော်
များကိုဆောင်ရွက်တော်မူခြင်းဖြစ်၏[၄]။
၁၁။ ငါသည် ခမည်းတော်၌ တည်ရှိ၍ ခမည်းတော်သည်
လည်း ငါ၌တည်ရှိသည်ကိုယုံကြည်ကြလော့။ ဤသို့
မဟုတ်လျှင် ငါပြုသောအမှုအရာများကိုထောက်၍ ငါ့
၁၂။ ကို ယုံကြည်ကြလော့။ သင်တို့အားငါဧကန်အမှန်ဆို
သည်ကား ငါ့ကို ယုံကြည်သောသူသည် ငါပြုသော
အမှုများကိုပြုလိမ့်မည်။ သူသည် ထိုထက်ကြီးမြတ်
သောအမှုများကိုလည်းပြုလိမ့်မည်။အကြောင်းမူကား
ခမည်းတော် ထံသို့သွားမည်ဖြစ်သောကြောင့်တည်း။
၁၃။ သားတော်အားဖြင့် ခမည်းတော်၏ ဘုန်းတော်ထင်
ရှားစေရန်အတွက် ငါ၏နာမတော်၌ သင်တို့တောင်း
လျှောက်သမျှကို ငါပြုမည်။
၁၄။ သင်တို့သည် ငါ၏နာမကိုအမှီပြု၍ တစ်စုံတစ်ရာကို
တောင်းလျှောက်အံ့။ ငါသည် ထိုအရာကို ငါပြုမည်။

## ဝိညာဉ်တော်ကိုစေလွှတ်ရန်ဂတိထားတော်မူခြင်း

၁၅။ သင်တို့သည်ငါ့ကိုချစ်လျှင် ငါ၏ပညတ်တော်များကို
၁၆။ စောင့်ထိန်း ကြလိမ့်မည်။ ငါသည် ခမည်းတော်အား

[၉] (၁၃း၃၆) ပေတရုသည် သခင်ယေရှုနှင့်အတူလိုက်၍ မသေရသေးသော်လည်း နောင်တွင်သခင်ယေရှုကဲ့သို့ပင် လက်ဝါးကပ်တင်၍ သတ်ခြင်းကိုခံရပြီးသခင်ယေရှုရှိရာကောင်းကင်သို့ လိုက်လိမ့်မည်ဟု ဆိုလိုသည်။

[၁] (၁၄း၂) ကောင်းကင်၌တပည့်တော်များအဖို့အစဉ်ထာဝရကပင်နေရာပြင်ဆင်ထားပြီးဖြစ်သော်လည်း ကယ်တင်ရှင်ခရစ်တော်သေ၍ ရှင်ပြန်ပြီးကောင်းကင်သို့ဝင်သောအခါမှသာလျှင် လူ့အမျိုးအနွယ်သည် ကောင်းကင်သို့ဝင်ခွင့်ရကြ၏။

[၂] (၁၄း၃) သခင်ယေရှုသည် လူတစ်ဦးစီ၏ သေချိန်၌လည်းကောင်း၊ ဗနာက်ဆုံးနေ့၌လည်းကောင်းတဖန်ကြွလာမည်။

[၃] (၁၄း၇) ငါသည်ခမည်းတော်၏စစ်မှန်သောထာဝရသားတော်ဖြစ်ကြောင်းကို သင်တို့သိကြလျှင် ခမည်းတော်သည်လည်းထာဝရဘုရားဖြစ်တော်မူကြောင်းသင်တို့သိကြလိမ့်မည်။

[၄] (၁၄း၁၀) သခင်ယေရှုသည် ထိုသို့ မိန့်တော်မူခြင်းအားဖြင့် ခမည်းတော်နှင့်သားတော်တို့သည် အဖြစ်တော်တူညီကြောင်းကိုဖော်ပြ၏။

တောင်းလျှောက်သဖြင့်ကိုယ်တော်သည်လည်းသင်တို့
နှင့်အတူ အစဉ်ထာဝရရှိမည့် လမ်းညွှန်သူအခြား
အရှင်တစ်ပါးကိုသင်တို့အား ပေးတော်မူလိမ့်မည်[၅]။
၁၇။ သမ္မာတရား၏ ဝိညာဉ်တော်တည်းဟူသော ထိုအရှင်
သခင်ကိုဤလောကသည်လက်မခံနိုင်အဘယ်ကြောင့်
ဆိုသော် ဤလောကသည်သူ့ကိုမြင်လည်းမမြင်၊ သိ
လည်းမသိသောကြောင့်ဖြစ်၏သင်တို့ မူကားသူ့ကို
သိကြ၏။ အကြောင်းမူကားဝိညာဉ်တော် မြတ်သည်
သင်တို့နှင့်အတူစံပွါယ်တော်မူပြီး သင်တို့၌ တည်ရှိ
တော်မူလိမ့်မည်။
၁၈။ ငါသည်သင်တို့ကို ခိုကိုးရာမဲ့ပစ်ထားလိမ့်မည်မဟုတ်
၁၉။ သင်တို့ထံသို့ ငါလာဦးမည်။ တစ်ခဏမျှကြာလျှင်
လောကသားတို့သည်ငါ့ကိုမြင်ရကြတော့မည်မဟုတ်၊
သင်တို့မူကား ငါ့ကိုမြင်ကြရလိမ့်မည်။ အကြောင်းမူ
ကား ငါသည် အသက်ရှင်သောကြောင့်သင်တို့သည်
၂၀။ လည်းအသက်ရှင်ကြလိမ့်မည်[၆]။ငါသည်ခမည်းတော်
၌တည်ရှိကြောင်းကိုလည်းကောင်းသင်တို့သည်ငါ၌၊
တည်နေ၍ ငါသည်လည်းသင်တို့၌တည်ရှိကြောင်း
ကိုထိုနေ့ရက်တို့၌ သင်တို့သိကြလိမ့်မည်။
၂၁။ ငါ၏ ပညတ်တော်များကိုခံယူ၍ စောင့်ထိန်းသောသူ
တို့သည်ငါ့ကိုချစ်၏။ ငါ့ကိုချစ်သောသူတို့ကို ငါ၏
ခမည်းတော်သည်လည်းချစ်တော်မူလိမ့်မည်။ငါသည်
လည်းသူတို့ကိုချစ်တော်မူ၍ ငါကိုယ်တိုင် သူ့တို့အား
ဘုန်းထင်ရှားပြ တော်မူမည်။ **အီစကာရုတ်**မဟုတ်
၂၂။ သော **ဂျုဒ**က ကိုယ်တော်သည် လောကီသားတို့အား
မဟုတ်ဘဲ၊ တပည့်တော်တို့အား မိမိကိုယ်တော်ကို
မည်သို့ ဘုန်းထင်ရှားပြတော်မူမည်နည်းဟု မေး
လျှောက်လေ၏။
၂၃။ သခင်**ယေရှူး**က အကြင်သူသည် ငါ့ကိုချစ်လျှင်ငါ၏
စကားကိုလိုက်နာစောင့်ထိန်းမည်။ငါ၏ခမည်းတော်
သည်လည်း သူ့ကိုချစ်တော်မူလိမ့်မည်။ ငါ၏ခမည်း
တော်နှင့် ငါသည်သူထံသို့လာကြ၍သူနှင့်အတူကျိန်း
ဝပ်တော်မူမည်။

[၅] (၁၄း၁၆) ဝိညာဉ်တော်မြတ်ဘုရားသည်တပည့်တော်ကြီးတို့နှင့်သာမက၊သူတို့၏အရိုက်အရာကိုဆက်ခံသူတို့နှင့်လည်းကာလအဆက်ဆက်ရှိတော်မူလိမ့်မည်ဟုဆိုလိုသတည်း။

[၆] (၁၄း၁၉) လောကီသားတို့သည် သခင်ယေရှူးသေပြီးလျှင်ကိုယ်တော်ကိုမြင်ကြရတော့မည်မဟုတ်သော်လည်းတပည့်တော်များမှာမူရှင်ပြန်တော်မူပြီးသောယေရှူးကိုလည်းကောင်း၊ လောက၌ကိုယ်တော်၏ဘုန်းတော်ကိုလည်းကောင်းတွေ့မြင်ကြရလိမ့်မည်။

၂၄။ ငါ့ကို မချစ်သောသူသည်ငါ၏စကားများကိုလိုက်နာ
စောင့်ထိန်းခြင်းမပြု။သင်တို့ကြားရသောစကားသည်
လည်းငါ၏စကားမဟုတ်၊ငါ့ကိုစေလွှတ်တော်မူသော
ခမည်းတော်၏စကားသာဖြစ်၏။
၂၅။ ငါသည်သင်တို့နှင့်အတူရှိနေစဉ်အခိုက်ဤအကြောင်း
အရာများကို သင်တို့အားငါပြောကြား၏။
၂၆။ သို့သော်ငါ၏နာမ၌ခမည်းတော်ဘုရားစေလွှတ်တော်
မူမည့်လမ်းညွှန်သူဝိညာဉ်ဘုရားသည်ဤအကြောင်း
အရာကိုသင်တို့အားသွန်သင်တော်မည်ဖြစ်၍သင်တို့
အားငါမိန့်မှာထားသမျှကိုတဖန်သတိရစေတော်မူလိမ့်
မည်။
၂၇။ ငြိမ်ချမ်းသာယာခြင်းကို သင်တို့အား ငါထားခဲ့၏။
ငါ၏ငြိမ်ချမ်းသာယာခြင်းကို သင်တို့အား ငါပေး၏
လောကသားတို့ပေးသကဲ့သို့သင်တို့အားငါပေးသည်
မဟုတ်။ သင်တို့ စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်
မကြောက်ကြနှင့်။
၂၈။ ငါသည်သွားသော်လည်းသင်တို့ထံသို့တစ်ဖန်ပြန်လာ
မည်ဟု ငါဆိုသည်ကို သင်တို့ကြားခဲ့ကြ၏။သင်တို့
သည်ငါ့ကိုချစ်လျှင်ခမည်းတော်ထံသို့ငါသွားသည်ကို
သင်တို့ ဝမ်းမြောက်ကြလိမ့်မည်။ အကြောင်းမူကား
ခမည်းတော်သည် ငါ့ထက်ကြီးမြတ်တော်မူ၏[၇]။
၂၉။ ဤအမှုအရာများ ဖြစ်ပျက်မည့်အချိန်၌ သင်တို့ ယုံ
ကြည်နိုင်ကြစေရန်မဖြစ်ပျက်မီကြိုတင်၍သင်တို့အား
၃၀။ ငါယခုပြောထား၏။ ငါသည် သင်တို့နှင့်ကြာရှည်စွာ
စကားပြောနိုင်လိမ့်မည်မဟုတ်၊အကြောင်းမူကား ဤ
လောကကိုအစိုးရသောသူသည်ရောက်လာတော့မည်
၃၁။ သူသည် ငါ့အပေါ်၌ ဩဇာအာဏာမရှိချေ။သို့ရာတွင်
ငါသည်ခမည်းတော်ကိုချစ်ကြောင်းလောကသားတို့
သိစေရန်ခမည်းတော်မိန့်တော်မူသည့်အတိုင်းငါပြု၏၊
ဤနေရာမှထ၍သွားကြကုန်အံ့ဟုမိန့်တော်မူ၏။

## အခန်းကြီး (၁၅)

## စစ်မှန်သောစပျစ်နွယ်ပင်

၁။ သခင်**ယေရှူး**ကငါသည်စစ်မှန်သောစပျစ်နွယ်ပင်ဖြစ်

[၇] (၁၄း၂၈) သခင်ယေရှူးသည် ဘုရား၏သားတော်အဖြစ်နှင့်ခမည်းတော်နှင့်တူညီသော်လည်း လူ့အဖြစ်နှင့်မူကား ခမည်းတော်သည် နာဇရက်မြို့သားယေရှူးထက်ကြီးမြတ်သည်ဟု ဆိုလိုသည်။

၍ ငါ၏ခမည်းတော်သည်ဥယျာဉ်မှူးဖြစ်တော်မူ၏[၁]။
၂။ ကိုယ်တော်သည်ငါ၌အသီးမသီးသောအကိုင်းအခက်
ဟူသမျှတို့ကို၊ ဖြတ်တောက်ပစ်တော်မူ၍[၂]၊ အသီးသီး
သောအကိုင်းအခက်ဟူသမျှတို့ကိုမူကားပို၍သီးစေရန်
ရှင်းလင်းပြုပြင်ပေးတော်မူလိမ့်မည်။
၃။ သင်တို့သည်လည်း ငါဟောပြောသောစကားအားဖြင့်
ယခုရှင်းလင်းပြုပြင်ခြင်းခံခဲ့ကြပြီးဖြစ်သည်။
၄။ ငါ၌ တစ်လုံးတစ်ဝတည်း တည်နေကြလော၊ငါသည်
လည်း သင်တို့၌ တည်နေမည်၊ စပျစ်ပင်၏အကိုင်း
အခက်တို့သည်အပင်နှင့်တစ်လုံးတစ်ဝတည်းမတည်
ရှိလျှင်မိမိတို့အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့
သင်တို့သည်လည်းငါနှင့်တစ်လုံးတစ်ဝတည်းမတည်
ရှိလျှင်အသီးမသီးနိုင်ကြ။
၅။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏ သင်တို့သည် အကိုင်း
အခက်များဖြစ်ကြ၏။အကြင်သူသည်ငါ၌တည်၍ငါ
သည်လည်း သူ၌တည်နေလျှင် သူသည်များစွာသော
အသီးကိုသီးလိမ့်မည်။အကြောင်းမူကားသင်တို့သည်
ငါနှင့်ကင်းကွာလျှင် မည်သည့်အရာကိုမျှ မတတ်နိုင်
၆။ ကြ။ငါ၌မတည်ရှိသောသူသည်အကိုင်းအခက်ကဲ့သို့
လွှင့်ပစ်ခြင်းခံရလိမ့်မည်။ ထိုအကိုင်းအခက်တို့သည်
ခြောက်သွေ့သွားသောအခါလူတို့သည်စုသိမ်း၍မီးရှို့
၇။ ကြလိမ့်မည်။ သင်တို့သည် ငါ၌တည်နေကြ၍ငါ၏
တရားတော်သည်လည်း သင်တို့၌ တည်နေလျှင်
သင်တို့ တောင်းလျှောက်လိုသောအရာကိုသင်တို့အား
၈။ ပေးတော်မူလိမ့်မည်။ သင်တို့သည် အသီးများစွာသီး
သောကြောင့် ငါ၏တပည့်များ ဖြစ်လာခြင်းဖြင့် ငါ့
ခမည်းတော်၏ဘုန်းဂုဏ်တော်ထင်ရှားလိမ့်မည်။
၉။ ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ငါသည်
လည်း သင်တို့ကိုချစ်၏။ငါ၏ချစ်ခြင်းမေတ္တာ၌တည်
၁၀။ နေကြလော့။ ငါသည် ခမည်းတော်၏ပညတ်များကို
စောင့်ထိန်း၍ကိုယ်တော်၏ချစ်ခြင်းမေတ္တာ၌တည်နေ
သကဲ့သို့သင်တို့သည်လည်းငါ၏ပညတ်တော်များကို
စောင့်ထိန်းကြပါလျှင် ငါ၏ချစ်ခြင်းမေတ္တာ၌တည်နေ
ကြလိမ့်မည်[၃]။
၁၁။ ငါ၏ ဝမ်းမြောက်ခြင်းသည် သင်တို့၌တည်ရှိစေခြင်း
ငှါလည်းကောင်း၊ သင်တို့၏ ဝမ်းမြောက်ခြင်းသည်
လည်းပြည့်စုံစေခြင်းငှါလည်းကောင်း၊ဤအကြောင်း
အရာများကို သင်တို့အား ငါဟောပြော၏။
၁၂။ ငါ့ပညတ်သည်ကား ငါသည်သင်တို့ကို ချစ်သကဲ့သို့
သင်တို့သည်လည်းအချင်းချင်းချစ်ကြလော့။
၁၃။ မိမိမိတ်ဆွေများအတွက် မိမိ၏အသက်ကို စွန့်လွှတ်
သော ချစ်ခြင်းမေတ္တာထက် ကြီးမြတ်သည့်ချစ်ခြင်း
မေတ္တာသည်မည်သူ၌မျှမရှိ။
၁၄။ သင်တို့ကို ငါပညတ်သည့်အတိုင်း လိုက်ကျင့်ကြပါ
လျှင် သင်တို့သည် ငါ၏မိတ်ဆွေများဖြစ်ကြ၏။
၁၅။ ငါသည် ယခုမှစ၍ သင်တို့အားအစေခံဟူ၍ခေါ်တော့
မည်မဟုတ်။ အကြောင်းမူကားအစေခံသည်မိမိသခင်
ပြုသောအမှုကိုမသိသောကြောင့်ဖြစ်၏။ငါသည်သင်
တို့ကို မိတ်ဆွေဟုခေါ်၏။ အကြောင်းမူကား ငါ၏
ခမည်းတော်ထံမှ ငါကြားသိရသမျှတို့ကိုသင်တို့အား
၁၆။ ငါသိစေပြီ။သင်တို့သည်ငါ့ကိုရွေးကောက်ကြသည်မ
ဟုတ်၊ငါသည်သင်တို့ကိုရွေးကောက်၏။သင်တို့သည်
သွားကြ၍တည်မြဲသော အသီးကိုသီးကြမည့်အ
ကြောင်းနှင့်ငါ၏နာမတော်မြတ်၌ခမည်းတော်ထံ၊သင်
တို့တောင်းသမျှကို ခမည်းတော်သည်ပေးမည့်အ
ကြောင်းသင်တို့ကိုငါခန့်ထား၏။
၁၇။ ထို့ကြောင့် သင်တို့သည် အချင်းချင်းချစ်ကြလော့ဟု
သင်တို့အားငါပညတ်၏။

## လောကသားတို့၏မုန်းတီးခြင်း

၁၈။ လောကသားတို့သည်သင်တို့ကိုမုန်းတီးကြလျှင်သင်
တို့ကိုမမုန်းမီ၊ငါ့ကိုမုန်းတီးကြောင်းသိမှတ်ကြလော့[၄]။
၁၉။ သင်တို့သည် ဤလောကနှင့်သက်ဆိုင်သူများဖြစ်ကြ
ပါလျှင် လောကသားတို့သည် မိမိတို့နှင့်သက်ဆိုင်
သောသင်တို့ကိုချစ်ကြလိမ့်မည်။သို့သော်ငါသည်သင်
တို့ကိုဤလောကထဲမှရွေးကောက်သဖြင့်သင်တို့သည်
ဤလောကနှင့် မသက်ဆိုင်ကြတော့ပေ။ ထို့ကြောင့်

[၁] (၁၅း၁)သခင်ယေရှုသည် မိမိကိုယ်ကို စပျစ်နွယ်ပင်နှင့်လည်းကောင်း၊မိမိ၏ တပည့်တော်များကိုအခက်အလက်များနှင့်လည်းကောင်း၊ ခမည်းတော်ဘုရားကို ဥယျာဉ်စောင့်နှင့်သော်လည်းကောင်း ပုံနှိုင်းတော်မူ၏။ ကိုယ်တော်သည်ခမည်းတော်ဘုရားကဲ့သို့ ဥယျာဉ်စောင့်လည်းဖြစ်တော်မူ၏။

[၂] (၁၅း၂) ကောင်းမှုနှင့်တူသောအသီးများကို မသီးသောသူတို့ကို ခမည်းတော်ဘုရားထံတော်မှ ငါဖယ်ရှားပစ်တော်မူမည်။

[၃] (၁၅း၉) သခင်ယေရှုသည် လူတို့အား ချစ်မေတ္တာတရားကိုလိုက်နာစောင့်ထိန်းကြရန် အကြိမ်ကြိမ်နှိုးဆော်တိုက်တွန်းတော်မူ၏။

[၄] (၁၅း၁၈) ဆိုးညစ်ယုတ်မာသော လောကီသားတို့သည် ကိုယ်တော်ကိုမုန်းကြ၍ညှင်းဆဲကြသကဲ့သို့ သင်တို့ကိုလည်း ဤနည်းတူပြုသောအခါတပည့်သည်မိမိဆရာထက်မမြတ်သည်ကို သိကြလော့။

လောကသားတို့သည်သင်တို့ကိုမုန်းတီးကြ၏။
၂၀။ အစေခံသည် မိမိသခင်ထက် မကြီးမြတ်ကြောင်းသင်
တို့အား ငါပြောခဲ့သည်ကို သတိရကြလော့။ လောက
သားတို့သည် ငါ့ကို ညှဉ်းဆဲခဲ့ကြပါလျှင် သင်တို့ကို
လည်း ညှဉ်းဆဲကြလိမ့်မည်။ သူတို့သည် ငါ့စကား
ကိုလိုက်နာစောင့်ထိန်းခဲ့ကြပါလျှင်သင်တို့စကားကို
လည်း သူတို့လိုက်နာစောင့်ထိန်း ကြလိမ့်မည်။
၂၁။ သို့သော် ထိုသူတို့သည် ငါ့ကိုစေလွှတ်တော်မူသော
အရှင်ကို မသိကြသဖြင့် ငါအတွက်ကြောင့် သင်တို့
အပေါ်မှာဤအရာများပြုကြလိမ့်မည်။ငါသည်ကြွလာ
၍သူတို့အားမဟောပြောခဲ့ပါလျှင်သူတို့၌အပြစ်ရှိမည်
၂၂။ မဟုတ်။ယခုမှာမူသူတို့သည်မိမိတို့၏အပြစ်ကျူးလွန်
မှုအတွက်မည်သို့မျှအကြောင်းမပြနိုင်တော့ချေ။
၂၃။ ငါ့ကို မုန်းတီးသောသူသည် ငါ့ခမည်းတော်ကိုလည်း
၂၄။ မုန်းတီး၏။ အကယ်၍ ငါသည်မည်သူမျှ မပြုဖူးသေး
သောအမှုအရာများကိုသူတို့ရှေ့တွင်မပြုခဲ့လျှင်သူတို့၌
အပြစ်ရှိလိမ့်မည်မဟုတ်။ယခုမူကားသင်တို့သည်ငါပြု
သည့်အမှုအရာများကို မြင်ကြရပါလျက်၊ငါ့ကိုလည်း
ကောင်း၊ခမည်းတော်ကိုလည်းကောင်းမုန်းတီးကြ၏။
၂၅။ ဤသည်မှာသူတို့သည်ငါ့ကိုအကြောင်းမဲ့မုန်းတီးကြ
၏ဟူသော ပညတ္တိကျမ်းတွင်ရေးထားသောအချက်ကို
ပြည့်စုံစေမည့်အကြောင်းတည်း။
၂၆။ ခမည်းတော် ဘုရားထံမှ သမ္မာတရားနှင့်ဆိုင်သော
ဝိညာဉ်တော်မြတ်ကို သင်တို့ထံသို့ ငါစေလွှတ်မည်။
ခမည်းတော်ထံမှ ထွက်ပေါ်လာသည့် အကြံဉာဏ်ပေး
သူတည်းဟူသော ဝိညာဉ်တော်ဘုရားကြွလာတော်မူ
သောအခါသူသည် ငါ၏ အကြောင်းကို သက်သေ
၂၇။ ခံလိမ့်မည်။ သင်တို့သည်လည်း အစဦးကပင် ငါနှင့်
အတူရှိနေကြသောကြောင့် ငါ၏သက်သေခံများဖြစ်
ကြလိမ့်မည်။

## အခန်းကြီး (၁၆)

၁။ သင်တို့၏ ယုံကြည်ခြင်း မပျက်ပြားစေရန် ဤ
အကြောင်းအရာများကို သင်တို့အားငါဟောပြော၏။
၂။ သူတို့သည် သင်တို့ကို တရားဇရပ်များမှနှင်ထုတ်ကြ
လိမ့်မည်။ သင်တို့ကို သတ်ဖြတ်သော သူတိုင်းက
သူသည်ဘုရားသခင်အားယဇ်ပူဇော်ခြင်းပြုလေပြီဟု
ထင်မှတ်သောအချိန်ကာလ ရောက်လိမ့်မည်။
၃။ သူတို့သည်ခမည်းတော်ကိုလည်းကောင်း၊ငါ့ကိုလည်း
ကောင်းမသိကြသောကြောင့်ဤသို့ပြုကြလိမ့်မည်။
၄။ ဤသို့ဖြစ်ပျက်သည့်အချိန်ကျရောက်သောအခါသင်
တို့အား ငါပြောထားပြီးဖြစ်ကြောင်း သတိရကြစေ
ရန် ဤအကြောင်းအရာများကို သင်တို့အား ငါယခု
ပြောပြရခြင်းဖြစ်၏။

### ဝိညာဉ်တော်မြတ်၏အမှုတော်

ငါသည် သင်တို့နှင့် အတူရှိနေခဲ့သောကြောင့်[1]၊ အစ
အဦး၌ ဤအကြောင်းအရာများကိုသင်တို့အားငါ
၅။ မပြောခဲ့ခြင်းဖြစ်၏။ယခုမှာမူငါသည်ငါ့ကိုစေလွှတ်မူ
သောအရှင်ထံသို့သွားမည်။သို့ရာတွင်ကိုယ်တော်မည်
သည့်အရပ်သို့ သွားမည်နည်းဟု သင်တို့တွင် တစ်
၆။ ယောက်မျှမမေးကြ။ ဤအကြောင်းအရာများကို သင်
တို့အား ငါဟောကြားသဖြင့် သင်တို့သည်ဝမ်းနည်း
၇။ ခြင်းသို့ရောက်ကြ၏။သင်တို့အားငါဧကန်အမှန်ဆို
သည်ကား ငါသွားလျှင် သင်တို့အတွက်ပို၍ အကျိုး
ရှိ၏[2]။ ငါမသွားလျှင် **ပါရာကလက်**တည်းဟူသော
ဝိညာဉ်တော်သည် ကြွလာ တော်မူလိမ့်မည်မဟုတ်၊
ငါသွားလျှင်မူကား ထိုအရှင်ကို သင်တို့ထံသို့ ငါစေ
၈။ လွှတ်မည်။ထိုအရှင်ကြွလာတော်မူသောအခါလောက
သားတို့အား အပြစ်အကြောင်း၊ ဖြောင့်မတ်ခြင်း
အကြောင်းနှင့်တရားစီရင်တော်မူခြင်းအကြောင်းတို့
ကိုထင်ရှားစွာထုတ်ဖော်ပြတော်မူလိမ့်မည်။
၉။ အပြစ်ဟုဆိုရာ၌သူတို့သည်ငါ့ကို မယုံကြည်ကြသော
၁၀။ ကြောင့်တည်း။ ဖြောင့်မတ်ခြင်းဟုဆိုရာ၌ ငါသည်
ခမည်းတော်ထံသို့ ကြွသွား၍ သင်တို့သည် ငါ့ကို
နောက်တဖန် မြင်ရလိမ့်မည် မဟုတ်သောကြောင့်
တည်း။
၁၁။ တရားစီရင်တော်မူခြင်းဟု ဆိုရာ၌ ဤကမ္ဘာလောက
ကို အုပ်စိုးသော သူသည် တရားစီရင်ခြင်း ခံရသော
၁၂။ ကြောင့်တည်း။ ငါသည် သင်တို့အား ပြောစရာ
အကြောင်းများစွာရှိသေးသော်လည်းသင်တို့သည်ယခု
၁၃။ ခံယူနိုင်ကြမည်မဟုတ်။ သမ္မာတရား၏ ဝိညာဉ်တော်
ကြွလာ တော်မူသောအခါ သမ္မာတရား အကြောင်း
အလုံးစုံတို့ကိုသင်တို့အား သွန်သင်တော်မူလိမ့်မည်။

---

[1] (၁၆း၅) ကိုယ်တော်သည်သူတို့နှင့်အတူရှိသမျှကာလပတ်လုံးမိမိတစ်ပါးတည်း
သာ လိုက်လံညှင်းဆဲခြင်း ခံရသည်ဖြစ်၍တပည့်များသည်လည်းညှင်းဆဲခြင်းခံရ
မည့်အကြောင်းကိုပြောခြင်းငှါ အလိုရှိတော်မမူယခုမူကားကိုယ်တော်သည်တပည့်
များနှင့်ခွဲခွါရမည် ဖြစ်၍ သူတို့ ပြင်ဆင်ထားနိုင်ရန် ပြောကြားခြင်းဖြစ်၏။

[2] (၁၆း၇)ကိုယ်တော်၏သေခြင်းသည်လူသားအပေါင်းတို့အတွက်ကယ်တင်ခြင်း
အကျိုးကျေးဇူးကိုပေး၏။

အကြောင်းမူကား ထိုအရှင်သည် မိမိ အခွင့်အာဏာ
အလျောက် ဟောပြောလိမ့်မည်မဟုတ်၊ သို့သော် မိမိ
ကြားသိရသောအကြောင်းအရာများကိုဟောပြောတော်
မူလိမ့်မည်။ ထို့ပြင် နောင်ဖြစ်လတ္တံ့သော အကြောင်း
အရာတို့ကို သင်တို့အားသိစေလိမ့်မည်[၃]။
၁၄။ ကိုယ်တော်သည်ငါ၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေ
လိမ့်မည်။ အကြောင်းမူကားထိုအရှင်သည်ငါနှင့်ဆိုင်
သော တရားကိုယူ၍ သင်တို့ကို ကြားသိစေသော
၁၅။ ကြောင့်ဖြစ်၏။ ခမည်းတော်၌ရှိသမျှသည်ငါနှင့်သက်
ဆိုင်၏။ ထို့ကြောင့် ထိုအရှင်သည် ငါနှင့်ဆိုင်သော
တရားကိုယူ၍သင်တို့အားကြားသိစေလိမ့်မည်ဟုငါ
ဆိုခြင်းဖြစ်၏။

## ဝမ်းနည်းခြင်းမှဝမ်းမြောက်ခြင်းသို့ပြောင်းမည်

၁၆။ တစ်ခဏမျှကြာလျှင် သင်တို့သည်ငါ့ကိုတွေ့မြင်ကြရ
လိမ့်မည်မဟုတ်။ တစ်ဖန် တစ်ခဏကာလမျှ သင်တို့
သည်ငါ့ကိုမြင်ရကြလိမ့်မည်ဟုမိန့်တော်မူ၏။
၁၇။ ကိုယ်တော်၏ တပည့်တော်အချို့တို့က အချင်းချင်း
ပြောကြသည်မှာတစ်ခဏမျှကြာလျှင်သင်တို့သည်ငါ့
ကိုတွေ့မြင်ကြရလိမ့်မည်မဟုတ်။ တစ်ဖန်တစ်ခဏမျှ
ကြာလျှင် သင်တို့သည် ငါ့ကို တွေ့မြင်ကြရလိမ့်မည်
အကြောင်းမူကား ငါသည် ခမည်းတော်ထံသို့သွား
မည်ဟူ၍ငါတို့အားကိုယ်တော်မိန့်တော်မူသောစကား
သည်မည်သည့်အဓိပ္ပါယ်ကိုဆိုလိုသနည်းဟုဆိုကြ၏
၁၈။ တစ်ဖန်သူတို့က တစ်ခဏမျှဟု ကိုယ်တော်မိန့်တော်
မူခြင်းသည် မည်သည့်အဓိပ္ပါယ် ရှိသည်နည်း၊ ကိုယ်
တော်မည်သို့ဆိုလိုသည်ကိုငါတို့မသိကြဟုဆိုကြ၏။
၁၉။ သခင်**ယေရှု**မူကား သူတို့သည် မိမိအား မေးမြန်းလို
ကြောင်းကိုသိတော်မူသောကြောင့်သူတို့အားမိန့်တော်
မူသည်မှာတခဏမျှကြာလျှင်သင်တို့သည်ငါ့ကိုတွေ့
မြင်ကြရလိမ့်မည်မဟုတ်။ တဖန် တခဏမျှကြာလျှင်
သင်တို့သည် ငါ့ကိုမြင်ကြလိမ့်မည်ဟူ၍ ငါပြောဆို
သည်ကိုသင်တို့အချင်းချင်း မေးမြန်းကြသလော။
၂၀။ သင်တို့အား ငါဧကန်အမှန်ဆိုသည်ကားသင်တို့သည်
ဝမ်းနည်းငိုကြွေးကြလိမ့်မည်။ သို့သော် ဤလောက
သည် ဝမ်းမြောက်လိမ့်မည်။သင်တို့၌ဝမ်းနည်းခြင်းရှိ
သော်လည်းသင်တို့၏ဝမ်းနည်းခြင်းသည်ဝမ်းမြောက်
ခြင်းအဖြစ်သို့ ပြောင်းလဲလိမ့်မည်[၄]။
၂၁။ အမျိုးသမီးတစ်ဦးသည် သားဖွားရသော အချိန်တွင်
ဝေဒနာပြင်းစွာ ခံစားရ၏။အကြောင်းမူကား သူမ၏
အချိန်ရောက်သောကြောင့်ဖြစ်၏။ သို့သော် သားဖွား
ပြီးလျှင်မူကား သူမခံစားခဲ့ရသော ပင်ပန်းခြင်းများကို
သတိမရတော့ချေ။ အကြောင်းမှာ ဤလောကတွင်
သူငယ်တစ်ယောက်သည် မွေးဖွားခြင်းခံရသဖြင့် ဝမ်း
မြောက်ရသောကြောင့်ဖြစ်၏။
၂၂။ ထိုနည်းတူ သင်တို့သည်လည်း ယခုအခါဝမ်းနည်း
လျက်ရှိကြ၏။သို့သော်ငါသည်သင်တို့နှင့်တဖန်ပြန်
တွေ့သောအခါသင်တို့စိတ်နှလုံးများသည်ဝမ်းမြောက်
ကြလိမ့်မည်။သင်တို့၏ဝမ်းမြောက်ခြင်းကိုမည်သူမျှ
၂၃။ သင်တို့ထံမှယူသွားလိမ့်မည်မဟုတ်။ထိုနေ့၌သင်တို့
သည် ငါ့အား မည်သည့်အရာကိုမျှ တောင်းခံကြလိမ့်
မည်မဟုတ်။သင်တို့အားငါဧကန်အမှန်ဆိုသည်ကား၊
သင်တို့သည် ငါ၏ခမည်းတော်ထံ တစ်စုံတစ်ခုကို
တောင်းလျှောက်ကြလျှင် ကိုယ်တော်သည် ငါ၏နာမ
တော်၌ သင်တို့အား ထိုအရာကိုပေးတော်မူလိမ့်မည်။
၂၄။ ယခုတိုင်အောင် သင်တို့သည် ငါ၏နာမတော်၌ မည်
သည့်အရာကိုမျှ မတောင်းခံကြသေး။ သင်တို့၏ဝမ်း
မြောက်ခြင်းသည်ပြည့်စုံစေရန် တောင်းလျှောက်ကြ
လော့၊ သင်တို့ရရှိကြလိမ့်မည်[၅]။

## သခင်ယေရှုသည်လောကကို အောင်မြင်တော်မူခြင်း

၂၅။ ဤအကြောင်းအရာများကိုပုံဥပမာဖြင့်သင်တို့အားငါ
ပြောခဲ့၏။ ပုံဥပမာနှင့် မဟောပြောဘဲ ခမည်းတော်
အကြောင်းကိုသင်တို့အားအတိအလင်းငါဟောပြောရ
မည့်အချိန်ရောက်လာပြီ။
၂၆။ ထိုနေ့ရက်တွင် သင်တို့သည် ငါ၏နာမ၌ တောင်း
လျှောက်ကြလိမ့်မည်၊ ငါသည်သင်တို့အတွက်ခမည်း

[၃] (၁၆း၁၃) ယော ၁၄း၁၆
ဝိညာဉ်တော်မြတ်သည် သမ္မာတရားနှင့်ဆိုင်သော အားလုံးစုံတို့ကို အစဉ်ထာဝရ သွန်သင်နေတော်မူသောကြောင့် သခင်ယေရှု၏အသင်းတော်သည် ယုံကြည်ရာအချက်များ၌မည်သည့်အခါမျှမှားယွင်းခြင်းသို့ရောက်နိုင်မည်မဟုတ်။

[၄] (၁၆း၂၀) တပည့်တော်တို့သည် အသေခံတော်မူသောကိုယ်တော်အတွက်ဝမ်းနည်း ငိုကြွေးကြရသော်လည်း ဝိညာဉ်တော်မြတ်ကိုစေလွှတ်ပြီးနောက်ထိုသူတို့၏ ဝမ်းနည်းခြင်းသည် ဝမ်းမြောက်ခြင်းသို့ကူးပြောင်းလာပေမည်။

[၅] (၁၆း၂၃) အမိအသင်းတော်သည် ဆုကျေးဇူးတော်ဟူသမျှကိုတောင်းလျှောက်သည့်အခါတိုင်း သခင်ယေရှု၏နာမတော်ကိုအမှီပြု၍ ပန်ကြားအသနားခံလေ့ရှိသည်။

တော်ထံ တောင်းလျှောက်ပေးမည်ဟု သင်တို့အားငါ
၂၇။ မဆို။ အကြောင်းမူကား သင်တို့သည် ငါ့ကိုချစ်၍ငါ
သည်ခမည်းတော်ထံမှ ကြွလာသည်ကို သင်တို့ယုံ
ကြည်ကြသောကြောင့် ခမည်းတော်ကိုယ်တိုင်သင်
တို့ကိုချစ် တော်မူ၏။
၂၈။ ငါသည် ခမည်းတော်ထံမှ ကြွလာ၍ဤလောကထဲသို့
လာခဲ့ပြီ၊ တဖန်ငါသည်ဤလောကကို ထွက်ခွာ၍
ခမည်းတော်ထံသို့ သွားမည်ဟုမိန့်တော်မူ၏။
၂၉။ တပည့်တော်များက ယခု ကိုယ်တော်သည် ပုံဥပမာ
မဆောင်ဘဲအတိအလင်း မိန့်တော်မူပါပြီ။
၃၀။ ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို သိတော်မူ
ကြောင်းနှင့် မည်သူမျှ ကိုယ်တော်ကို မေးမြန်းခြင်းငှါ
မလိုအပ်ကြောင်းတို့ကိုယခုတပည့်တော်တို့သိကြပါပြီ
ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်ထံမှကြွလာ
တော်မူကြောင်းကို တပည့်တော်တို့ ယုံကြည်ကြပါ
သည်ဟုလျှောက်ထားကြ၏[၆]။
၃၁။ သခင်**ယေရှု**ကလည်းသူတို့အားသင်တို့ယခုယုံကြည်
၃၂။ ကြပြီလော။ သင်တို့သည် တစ်ကွဲတစ်ပြားဖြစ်ကြ၍
အသီးသီး မိမိတို့အိမ်သို့ ထွက်ပြေးကြလျှက် ငါ့ကို
လည်း တစ်ပါးတည်းထားရစ်ခဲ့မည့် အချိန်နာရီသည်
ရောက်လာလိမ့်မည်။ ယခုပင်ရောက်လာပြီ။ သို့သော်
ငါသည် တစ်ပါးတည်းမဟုတ်၊ အကြောင်းမူကား
ခမည်းတော်သည် ငါနှင့်အတူ ရှိတော်မူသောကြောင့်
ဖြစ်၏။
၃၃။ သင်တို့သည်ငါ၌ငြိမ်းချမ်းသာယာခြင်းကိုရရှိစေခြင်း
ငှါ၊ ငါသည် သင်တို့အား ဤအကြောင်းအရာများကို
ဟောပြော၏သင်တို့သည်ဤကမ္ဘာလောကတွင်ဆင်း
ရဲဒုက္ခနှင့် တွေ့ကြုံကြရလိမ့်မည်။ သို့သော်စိတ်ပျက်
အားငယ်ခြင်း မရှိကြနှင့်။ ငါသည်ကမ္ဘာလောကကို
အောင်မြင်တော်မူပြီဟုမိန့်တော်မူ၏။

## အခန်းကြီး (၁၇)
## သခင်ယေရှု၏ဆုတောင်းမေတ္တာ

၁။ ဤသို့မိန့်တော်မူပြီးနောက်သခင်**ယေရှု**သည်ကောင်း
ကင်သို့မျှော်ကြည့်လျက် မြွက်ဆိုသည်ကား အို အဖ၊
အချိန်နာရီကျရောက်ပါပြီ[၁]။ သားတော်သည် ကိုယ်
တော်၏ ဘုန်းဂုဏ်တော်ကို ထင်ရှားစေနိုင်ရန် သား
တော်၏ဘုန်းဂုဏ်တော်ကိုထင်ရှားစေတော်မူပါ။
၂။ ကိုယ်တော်သည် သားတော်၏လက်သို့ အပ်နှင်းထား
သော သူအပေါင်းတို့အား ထာဝရအသက်ကို ပေးစေ
ခြင်းငှါ လူသားအားလုံးအပေါ် အုပ်စိုးရသော တန်ခိုး
အာဏာကိုသားတော်အားပေးတော်မူ၏[၂]။
၃။ ထာဝရ အသက်ဟူမူကား စစ်မှန်သော ဘုရားတစ်ဆူ
တည်းဖြစ်သောသော ကိုယ်တော်ကို လည်းကောင်း၊
ကိုယ်တော်စေလွှတ်တော်မူသော**ယေရှု**ခရစ်တော်ကို
လည်းကောင်းသိမှတ်ဝန်ခံခြင်းပင်ဖြစ်ပါ၏။
၄။ ကျွန်ုပ်အား ကိုယ်တော်ပေးအပ်တော်မူသောအမှုတော်
တို့ကိုပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းဖြင့် ကျွန်ုပ်သည်
ဤလောက၌ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုထင်ရှား
၅။ စေပါပြီ။အိုအဖ၊ဤကမ္ဘာမြေမတည်ရှိမီကပင် ကိုယ်
တော်နှင့်အတူကျွန်ုပ်စံစားခဲ့ရသည့်ဘုန်းဂုဏ်တော်ကို
ကျွန်ုပ်အားရှေ့တော်တွင် ယခုပေးတော်မူပါ။
၆။ ဤလောကထဲမှကိုယ်တော်ရွေးချယ်တော်မူ၍ကျွန်ုပ်
ထံပေးအပ်တော်မူသော သူတို့အား ကျွန်ုပ်သည်ကိုယ်
တော်၏ အကြောင်းကို ဖော်ပြခဲ့ပါပြီ။ သူတို့ကိုကိုယ်
တော် ပိုင်ဆိုင်တော်မူပါ၏။ ကိုယ်တော်သည် သူတို့
အားကျွန်ုပ်ကိုပေးတော်မူ၏။သူတို့သည်ကိုယ်တော်
၏နှုတ်ကပတ်တရားတော်ကိုလိုက်နာစောင့်ထိန်းကြ
၇။ ပါပြီ။ ကျွန်ုပ်အားပေးတော်မူသောအရာဟူသမျှသည်
ကိုယ်တော်ထံမှဖြစ်ကြောင်းကိုသူတို့ယခုသိရှိကြပါပြီ
၈။ အကြောင်းမူကား ကျွန်ုပ်အား ကိုယ်တော်ပေးတော်မူ
သော နှုတ်ကပတ်တရားတော်ကို ကျွန်ုပ်သည်သူတို့
အားပေးပါ၏။သူတို့သည် နှုတ်ကပတ်တရားတော်ကို
ခံယူကြ၍ ကျွန်ုပ်သည် ကိုယ်တော်အထံတော်မှလာ
ကြောင်းကိုသူတို့အမှန်သိကြပါ၏။ကိုယ်တော်သည်
ကျွန်ုပ်အား စေလွှတ်တော်မူကြောင်းကိုလည်း သူတို့
ယုံကြည်ကြပါ၏။
၉။ ကျွန်ုပ်သည် သူတို့အတွက်ဆုတောင်းပါ၏[၃]။လောက

---

[၆] (၁၆း၃၀) သခင်ယေရှုသည် မက်ဆီယသခင်နှင့်ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း တပည့်တော်များ ခိုင်မာစွာသက်သေခံကြသည်။

[၁] (၁၇း၁) ခရစ်တော်ဘုရား၏အချိန်နာရီသည် ဒုက္ခစရိယာခံ၍လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံတော်မူသောအချိန်တည်း။

[၂] (၁၇း၂) သခင်ယေရှု၏တရားဒေသနာတော်သည် ဂျူးလူမျိုးတို့အတွက်သာမက လူမျိုးအပေါင်းတို့အတွက်လည်းဖြစ်ကြောင်းထင်ရှား၏။

[၃] (၁၇း၉)သခင်ယေရှုသည်ဤကျမ်းချက်၌မိမိ၏တပည့်တော်များနှင့်ကိုယ်တော်ကို ယုံကြည်ကြသော သူတို့အဖို့ ဆုတောင်းပေးခြင်းဖြစ်၏။

သားတို့အတွက် ကျွန်ုပ် ဆုမတောင်းပါ။ ကျွန်ုပ်အား
ကိုယ်တော် ပေးအပ်တော်မူသော သူများသည်ကိုယ်
တော် ပိုင်ဆိုင်သောသူများ ဖြစ်သောကြောင့် သူတို့
၁၀။ အတွက် ကျွန်ုပ်ဆုတောင်းပါ၏။ ကျွန်ုပ်တွင် ရှိသမျှ
အားလုံးကိုကိုယ်တော်ပိုင်ပါ၏။ကိုယ်တော်၌ရှိသမျှ
ကိုလည်းကျွန်ုပ်ပိုင်ပါ၏။ထိုသူများအားဖြင့်ကျွန်ုပ်၏
၁၁။ ဘုန်းဂုဏ်တော် ထင်ရှားစေပါ၏။ ကျွန်ုပ်သည်ကိုယ်
တော်ထံသို့ လာမည်ဖြစ်၍ ဤလောကတွင်ရှိနေမည်
မဟုတ်ပါ။သို့သော် သူတို့မူကားဤလောကတွင်ရှိနေ
ကြပါမည်။သန့်ရှင်းမွန်မြတ်တော်မူသောအဖ၊ကျွန်ုပ်
အားအပ်နှင်းထားတော်မူသောသူတို့သည်ကျွန်ုပ်တို့
ကဲ့သို့တစ်လုံးတစ်ဝတည်းဖြစ်ကြစေရန်ကိုယ်တော်၏
နာမတော်၌စောင့်ရှောက်တော်မူပါ။
၁၂။ ကျွန်ုပ်သည် ကိုယ်တော် ပေးတော်မူသော သူတို့နှင့်
အတူရှိစဉ် ကိုယ်တော်၏နာမတော်၌ သူတို့ကိုစောင့်
ရှောက်ခဲ့ပါ၏။ကျွန်ုပ်သည်သူတို့ကိုစောင့်ထိန်းခဲ့ပါပြီ
ကျမ်းစာတော်ပြည့်စုံစေမည့်အကြောင်းပျက်စီးရမည့်
သူတစ်ဦးမှတစ်ပါးအခြားမည်သူမျှ ပျက်စီးခြင်းသို့မ
ရောက်ရှိပါ[၄]။
၁၃။ ယခုအကျွန်ုပ်သည် ကိုယ်တော်ထံသို့ လာသည်ဖြစ်၍
ကျွန်ုပ်၏ ဝမ်းမြောက်ခြင်းသည် သူတို့၌ပြီးပြည့်စုံစေ
ရန် ဤလောကတွင်ရှိနေစဉ် ဤစကားများကိုကျွန်ုပ်
ပြောဆိုခဲ့ပါ၏။
၁၄။ ကျွန်ုပ်သည် ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို
သူတို့အား ပေးခဲ့ပါပြီ။ ကျွန်ုပ်သည် ဤလောကနှင့်
မသက်ဆိုင်သကဲ့သို့သူတို့သည်လည်းဤလောကနှင့်
မသက်ဆိုင်ကြသောကြောင့် လောကသား တို့သည်
၁၅။ သူတို့ကို မုန်းတီးကြပါ၏။ သူတို့အား ဤလောကမှ
ဖယ်ရှားတော်မူရန် ကျွန်ုပ် တောင်းလျှောက်သည်
မဟုတ်ပါ သူတို့ကို နတ်ဆိုးလက်မှကင်းလွတ်စေရန်
စောင့်ထိန်းတော်မူပါမည့်အကြောင်း ကျွန်ုပ် တောင်း
၁၆။ လျှောက်ပါ၏။ကျွန်ုပ်သည်ဤလောကနှင့်မသက်ဆိုင်
သကဲ့သို့သူတို့သည်လည်းဤလောကနှင့်မသက်ဆိုင်
ကြပါ။
၁၇။ သူတို့ကိုသမ္မာတရားတော်၌သန့်ရှင်းမွန်မြတ်စေတော်
မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာ
၁၈။ တရားဖြစ်တော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်ကိုဤ
လောကထဲသို့ စေလွှတ်တော်မူသကဲ့သို့ ကျွန်ုပ်သည်
လည်း သူတို့ကို ဤလောကထဲသို့စေလွှတ်ပါ၏။
၁၉။ သူတို့သည်သမ္မာတရားတော်၌ဆက်ကပ်ပူဇော်ကြစေ
ရန်ကျွန်ုပ်သည်သူတို့အတွက်မိမိကိုယ်ကိုပူဇော်ဆက်
၂၀။ ကပ်ပူဇော်ပါ၏။ကျွန်ုပ်သည်သူတို့အတွက်သာမက
သူတို့၏ ဟောပြောခြင်းအားဖြင့် ကျွန်ုပ်ကိုယုံကြည်
လာမည့်သူများအတွက်လည်းကျွန်ုပ်ဆုတောင်းပါ၏။
၂၁။ အဖ ကိုယ်တော်သည် ကျွန်ုပ်၌၊ ကျွန်ုပ်သည်လည်း
ကိုယ်တော်၌ တည်ရှိသကဲ့သို့ သူတို့သည်လည်းတစ်
လုံးတစ်ဝတည်းဖြစ်စေတော်မူပါ။သူတို့သည်ကျွန်ုပ်
တို့၌တစ်လုံးတစ်ဝတည်း ဖြစ်စေခြင်းအားဖြင့်[၅] ကိုယ်
တော်သည်ကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းလောက
သားတို့သည် ယုံကြည်ကြလိမ့်မည်။
၂၂။ ကိုယ်တော်နှင့် ကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်
သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝတည်းဖြစ်
ကြစေရန် ကိုယ်တော်ပေးတော်မူသောဘုန်းဂုဏ်တော်
ကို ကျွန်ုပ်သည် သူတို့အားပေးပါပြီ။
၂၃။ ကျွန်ုပ်သည် သူတို့၌လည်းကောင်း၊ ကိုယ်တော်သည်
ကျွန်ုပ်၌လည်းကောင်းတည်ရှိသဖြင့်သူတို့၏တစ်လုံး
တစ်ဝတည်းရှိခြင်းသည်ပြည့်စုံပါလိမ့်မည်။ဤသို့ဖြင့်
ကိုယ်တော်သည်ကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့်
ကျွန်ုပ်အား ကိုယ်တော် ချစ်တော်မူသကဲ့သို့သူတို့ကို
လည်း ကိုယ်တော် ချစ်တော်မူကြောင်းတို့ကိုလောက
သားတို့သိရှိကြပါလိမ့်မည်။
၂၄။ အိုအဖ၊ကမ္ဘာမတည်ရှိမီကပင်ကိုယ်တော်သည်ကျွန်ုပ်
ကို ချစ်တော်မူ၍ ပေးတော်မူသော ဘုန်းဂုဏ်တော်ကို
ကိုယ်တော်သည် ကျွန်ုပ်အား အပ်နှင်းတော်မူသော
သူတို့မြင်ကြစေရန်ကျွန်ုပ်ရှိရာအရပ်တွင် သူတို့ကိုရှိ
စေလိုပါသည်[၆]။
၂၅။ ဖြောင့်မတ်တော်မူသော အို အဖ၊ ဤလောကသားတို့
သည်ကိုယ်တော်ကိုမသိကြသော်လည်းကျွန်ုပ်သည်
ကိုယ်တော်ကိုသိပါ၏။ ကိုယ်တော်သည်ကျွန်ုပ်ကိုစေ
လွှတ်တော်မူကြောင်းကို ဤသူတို့သိကြပါ၏။
၂၆။ ကျွန်ုပ်အပေါ်၌ ကိုယ်တော် ထားတော်မူသောချစ်ခြင်း
မေတ္တာတော်သည် သူတို့၌ တည်ရှိစေ၍ကျွန်ုပ်သည်

[၄] (၁၇း၁၂) ပျက်စီးခြင်း၏သားဟုဆိုရာ၌ကိုယ်တော်ကိုရန်သူလက်သို့အပ်နှံမည့် ဂျုဒအီစကာယုဒ်ကိုဆိုလိုသည်။ သူ၏လုပ်ရပ်ကိုခရစ်တော်ဘုရားကြိုတင်သိမြင်တော်မူသောကြောင့်ဤသို့မိန့်တော်မူခြင်းဖြစ်၏။

[၅] (၁၇း၂၁) ခရစ်တော်၌ ယုံကြည်ခြင်းနှင့် ချစ်မြတ်နိုးခြင်းအားဖြင့် သူတို့သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေ၏။

[၆] (၁၇း၂၄) ကျွန်ုပ်ရှိရာအရပ်ဟူသည်သုခကောင်းကင်ဘုံဖြစ်၏။

လည်းသူတို့၌တည်ရှိစေခြင်းငှါ ကိုယ်တော်၏နာမ
တော်ကိုသူတို့သိစေပါပြီ၊နောင်တွင်လည်းသိစေပါဦး
မည်ဟု ဆုတောင်းတော်မူ၏[၇]။

## အခန်းကြီး (၁၈)
## သခင်ယေရှုကိုဖမ်းဆီးကြခြင်း

(မာ-၂၆း၄၇-၅၆၊ မာ-၁၄း၄၃-၅၀၊ လု-၂၂း၄၇-၅၃)

၁။ သခင်**ယေရှု**သည် ဤသို့ ဆုတောင်းတော်မူပြီး
နောက်တပည့်တော်တို့နှင့်အတူ **ကီဒရွန်**ချောင်းတစ်
ဘက်သို့ ကြွတော်မူ၏။ ကိုယ်တော်သည်တပည့်
တော်တို့နှင့်အတူ ထိုအရပ်ရှိဥယျာဉ်တစ်ခုထဲသို့ဝင်
၂။ တော်မူ၏။ထိုနေရာသို့သခင်**ယေရှု**နှင့်တပည့်တော်
တို့သည်မကြာခဏသွားလေ့ရှိသဖြင့်ကိုယ်တော်အား
ရန်သူလက်သို့အပ်နှံမည့်**ဂျူဒ**သည် ထိုနေရာကိုသိ
၃။ ၏။ထို့ကြောင့် **ဂျူဒ**သည်**ရောမ**စစ်တပ် တစ်တပ်ကို
လည်းကောင်း၊ရဟန်းအကြီးအကဲတို့နှင့်**ဖာရီဇေဦး**
တို့အထဲမှ ခေါင်းဆောင်အချို့တို့ကိုလည်းကောင်း၊
ခေါ်ဆောင်၍မီးအိမ်၊ မီးတုတ်နှင့် လက်နက်များကို
၄။ ကိုင်ဆောင်၍ ထိုအရပ်သို့လာကြ၏။ သခင်**ယေရှု**
သည်လည်းမိမိ၌ ဖြစ်လတ္တံ့သော အကြောင်းအရာ
အလုံးစုံတို့ကို သိမြင် ပြီးဖြစ်၍သူတို့ထံသို့ချဉ်းကပ်
လျှက်သင်တို့သည်မည်သူ့ကိုရှာကြသနည်းဟုသူတို့
အားမေးတော်မူ၏။
၅။ သူတို့က**နာဇရက်**မြို့သား **ယေရှု**ကိုရှာပါသည်ဟုဆို
ကြ၏။ သခင်**ယေရှု**က ငါသည် ထိုသူဖြစ်၏ဟုမိန့်
တော်မူ၏။ကိုယ်တော်ကိုရန်သူလက်သို့အပ်နှံမည့်သူ
**ဂျူဒ**သည်လည်းသူတို့နှင့်အတူရပ်လျက်နေ၏။
၆။ [၁]သခင်**ယေရှု**ကငါသည် ထိုသူဖြစ်၏ဟု မိန့်တော်မူ
သောအခါသူတို့သည်နောက်သို့လန်၍မြေပေါ်တွင်လဲ
ကြ၏။
၇။ ထို့နောက်သခင်**ယေရှု**က သင်တို့သည်မည်သူကိုရှာ
ကြသနည်းဟုတဖန်မေးတော်မူပြန်၏။သူတို့ကလည်း
**နာဇရက်**မြို့သား**ယေရှု**ကိုရှာကြပါသည်ဟုဆိုကြ၏။

၈။ သခင်**ယေရှု**က ငါသည်ထိုသူဖြစ်၏ဟု သင်တို့အား
ငါပြောခဲ့ပြီ။သင်တို့သည်ငါ့ကိုရှာကြလျှင်ဤသူတို့ကို
သွားခွင့်ပေးလော့ဟုသူတို့အားမိန့်တော်မူ၏။
၉။ ဤသို့မိန့်တော်မူခြင်းမှာအကျွန်ုပ်အားကိုယ်တော်ပေး
အပ်တော်မူသောသူတစ်စုံတစ်ယောက်မျှပျက်စီးခြင်း
သို့မရောက်ရပါဟုယခင်က ကိုယ်တော်မိန့်ဆိုခဲ့သည့်
၁၀။ စကားပြည့်စုံစေရမည့်အကြောင်းတည်း။ထိုအခါ **စီ
မုန်ပေတရု**သည်မိမိ၌ပါလာသောဓါးကိုဆွဲထုတ်၍ရ
ဟန်းအကြီးအကဲ၏အစေခံတစ်ယောက်ကိုခုတ်လိုက်
ရာထိုသူ၏လက်ျာနားရွက်ပြတ်လေ၏။ထိုအစေခံ၏
၁၁။ အမည်ကား**မာလကု**ဖြစ်သတည်း။ သခင်**ယေရှု**က
လည်းသင်၏ဓါးကိုဓါးအိမ်၌ပြန်သွင်းလော့။ခမည်း
တော်သည်ငါ့အားပေးတော်မူသော ခွက်ဖလားကို ငါ
မသောက်ရအံ့လောဟု **ပေတရု**အား မိန့်တော်မူ၏။

## သခင်ယေရှုကိုအန္နားထံသို့ခေါ်ဆောင်ကြခြင်း

၁၂။ ထို့နောက် **ရောမ**တပ်မှူးနှင့် တပ်သားများတို့သည်
**ဂျူး**လူမျိုး ခေါင်းဆောင်များ လိုက်ပါလျှက် သခင်
**ယေရှု**ကိုဖမ်းဆီးချည်နှောင်ပြီး**အန္နား**ထံသို့ဦးစွာခေါ်
၁၃။ ဆောင်သွားကြ၏။**အန္နား**သည်ကား၊ ထိုနှစ်တွင်
ရဟန်းအကြီးအကဲဖြစ်သော**ကာအိဖ**၏ယောက္ခမဖြစ်
၁၄။ ၏။**ကာအိဖ**သည်ကားလူအပေါင်းတို့အတွက်လူတစ်
ယောက်အသေခံရခြင်းသည်ပို၍ကောင်း၏ဟု**ဂျူးလူ
မျိုး**တို့အား အကြံပေးခဲ့သူဖြစ်သတည်း။

## ပေတရုသည်သခင်ယေရှုကိုငြင်းဆိုခြင်း

၁၅။ **စီမုန်ပေတရု**နှင့်အခြားတပည့်တော်တစ်ဦးသည် သ
ခင်**ယေရှု**၏နောက်တော်သို့လိုက်ကြ၏။ထိုတပည့်
တော်သည်[၂] ရဟန်းအကြီးနှင့်သိကျွမ်းသဖြင့်သခင်
**ယေရှု**နှင့်အတူရဟန်းအကြီးအကဲ၏အိမ်တော်ဝင်းအ
တွင်းသို့ဝင်လေ၏။
၁၆။ **ပေတရု**မှုကားဝင်းတံခါးပြင်တွင်ရပ်နေခဲ့သောကြောင့်
ရဟန်းအကြီးအကဲနှင့် သိကျွမ်းသူ တပည့်တော်သည်
ဝင်းအပြင်သို့ ထွက်သွားပြီးလျှင် တံခါးစောင့်အမျိုး
သမီးအားအခွင့်တောင်းကာ**ပေတရု**ကိုအိမ်တော်ဝင်း
၁၇။ သို့ ခေါ်ဆောင်ခဲ့လေ၏။ ထိုအခါတံခါးစောင့်အမျိုး
သမီးက**ပေတရု**အားသင်သည်ထိုသူ၏တပည့်တစ်ဦး
မဟုတ်လောဟုမေးလျှင် **ပေတရု**က ငါမဟုတ်ဟု

[၇] (၁၇း၂၆) သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူ၍ကောင်းကင်ဘုံသို့ တက်ကြွသွားပြီးနောက်ပိုင်းတွင်လည်း ဝိညာဉ်တော်မြတ်အားဖြင့်ဘုရားသခင်၏နာမတော်ကို ဆက်လက်၍ သူတို့အား သိကြားစေတော်မူမည်။

[၁] (၁၈း၆) သခင်ယေရှုသည် မိမိ၏ဘုန်းအာနုဘော်တော်ကို ဂျူးလူမျိုးတို့အား ဖော်ပြတော်မူ၏။

[၂] (၁၈း၁၅) အခြားသောတပည့်တော်မှုကား တပည့်တော်ကြီးယောဟန်ဖြစ်သည်။

ဆို၏[၂]။
၁၈။ ထို့နောက် ရဟန်းအကြီးအကဲ၏အစေခံများနှင့်အ
စောင့်များတို့သည် အလွန်ချမ်းအေးသောကြောင့်
မီးသွေးမီးဖို ပတ်လည် တွင်ရပ်၍ မီးလှုံနေကြ၏။
**ပေတရု**သည်လည်းသူတို့ နှင့်အတူရပ်၍မီးလှုံလျက်
နေ၏။

## ရဟန်းအကြီးအကဲကသခင်ယေရှုကို မေးမြန်းခြင်း

၁၉။ ထိုအခါရဟန်းအကြီးအကဲသည်သခင်**ယေရှု**အားတ
ပည့်တော်တို့အကြောင်းနှင့်ဒေသနာတော်အကြောင်း
၂၀။ ကိုမေးမြန်းလေ၏။ သခင်**ယေရှု**ကသူတို့အားပြန်
ပြောတော်မူသည်ကားငါသည်လူအပေါင်းတို့ရှေ့တွင်
ပွင့်လင်းစွာဟောပြောသွန်သင်ခဲ့ပါ၏။ငါသည်**ဂျူး**လူ
မျိုးတို့စုဝေးရာတရားဇရပ်များနှင့် ဗိမ္မာန်တော်တွင်အ
စဉ်ဟောပြောသွန်သင်ခဲ့၏။မည်သည့်အရာကိုမျှလျှို့
၂၁။ ဝှက်စွာမဟောပြောခဲ့ပေ။ သို့ဖြစ်၍ အဘယ်ကြောင့်
ငါ့ကိုမေးမြန်းပါသနည်း။ ငါဟောပြောခဲ့သည့်အ
ကြောင်းအရာများကို ကြားနာခဲ့ပြီးသော သူတို့အား
မေးမြန်းပါလော့သူတို့သည် ငါဟောပြောသမျှကိုသိ
၂၂။ ကြ၏ဟုမိန့်တော်မူ၏။ကိုယ်တော်သည် ဤသို့မိန့်
တော်မူလျှင်အနီး၌ရပ်လျက်နေသော အစောင့်တပ်
သားတစ်ယောက်ကသင်သည် ရဟန်းအကြီးအကဲကို
ဤသို့ပြန်ပြောရသလောဟုဆိုကာသခင်**ယေရှု**၏ပါး
ကိုရိုက်လေ၏။
၂၃။ သခင်**ယေရှု**က ငါ၏စကားမှားလျှင် မှားကြောင်းကို
ထောက်ပြလော့၊ မှန်လျှင်အဘယ့်ကြောင့် ငါ့ကိုရိုက်
၂၄။ သနည်းဟု ပြန်ပြောတော်မူ၏။ထို့နောက်**အန္နာ**သည်
ကိုယ်တော်ကို ချည်နှောင်စေလျက်ရဟန်းအကြီးအကဲ
**ကာအိဖ**ထံသို့ ပို့စေ၏။

## ပေတရုသည်သခင်ယေရှုကိုတဖန်ငြင်းဆိုခြင်း

၂၅။ **စီမုန်ပေတရု**သည်ရပ်လျက် မီးလှုံနေစဉ်တွင်လူအချို့
ကသင်သည်ထိုသူ၏ တပည့်တစ်ဦးမဟုတ်လော့ဟု
မေးလျှင် **ပေတရုက**ငါမဟုတ်ဟု ငြင်းဆို၏။
၂၆။ **ပေတရု**က ဓါးဖြင့်ခုတ်၍နားရွက်ပြတ်သောသူ၏ဆွေ
မျိုးဖြစ်ပြီး ရဟန်းအကြီးအကဲ၏အစေခံတစ်ဦးလည်း
ဖြစ်သောသူကသင့်အားထိုသူနှင့်အတူငါမြင်ခဲ့သည်
၂၇။ ဟုဆို၏။**ပေတရု**ကငါမဟုတ်ဟုတဖန်ငြင်းဆို၏။ထို
ခဏချင်းတွင်ကြက်ဖတွန်လေ၏။

## ပီလာတုမင်းရှေ့တွင်တရားစီရင်ခြင်း

(မာ ၂၇း၁–၂၊၁၁–၁၄၊ မာကု ၁၅း၁–၅၊ လု ၂၃း၁–၅)

၂၈။ ထို့နောက်သူတို့သည် သခင်**ယေရှု**အား **ကာအိဖ**ထံ
မှတဆင့် **ရောမ**ဘုရင်ခံ၏ အိမ်တော်သို့ ခေါ်ဆောင်
သွားကြ၏။ထိုအချိန်ကားနံနက်စောစောအချိန်ဖြစ်၏
**ဂျူး**လူမျိုးတို့သည်ပါစကားညစာစားပွဲတွင်ပါဝင်စား
သောက်နိုင်ရန်၊ မိမိတို့ကိုယ်ကို ဝိနည်းအရစင်
ကြယ်စေလိုသောကြောင့် အိမ်တော်ထဲသို့မဝင်ကြ။
၂၉။ သို့ဖြစ်၍**ပီလာတုမင်း**သည် ထိုသူတို့နှင့် တွေ့ဆုံရန်
အိမ်တော်အပြင်သို့ထွက်လာပြီးလျှင် သင်တို့သည်ဤ
သူ့အပေါ်မည်သည့်စွပ်စွဲချက်ကိုတင်လိုပါသနည်းဟု
၃၀။ မေး၏။ ထိုသူတို့ကဤသူသည်ပြစ်မှုကျူးလွန်သူ
မဟုတ်ပါလျှင်ကျွန်ုပ်တို့သည်အရှင်မင်းကြီး၏လက်
သို့သူ့ကို မအပ်ပါဟု ပြန်ပြောကြ၏။
၃၁။ **ပီလာတုမင်း**ကလည်းသင်တို့ကိုယ်တိုင်ပင်သူ့ကိုခေါ်
ဆောင်သွားကြ၍သင်တို့၏တရားဥပဒေအတိုင်းစီရင်
ကြလော့ဟု သူတို့အားဆို၏။ **ဂျူး**လူမျိုးတို့က
ကျွန်ုပ်တို့မှာ လူတစ်စုံတစ်ယောက်ကိုမျှ သတ်ပိုင်ခွင့်
၃၂။ မရှိပါဟု ပြန်လျှောက်ကြ၏။ ဤသည်ကား သခင်
**ယေရှု**သည် မည်သို့သော သေခြင်းဖြင့်သေရမည်ကို
မိမိကိုယ်တော်တိုင်မိန့်မြွက်ခဲ့သောစကားအတိုင်းပြည့်
၃၃။ စုံခြင်းသို့ ရောက်မည့် အကြောင်းတည်း[၄]။ ထိုအခါ
**ပီလာတု**မင်းသည် အိမ်တော်ထဲသို့ ပြန်ဝင်၍ သခင်
**ယေရှု**ကိုခေါ်ပြီးလျှင် သင်သည် **ဂျူး**လူမျိုးတို့၏ရှင်
ဘုရင်ဖြစ်သလောဟုကိုယ်တော်အားမေးလေ၏။
၃၄။ သခင်**ယေရှု**ကမင်းကြီးသည်ဤစကားကိုကိုယ့်အလို
အလျောက် ဆိုသလော၊ သို့မဟုတ်လျှင် ငါ၏
အကြောင်းကိုသူတစ်ပါးတို့ကမင်းကြီးအားလျှောက်
ထားသလောဟု မေးတော်မူ၏။
၃၅။ **ပီလာတု**မင်းကငါသည်**ဂျူး**လူမျိုးဖြစ်သလော၊သင့်
လူမျိုးနှင့်ရဟန်းအကြီးအကဲတို့သည်သင့်ကိုငါ့လက်
သို့အပ်ခဲ့ကြပြီ။သင်သည်အဘယ်အမှုကိုပြုမိသနည်း
၃၆။ ဟုမေးလေ၏။ သခင်**ယေရှု**ကငါ၏နိုင်ငံသည်ဤ

---

[၂] (၁၈း၁၇)ပေတရုသည် သခင်ယေရှုကို ပထမအကြိမ်ငြင်းပယ်ခြင်းဖြစ်၏။

[၄] (၁၈း၃၂) သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ အသေသတ်ခံရခြင်းငှါ လူမျိုးခြားတို့လက်တွင် အပ်နှံခြင်းခံရမည်ဟု ကြိုတင်ဟောထားချက်ပြည့်စုံ၏။

လောကနှင့် သက်ဆိုင်သည်မဟုတ်၊ ငါ၏နိုင်ငံသည်
ဤလောကနှင့်သက်ဆိုင်လျှင်ငါသည်**ဂျူး**လူမျိုးတို့
၏လက်သို့အပ်နှံခြင်းမခံရအောင် ငါ၏အမှုထမ်းများ
သည်တိုက်ခိုက်ကြလိမ့်မည်။အမှန်စင်စစ်ငါ၏နိုင်ငံ
သည် ဤလောကနှင့် သက်ဆိုင်သည်မဟုတ်ဟု မိန့်
၃၇။ တော်မူ၏။**ပီလာတု**မင်းက သို့ဖြစ်လျှင်သင်သည်ရှင်
ဘုရင်ဖြစ်သလောဟုမေး၏။သခင်**ယေရှု**ကမင်းကြီး
ဆိုသည့်အတိုင်း ငါသည် ရှင်ဘုရင်ဖြစ်၏။ငါသည်
သမ္မာတရားကိုဟောပြောခြင်းငှါမွေးဖွားခြင်းခံခဲ့၍
ဤလောကသို့ကြွလာ၏ သမ္မာတရားနှင့် သက်ဆိုင်
သူဟူသမျှသည် ငါ၏စကားကို နားထောင်ကြ၏
၃၈။ ဟုမိန့်တော်မူ၏။ **ပီလာတု**မင်းက သမ္မာတရားကား
အဘယ်အရာနည်းဟုမေး၏။

## ကိုယ်တော်ကိုသေဒဏ်စီရင်ကြခြင်း

(မာ ၂၇း၁၅-၃၁၊ မာကု ၁၅း၆-၂၀၊ လု ၂၃း၁၃-၂၅)
ထိုစကားလိုဆိုပြီးမှ **ပီလာတု**မင်းသည် **ဂျူး**လူမျိုးတို့
ထံသို့ တစ်ဖန်ထွက်လာပြီးလျှင် ဤသူ၌ ပြစ်မှုတစ်
၃၉။ စုံတစ်ခုမျှငါမတွေ့၊ သို့သော်ပါစကားပွဲအချိန်တွင်
ငါသည်လူတစ်ဦးကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးသော
ထုံးစံရှိ၏။ သို့ဖြစ်၍ သင်တို့အတွက်**ဂျူး**လူမျိုးတို့၏
ရှင်ဘုရင်ဤသူကို လွတ်ငြိမ်းချမ်းသာခွင့်ပေး စေလို
၄၀။ သလောဟုသူတို့အားမေးလေ၏။ ထိုသူတို့က တဖန်
ဟစ်အော်ကြသည်ကားဤသူကိုမဟုတ်၊**ဘာရာဗ**ကို
လွှတ်ပါဟုဆိုကြ၏။ **ဘာရာဗ**သည်ကား ဓားပြတစ်
ဦးဖြစ်၏။

## အခန်းကြီး (၁၉)

၁။ ထို့နောက် **ပီလာတု**မင်းသည် သခင်**ယေရှု**ကို ခေါ်
၂။ ဆောင်သွားစေပြီးလျှင် ကြိမ်နှင့်ရိုက်စေ၏[၁]။ စစ်သူရဲ
တို့သည်ဆူးခက်များဖြင့်ဦးရစ်သရဖူကိုပြုလုပ်၍ကိုယ်
တော်၏ ဦးခေါင်းတော်ပေါ်မှာ တင်ကြ၏။ နီမောင်း
သောဝတ်လုံကိုလည်းကိုယ်တော်အားခြုံပေးကြ၏။
၃။ ထို့နောက်သူတို့သည်အထံတော်သို့ချဉ်းကပ်၍**ဂျူး**လူ
မျိုးတို့၏ဘုရင်၊သက်တော်ရာကျော်ရှည်ပါစေဟုဆို
ကြလျှက် ကိုယ်တော်၏ပါးတော်ကို ရိုက်ကြ၏။
၄။ **ပီလာတု**မင်းသည် တဖန်အပြင်သို့ ထွက်ပြီးလျှင်
လူအစုအဝေး တို့အားဆိုသည်ကား ဤသူ၌အပြစ်
တစ်စုံတစ်ခုမျှမတွေ့ကြောင်းကို သင်တို့ သိစေခြင်း
ငှါသင်တို့ထံသို့ သူ့ကိုခေါ်ထုတ်ခဲ့မည်ဟုဆို၏။
၅။ ထို့အခါသခင်**ယေရှု**သည် ဆူးခက်ဖြင့်ပြုလုပ်ထား
သောသရဖူကိုဆောင်း၍ နီသောဝတ်လုံကိုဝတ်ဆင်
ကာအပြင်သို့ထွက်ကြွတော်မူလျှင်**ပီလာတု**မင်းကဤ
၆။ သူကိုကြည့်ကြလော့[၂]ဟုဆို၏၊ ရဟန်းအကြီးအကဲ
များနှင့်**ဂျူး**လူမျိုးခေါင်းဆောင်များသည် ကိုယ်တော်
ကိုမြင်ကြလျှင် သူ့ကိုလက်ဝါး ကပ်တိုင်တင်ပါ၊
သူ့ကိုလက်ဝါးကပ်တိုင်တင်ပါဟု ဟစ်အော်ကြ၏။
**ပီလာတု**မင်းကသင်တို့ကိုယ်တိုင် သူ့ကိုခေါ် ဆောင်
၍လက်ဝါးကပ်တိုင်တင်ကြလော့။ အကြောင်းမူကား
ငါသည်သူ့၌အပြစ်တစ်စုံတစ်ခုကိုမျှမတွေ့ဟု ဆို၏။
၇။ **ဂျူး**လူမျိုးတို့ကလည်းငါတို့၌ပညတ် ဥပဒေရှိ၏။
ဤသူသည်မိမိကိုယ်ကိုဘုရားသခင်၏ သားတော်
ဟုဆိုသောကြောင့်ထိုပညတ်ဥပဒေအရသူသည် သေ
ဒဏ်ခံထိုက်၏ဟု ပီလာတုမင်းအားပြန်ပြောကြ၏။
၈။ ထိုစကားကို**ပီလာတု**မင်းကြားလျှင်ပို၍ကြောက်ရွံ့
၉။ တုန်လှုပ်လေ၏။သို့ဖြစ်၍သူသည်အိမ်တော်ထဲသို့ပြန်
ဝင်ပြီးလျှင်သခင်**ယေရှု**အားသင်သည် မည်သည့်အ
ရပ်မှလာသနည်းဟုမေးတော်မူ၏။ သခင်**ယေရှု**မူ
ကားတစ်ခွန်းကိုမျှ ပြန်ဖြေတော်မမူ။
၁၀။ ထို့ကြောင့်**ပီလာတု**မင်းကသင်သည်ငါနှင့်စကားပြော
ရန်အလိုမရှိသလောငါသည်သင့်ကိုလွှတ်ပိုင်သည်ကို
လည်းကောင်း၊လက်ဝါးကပ်တိုင် တင်ပိုင်သည်ကို
လည်းကောင်းသင်မသိပါသလောဟု ကိုယ်တော်အား
၁၁။ မေးလေ၏။ သခင်**ယေရှု**ကမင်းကြီးသည်အထက်အ
ရပ်မှအခွင့်မရရှိပါလျှင် ငါ့ကိုမည်သို့မျှပြုပိုင်ခွင့် မရှိ
ပါ။ ထို့ကြောင့် ငါ့ကိုမင်းကြီး၏ လက်သို့အပ်နှံ
သော သူသည်ပို၍အပြစ်ကြီး၏ဟု သူ့အား မိန့်တော်
မူ၏[၃]။
၁၂။ ထိုအချိန်မှစ၍ **ပီလာတု**မင်းသည် သခင်**ယေရှု**ကို
လွှတ်ပေးနိုင်ရန်နည်းလမ်းကိုရှာကြံလေ၏။ သို့သော်

---

[၁] (၁၉း၁) အကြောင်းမှာပီလတ်သည်ဂျူးလူမျိုးကယေရှုကိုအသေသတ်ရန်မကြိုးစားစေခြင်းငှါ ယေရှုကိုအသေသတ်ခြင်းသို့သူတို့စိတ်ကျေနပ်အောင်ရိုက်စေခြင်းဖြစ်၏။

[၂] (၁၉း၅) သနားစရာကောင်းသည့် ဤမျှလောက် ဒဏ်ခံရသောသူကိုကြည့်ကြလော့သနားခြင်းရှိကြလော့ဟု ပိလတ်ကဆို၏။

[၃] (၁၉း၁၁) ပိလတ်မင်းမှာ စီရင်ခြင်းအမှု၌ တာဝန်မကျေသောကြောင့်အပြစ်သို့ရောက်၏။ ဂျူးလူမျိုးတို့မှာမူ ရန်လိုမုန်းတီးသောကြောင့်ပို၍အပြစ်ကြီး၏။

**ဂျူး**လူမျိုးတို့ကဆိုသည်မှာဤသူကိုလွှတ်ပေးပါလျှင်
မင်းကြီးသည် ကေရာဇ်မင်း၏အ ဆွေတော်မဟုတ်၊
အကြောင်းမူကားမည်သူမဆိုမိမိကိုယ်ကိုရှင်ဘုရင်ဟု
ဆိုသောသူသည်ကေရာဇ်မင်းကိုဆန့်ကျင်သောသူဖြစ်
၁၃။ ၏ဟု ဟစ်အော်ကြ၏။ ဤစကားကို**ပီလာတု**မင်း
ကြားလျှင်သခင်**ယေရှု**ကိုအပြင်သို့ခေါ်ဆောင်ခဲ့ပြီးမှ
**ဟေဗြဲ**ဘာသာအားဖြင့်**ဂဗ္ဗသ**ဟုခေါ်သောကျောက်
ဖျာပေါ်ရှိတရားပလ္လင်တော်ပေါ်တွင်ထိုင်လေ၏။
၁၄။ ထိုနေ့သည်ကားပါစကားပွဲအကြိုနေ့မွန်းတည့်ခါနီး
အချိန်ဖြစ်သတည်း။ **ပီလာတု**မင်းက သင်တို့၏ ရှင်
ဘုရင်ကိုကြည့်ကြလောဟု**ဂျူး**လူမျိုးတို့အားဆို၏။
၁၅။ ထိုသူတို့ကလည်း သူ့ကိုသတ်ပါ သူ့ကို သတ်ပါ
လက်ဝါးကပ်တိုင်တင်ပါဟုဟစ်အော်ကြ၏။**ပီလာတု**
မင်းကငါသည်သင်တို့၏ရှင်ဘုရင်ကိုလက်ဝါးကပ်
တိုင်တင်ရမည်လောဟု သူတို့အားမေးလျှင် ရဟန်းအ
ကြီးအကဲတို့က ငါတို့၌ ကေရာဇ်မင်းမှတစ်ပါး
အခြားသော ရှင်ဘုရင်မရှိပါဟု ပြန်ပြော၏။
၁၆။ ထိုအခါ **ပီလာတု**မင်းသည်လက်ဝါးကပ်တိုင်တင်စေ
ခြင်းငှါကိုယ်တော်ကိုသူတို့လက်သို့အပ်လိုက်လေ၏။

## ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်၍ သတ်ခြင်း

(မ–၂၇း၃၂–၄၄၊ မာ– ၁၅း၂၁–၃၁၊ လု ၂၃း၂၆–၄၃)

သို့ဖြစ်၍သူတို့သည်ကိုယ်တော်ကိုခေါ်ဆောင်သွားကြ
၁၇။ ၏။ ကိုယ်တော်သည်မိမိလက်ဝါးကပ်တိုင်ကိုထမ်းယူ
လျှက် ဦးခေါင်းခွံဟု အမည်တွင်သော အရပ်သို့ ကြွ
၁၈။ တော်မူ၏။ ထိုအရပ်၌သူတို့သည်ကိုယ်တော်ကိုလက်
ဝါးကပ်တိုင်တင်ကြ၏။ ကိုယ်တော်ကို အလယ်တွင်
ထားလျက် အခြားသူနှစ်ဦးတို့ကိုလည်းကိုယ်တော်၏
တစ်ဖက်တစ်ချက်စီတွင်ထားကာ လက်ဝါးကပ်တင်
၁၉။ ကြ၏။ **ပီလာတု**မင်းသည်လည်းကမ္ပည်းလိပ်စာရေး၍
ကိုယ်တော်၏လက်ဝါးကပ်တိုင်ပေါ်တွင်ကပ်ထားစေ
၏။ ထိုကမ္ပည်းလိပ်စာဟူမူကား**ဂျူး**လူမျိုးတို့၏ရှင်ဘု
ရင် **နာဇရက်**မြို့သား **ယေရှု**ဟူ၍ဖြစ်သတည်း။
၂၀။ သခင်**ယေရှု**ကိုလက်ဝါးကပ်တိုင်တင်သော အရပ်
သည်မြို့နှင့်နီးသဖြင့် လူအများတို့သည် ထိုကမ္ပည်း
လိပ်စာကိုဖတ်ကြ၏။ ထိုကမ္ပည်းလိပ်စာကို**ဟေဗြဲ**
ဘာသာ၊**လက်တင်**ဘာသာနှင့်**ဂရိ**ဘာသာတို့ဖြင့်ရေး
၂၁။ သားထား၏။ ထို့အခါ**ဂျူး**လူမျိုးရဟန်းအကြီးအကဲတို့
က**ဂျူး**လူမျိုးတို့၏ဘုရင်ဟုမရေးပါနှင့်၊ ဤသူကငါ
သည်**ဂျူး**လူမျိုးတို့၏ဘုရင်ဖြစ်သည်ဟုဆိုခဲ့ကြောင်း
ကိုသာရေးပါဟု**ပီလာတု**မင်းအားလျှောက်ထားကြ
၂၂။ ၏။ **ပီလာတု**မင်းကလည်းငါရေးပြီးသောအရာသည်
ရေး ပြီး လေပြီဟု ပြန်ပြောလေ၏။
၂၃။ စစ်သူရဲတို့သည်သခင်**ယေရှု**ကိုလက်ဝါးကပ်တိုင်တ
င်ကြ ပြီးလျှင် အဝတ်တော်တို့ကို လေးပိုင်းပိုင်း၍
တစ်ယောက်တစ်ပိုင်းစီခွဲ၍လည်းကောင်းကိုယ်တော်
၏ အတွင်းအင်္ကျီတော်ကိုလည်းကောင်း ယူကြ၏။
အတွင်းအင်္ကျီတော်သည်ကား ချုပ်မထားဘဲ အထက်
စွန်းမှအောက်ဆုံးတိုင်အောင် ရက်လုပ်ထားခြင်းဖြစ်
၂၄။ ၏။ စစ်သူရဲတို့ကလည်း ဤအင်္ကျီကိုမဆုတ်ကြနှင့်
မဲချ၍ ယူကြကုန်အံ့ဟု အချင်းချင်းပြောဆိုကြ၏။
ဤသည်ကားသူတို့သည် ငါ၏အဝတ်များကိုခွဲဝေယူ
ကြ၏။ ငါ၏အင်္ကျီကိုလည်းမဲချ၍ယူကြ၏ ဟူသော
ကျမ်းချက်ပြည့်စုံစေမည့်အကြောင်းတည်း[၅]။ စစ်သူရဲ
တို့သည် လည်း ထိုနည်းတူပြုကြ၏။
၂၅။ ထိုအချိန်၌သခင်**ယေရှု**၏မယ်တော်နှင့်မယ်တော်၏
ညီမဖြစ်သော**ကလေအိုဖ**၏ဇနီး**မာရိယာ**နှင့်**မာရိယာ
မာဒလေနာ**တို့သည်ကိုယ်တော်၏လက်ဝါးကပ်တိုင်
၂၆။ အနီးတွင် ရပ်နေကြ၏။ သခင်**ယေရှု**သည်မယ်တော်
နှင့်အတူ အနီးတွင်ရပ်နေသော မိမိချစ်တော်မူသည့်
တပည့်တော်ကိုမြင်တော်မူလျှင်မယ်တော်အားအချင်း
မိန်းမ၊ သင်၏သားကိုကြည့်ပါဟု မိန့်တော်မူ၏။
၂၇။ ထို့နောက် တပည့်တော်တို့အားလည်း သင်၏အမိကို
ကြည့်ပါဟုမိန့်တော်မူ၏[၆]။ ထိုအချိန်မှစ၍ တပည့်
တော်သည် မယ်တော်ကို မိမိ၏အိမ်တွင် ပြုစုစောင့်
ရှောက်ထားလေ၏။

## သခင်ယေရှုအသက်တော်စွန့်တော်မူခြင်း

(မ ၂၇း၄၅–၅၆၊ မာ ၁၅း၃၃–၄၁၊ လု ၂၃း၄၄–၄၉)

၂၈။ ထိုအချိန်တွင်ခပ်သိမ်းသောအရာတို့သည်ပြီးဆုံးပြီ
ဖြစ်ကြောင်းကို သိမြင်တော်မူသဖြင့် ကျမ်းစာတော်
လာသည့်အတိုင်း ပြည့်စုံစေရန် ငါရေငတ်သည်ဟု
၂၉။ ကိုယ်တော်မိန့်မြွက်တော်မူ၏။ ထိုနေရာတွင်ပုံးရည်
အပြည့်ရှိသောအိုးတစ်လုံးရှိ၏။ ထို့ကြောင့်သူတို့သည်

[၅] (၁၉း၂၄) ဆာလံ ၂၂း၁၉

[၆] (၁၉း၂၇) ကျမ်းတတ်ပညာရှိနှင့် ရဟန္တာတို့၏အဆိုအရ ကရူစူးခြေရင်းတွင် တပည့်တော်ကြီး ယောဟန်သည် လူတို့ကိုယ်စားရပ်တည်၏။ ထို့ကြောင့်ယေရှုသည်မိမိ၏မယ်တော်ကို လူတို့၏အမိဖြစ်စေခြင်းငှါပေးတော်မူ၏ဟုဆိုလိုသည်။

ရေမြှုပ်တစ်ခုကိုပုံးရေတွင်နှစ်၍**ဟိဆုပ်**ပင်ကိုင်း၏အ
ဖျားတွင်တပ်ပြီးလျှင်ကိုယ်တော်၏ နှုတ်ခမ်းဖျားတွင်
တပ်ပေးကြ၏။
၃၀။ သခင်**ယေရှု**သည်လည်း ပုံးရည်ကို ခံယူတော်မူပြီးမှ
အားလုံး ပြည့်စုံပါပြီဟု မိန့်မြွက်တော်မူလျှက် ခေါင်း
တော်ကိုညွှတ်၍ အသက်တော်ကိုစွန့်လိုက်တော်မူ၏။

## နံဘေးတော်ကိုလှံဖြင့်ထိုးဖောက်ခြင်း

၃၁။ ထိုနေ့သည်ကား အဖိတ်နေ့ဖြစ်၍ ဥပုသ်နေ့တွင်
အလောင်းများကို လက်ဝါးကပ်တိုင်ပေါ်၌မရှိစေခြင်း
ငှါ၊**ဂျူး**လူမျိုးတို့သည် လက်ဝါးကပ်တိုင်တင်ထား
သောသူများ၏ ခြေတို့ကိုချိုး၍ အလောင်းများကိုယူ
ဆောင် သွားခွင့်ပြုပါမည့်အကြောင်း **ပီလာတု**မင်းထံ
တောင်းလျှောက်ကြ၏။ အကြောင်းမူကားထိုဥပုသ်
သည်ကြီး မြတ်သောနေ့ထူးနေ့မြတ်ဖြစ်၏။
၃၂။ ထို့ကြောင့် စစ်သူရဲတို့သည်လာကြ၍ ကိုယ်တော်နှင့်
အတူ လက်ဝါးကပ်တိုင်ပေါ်တွင် တင်ထားသောသူ
ပထမတစ်ဦးနှင့် အခြားသော သူတစ်ဦး၏ခြေများကို
၃၃။ ချိုးကြ၏။ သခင်**ယေရှု**ထံသို့ လာကြသောအခါ
အသက်တော်ကုန်ပြီးဖြစ်ကြောင်းကို တွေ့မြင်ကြလျှင်
၃၄။ ခြေထောက်ကို မချိုးကြချေ။ သို့သော်စစ်သူရဲတစ်ဦး
သည်ကိုယ်တော်၏နံဘေးတော်ကိုလှံဖြင့်ထိုးလိုက်ရာ
သွေးနှင့်ရေသည်ချက်ချင်းထွက်လာ၏[၇]။
၃၅။ မြင်သော သူသည်လည်း သက်သေခံ၏။ သူ၏သက်
သေခံချက်သည်လည်းမှန်၏။ သင်တို့သည်ယုံကြည်
မည့်အကြောင်းမှန်သောစကားပြောသည်ကိုလည်းသူ
၃၆။ သိ၏။ဤသို့ဖြစ်ပျက်ရခြင်းမှာသူ၏အရိုးတစ်ချောင်း
ကိုမျှ မကျိုးစေရဟု ကျမ်းစာတွင်ပါရှိသည့်အတိုင်း
၃၇။ ပြည့်စုံစေရန်ဖြစ်၏။တဖန်ကျမ်းစာလာသည်ကားထို
သူတို့သည်မိမိတို့ထိုးဖောက်သောသူကိုကြည့်ရှုကြ
လိမ့်မည်ဟု ရေးထားသတည်း။

## ကိုယ်တော်ကိုသင်္ဂြိုဟ်ကြခြင်း

(မ ၂၇း၅၇–၆၁၊ မာ ၁၅း၄၂–၄၃၊ လု ၂၃း၅၀–၅၆)

၃၈။ ထို့နောက်**ယေရှု**၏တပည့်ဖြစ်သော်လည်း**ဂျူး**လူမျိုး
တို့ကို ကြောက်သောကြောင့် မထင်မရှား နေသော
**အာရိမာတေယ**မြို့သား**ဂျိုးဇက်**သည်သခင်**ယေရှု**၏

[၇] (၁၉း၃၄) နံဘေးတော်မှ စီးထွက်သောသွေးနှင့်ရေသည် ကိုယ်တော်မြတ်စက္ကရမင်တူးနှင့် ဆေးကြောခြင်း စက္ကရမင်တူးကို ရည်ညွှန်း၏။



အလောင်းတော်ကိုယူသွားခွင့်ပြုရန် **ပီလာတု**မင်းကို
တောင်းလျှောက်လေ၏။**ပီလာတု**မင်းကလည်းအခွင့်
ပေးသဖြင့် သူသည်လာ၍ သခင်**ယေရှု**၏အလောင်း
တော်ကိုလည်းယူဆောင်သွားလေ၏။
၃၉။ တစ်ချိန်ကသခင်**ယေရှု**ထံသို့ညအချိန်တွင်လာသော
**နိကိုဒေးမု**သည်လည်း**မုတ်နှင့်မုရန်**အစေး ရောထား
သော ဆီမွှေးနံ့သာပေါင်း အချိန်တစ်ရာခန့်ကို ယူ
ဆောင်လာ၏။
၄၀။ သူတို့သည် သခင်**ယေရှု**၏ အလောင်းတော်ကိုယူ၍
**ဂျူးလူ**မျိုးတို့၏သင်္ဂြိုလ်ခြင်းနှင့်ဆိုင်သောဓလေ့ထုံးစံ
အတိုင်းနံ့သာမျိုးနှင့်အတူပိတ်အဝတ်ဖြင့် ပတ်ရစ်ကြ
၄၁။ ၏။ ကိုယ်တော်ကို လက်ဝါးကပ်တိုင်တင်သော
အရပ်၌ဥယျာဉ်တစ်ခုရှိ၏။ ထိုဥယျာဉ်၌မည်သူ့ကိုမျှ
မသင်္ဂြိုဟ်ဖူးသော သင်္ချိုင်းဂူအသစ် တစ်ခုရှိ၏။
၄၂။ ထိုနေ့သည်**ဂျူး** လူမျိုးတို့၏အဖိတ်နေ့ဖြစ်သော
ကြောင့် အလောင်းတော်ကိုအနီးတွင်ရှိသော ထို
သင်္ချိုင်းဂူ၌ပင်သင်္ဂြိုလ်ကြ၏။

## အခန်းကြီး (၂၀)

## သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်း

(မ ၂၈း၁–၈၊ မာ ၁၆း၁–၈၊ လု ၂၄း၁–၁၂)

၁။ ရက်သတ္တပတ်တွင်ပထမနေ့နံနက်စောစောမှောင်နေ
ဆဲအချိန်တွင် **မာရိယာ မာဒလေးနာ**သည် သင်္ချိုင်း
တော်သို့လာသောအခါသင်္ချိုင်းဂူဝမှကျောက်သည်ရွှေ့
၂။ ထားလျက်ရှိသည်ကို မြင်၏။ ထို့ကြောင့် သူမသည်
**စီမုန်ပေတရု**နှင့်သခင်**ယေရှု**ချစ်တော်မူသောတပည့်
တော်ထံသို့ပြေးသွားပြီးလျှင်သူတို့သည်သခင်ဘုရား
ကိုသင်္ချိုင်းဂူမှယူဆောင်သွားကြပါပြီ။အဘယ်မှာထား
ကြသည်ကို ကျွန်မတို့မသိပါဟု တပည့်တော်တို့
၃။ အားဆို၏။ထိုအခါ**ပေတရု**သည် အခြားတပည့်တော်
တို့နှင့်အတူ သင်္ချိုင်းတော်သို့သွားကြ၏။
၄။ သူတို့နှစ်ဦး အတူပြေးသွားကြစဉ်အခြားသောတပည့်
တော်သည်**ပေတရု**ကိုကျော်လွန်၍သင်္ချိုင်းတော်သို့
၅။ ဦးစွာ ရောက်လေ၏။ သူသည် သင်္ချိုင်းဂူတွင်းသို့ငုံ၍
ကြည့်သောအခါပိတ်အဝတ်ကျန်ရစ်သည်ကိုမြင်ရ၏[၁]

[၁] (၂၀း၅) ယေရှု၏အလောင်းတော်ကို မီးရာနှင့်သင်္ဂြိုလ်ရာတွင် အဝတ်ဖြူသည် ထင်းရှူးစေးကဲ့သို့ ကိုယ်၌ အမြဲစွဲကပ်ရစမြဲဖြစ်၏။ သို့ဖြစ်၍ အဝတ်ဖြူမပါသော အလောင်းကို တစ်စုံတစ်ယောက်ယူဆောင်သွားခြင်းသည် မဖြစ်နိုင်ရာ။

သို့သော်လည်း သူသည် မဝင်ဘဲစောင့်နေ၏။
၆။ သူ၏နောက်မှလိုက်လာသော **စီမုန်ပေတရု**ရောက်
လာသောအခါသင်္ချိုင်းတွင်းသို့ဝင်သဖြင့်ရှိနေရစ်သော
အလောင်းတော်ပတ် အဝတ်ကို လည်းကောင်း၊
၇။ ကိုယ်တော်၏ ဦးခေါင်းတော်ပေါ်မှ ပုဝါသည် ပိတ်
အဝတ်များနှင့်အတူ မရှိဘဲ၊ တစ်နေရာတွင် သီးသန့်
လိပ်ထားလျက်ရှိသည်ကိုလည်းကောင်းမြင်ရ၏။
၈။ ထို့နောက် သင်္ချိုင်းတော်သို့ဦးစွာရောက်ရှိသောအခြား
တပည့်တော်သည်လည်း ဂူထဲသို့ဝင်၍ တွေ့မြင်သော
၉။ ကြောင့်ယုံကြည်လေ၏[၂]။အကြောင်းမူကားကိုယ်တော်
သည်သေခြင်းမှရှင်ပြန်ထမြောက်ရမည်ဟူသောကျမ်း
၁၀။ စကားကို သူတို့ နားမလည်ကြသေးချေ။ ထို့နောက်
တပည့်တော်များသည် မိမိတို့၏အိမ်များသို့ ပြန်သွား
ကြလေ၏။

## မာရိယာမာဒလေးနာအားထင်ရှားပြတော်မူခြင်း

(မ ၂၈း၉–၁၀၊ မာ ၁၆း၉–၁၁)

၁၁။ **မာရိယာ**သည်သင်္ချိုင်းဂူအပြင်၌ငိုကြွေးလျက်ရပ်နေ
၏။သူမသည်ငိုကြွေးနေစဉ် သင်္ချိုင်းဂူတွင်းသို့ငုံ့၍
၁၂။ ကြည့်လိုက်ရာဖြူစင်သော အဝတ်ကိုဝတ်ဆင်ထား
သော ကောင်းကင်တမန်တော်နှစ်ပါးသည်သခင်
**ယေရှု**၏ အလောင်းတော်ထားခဲ့သည့် နေရာတွင်
ခေါင်းရင်း၌တစ်ပါး၊ ခြေရင်း၌တစ်ပါးထိုင်လျက်နေ
၁၃။ သည်ကိုမြင်လေ၏။တမန်တော်တို့ကအချင်းမိန်းမအ
ဘယ်ကြောင့်ငိုကြွေးသနည်းဟုသူမကိုမေးကြလျှင်သူ
မကကျွန်မ၏အရှင်သခင်ကိုသူတို့ယူဆောင်သွားကြ
ပြီ။မည်သည့်နေရာတွင်ထားသည်ကိုကျွန်မမသိပါဟု
၁၄။ ဆို၏။ဤသို့ဆိုပြီးနောက်သူမသည်လှည့်၍ကြည့်လို
က်ရာသခင်**ယေရှု**ရပ်နေသည်ကိုမြင်ရ၏။သို့သော်
၁၅။ ကိုယ်တော်ဖြစ်ကြောင်းကိုသူမမသိချေ။သခင်**ယေရှု**
ကအချင်းမိန်းမအဘယ်ကြောင့်ငိုကြွေးသနည်း။မည်
သူ့ကိုရှာသနည်းဟုမေးတော်မူလျှင် **မာရိယာ**သည်
ကိုယ်တော့်ကိုဥယျာဉ်စောင့်ဟုထင်မှတ်၍သခင်၊သူ၏
အလောင်းကိုသခင်ယူဆောင်သွားခဲ့ပါလျှင်၊မည်သည့်
နေရာ၌ထားသည်ကိုကျွန်မအားပြောပါ။သူ့ကိုကျွန်မ
ယူဆောင်သွားပါမည်ဟုဆို၏။

၁၆။ **ယေရှု**က **မာရိယာ**ဟု သူမအား ခေါ်တော်မူလျှင်
သူမသည်နောက်သို့လှည့်၍**ရာဘောနီ**ဟုကိုယ်တော်
အားခေါ်လေ၏။ (**ရာဘောနီ**၏အဓိပ္ပာယ်ကားဆရာ
၁၇။ ဟုဆိုလိုသတည်း။) သခင်**ယေရှု**ကငါ့ကိုမထိနှင့်[၃]။
အကြောင်းမူကား ငါသည်ခမည်းတော်ထံသို့တက်
ကြွမသွားသေး၊ သို့သော် ငါ၏ညီအစ်ကိုများရှိရာသို့
သွား၍ ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏
ခမည်းတော် ငါ၏ဘုရားသခင်တည်းဟူသောသင်
တို့၏ ဘုရားသခင်ထံတော်သို့ ငါတက်ကြွမည့်အ
ကြောင်းကို ပြောကြားလော့ဟု မိန့်တော်မူ၏။
၁၈။ ထိုအခါ**မာရိယာမာဒလေးနာ**သည်သွား၍ ကျွန်မ
သည်သခင်ဘုရားကိုဖူးမြင်ခဲ့ရပြီဟုတပည့်တော်ကြီး
တို့အားဆိုလျက်ကိုယ်တော် မိန့်တော်မူခဲ့သောအ
ကြောင်းအရာများကို သူတို့အား ပြောပြလေ၏။

## တပည့်တော်ကြီးများအားထင်ရှားပြတော်မူခြင်း

(မ ၂၈း၁၆–၂၀၊ မာ ၁၆း၁၄–၁၈၊ လု ၂၄း၃၆–၄၉)

၁၉။ ရက်သတ္တပတ်၏ပထမနေ့၊ညနေအချိန်ရောက်သော
အခါ တပည့်တော်တို့သည် ဂျူးလူမျိုးတို့ကိုကြောက်
သောကြောင့် မိမိတို့ စုဝေးကြသောနေရာတွင် တံခါး
များကို ပိတ်ထားလျက်နေကြ၏။ ထိုအချိန်၌ သခင်
**ယေရှု**သည် ကြွလာတော်မူ၍ သူတို့အလယ်မှာ ရပ်
တော်မူလျှက် သင်တို့၌ ငြိမ်းချမ်းသာယာခြင်း ရှိပါ
၂၀။ စေဟု သူတို့အား မိန့်တော်မူ၏။ ဤသို့မိန့်တော်
မူပြီး နောက်ကိုယ်တော်သည် သူတို့အားမိမိလက်
တော်များနှင့်နံဘေးတော်ကို ပြတော်မူ၏။ တပည့်
တော်တို့သည်လည်း သခင်ဘုရားကို ဖူးမြင်ရသဖြင့်
၂၁။ ဝမ်းမြောက်ကြလေ၏။ တဖန်ကိုယ်တော်ကသင်တို့၌
ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်
သည်ငါ့ကိုစေလွှတ်သကဲ့သို့ ငါသည်လည်း သင်တို့
၂၂။ ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ ထို့နောက် ကိုယ်
တော်သည် သူတို့ အပေါ်သို့ မှုတ်တော်မူလျှက် သန့်
၂၃။ ရှင်းသော ဝိညာဉ်တော်မြတ်ကို ခံယူကြလော့။
အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအ
ပြစ်များသည်ခွင့်လွှတ် ခြင်းခံရလိမ့်မည်။ အကြင်သူ

---

[၂] (၂၀း၈)သူတို့ယုံကြည်ခြင်းသည်မှာသူတို့သည်ခရစ်တော်ရှင်ပြန်ထမြောက်သည့်အကြောင်းကို နားမလည်ကြသေး ယေရှုရှင်ပြန်ထမြောက်တော်မူခြင်းကိုမဟုတ်မာဒလေးနာ ပြောကြားသည်အတိုင်းအလောင်းတော်ယူသွားခြင်းခံရသည်ဟုထင်မှတ်နေကြ၏။

[၃] (၂၀း၁၇)ငါ့ကိုမထိနှင့် ငါသည်အပြီးအပိုင်ထွက်ခွာ သွားသည်မဟုတ်သေး။ခမည်းတော်ရှိရာသို့လည်းမသွားသေး၊ယခုမှာမူသွား၍ငါရှင်ပြန်ထမြောက်သည့်အကြောင်းကို တပည့်တော်တို့အား ကြားပြောပါဟူ၍ အဓိပ္ပါယ်ရှိသည်။ (သံခရစ်စောစတုန်)

၏အပြစ်များကို သင်တို့တည်စေလျှင် ထိုအပြစ်များ
သည်တည်လျှက်ရှိ၏[၆]ဟုသူတို့အားမိန့်တော်မူ၏။

## တပည့်တော်ကြီးသောမတ်အားထင်ရှားပြခြင်း

၂၄။ တပည့်တော်ကြီး တစ်ဆယ့်နှစ်ပါးတွင် တစ်ပါးအပါ
အဝင်ဖြစ်သည့်**ဒီးဒီမု**ခေါ်သော**သောမတ်**မှုကား**ယေ
ရှူး**ကြွလာတော်မူသောအချိန်တွင်တပည့်တော်တို့နှင့်
၂၅။ အတူမရှိချေ။အခြားသောတပည့်တော်တို့ကလည်းငါ
တို့သည်သခင်ဘုရားကိုဖူးမြင်ရပြီဟု သူ့အားဆိုကြ
၏။သို့သော်**သောမတ်**ကကိုယ်တော်၏လက်တော်၌
သံရိုက်ရာချက်ကိုငါမမြင်ရလျှင်၊သံရိုက်ရာချက်ထဲသို့
ငါ၏လက်ညှိုးကိုမသွင်းရလျှင်၊ ကိုယ်တော်၏နံဘေး
တော်ကို ငါ၏လက်ဖြင့် မစမ်းသပ်ရလျှင်ငါယုံကြည်
၂၆။ လိမ့်မည်မဟုတ်ဟု သူတို့အားဆို၏။ ရှစ်ရက်မြောက်
သောနေ့၌တပည့်တော်တို့သည် အိမ်အတွင်း၌တဖန်
စုဝေးလျက်ရှိကြစဉ်**သောမတ်**သည်လည်းသူတို့နှင့်အ
တူရှိ၏။တံခါးများပိတ်ထားလျှက်ရှိသော်လည်းသခင်
**ယေရှူး**သည်ကြွလာတော်မူ၍ သူတို့အလယ်မှာရပ်
တော်မူလျက်သင်တို့၌ ငြိမ်းချမ်းသာယာခြင်းရှိပါစေ
ဟုသူတို့အားမိန့်တော်မူ၏။
၂၇။ ထို့နောက် ကိုယ်တော်သည် **သောမတ်**အား သင်၏
လက်ညှိုးကို ဤနေရာ၌ သွင်း၍ ငါ၏လက်များကို
ကြည့်လော့။ သင်၏ လက်ကိုလည်း ဆန့်တန်း၍
ငါ၏နံဘေးတော်ကို စမ်းသပ်လော့။ ယုံမှားသံသယ
မဖြစ်လေနှင့်၊ ယုံကြည်လော့ဟုမိန့်တော်မူ၏။
၂၈။ **သောမတ်**ကလည်း ကျွန်ုပ်၏သခင်၊ ကျွန်ုပ်၏ဘုရား
ဟု ကိုယ်တော်အား ပြန်လည်လျှောက်ထား၏။
၂၉။ သခင်**ယေရှူး**ကသင်သည် ငါ့ကို မြင်သောကြောင့်ယုံ
ကြည်သလော၊ငါ့ကိုမမြင်ရသော်လည်းယုံကြည်သော
သူတို့သည်မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။

## ဤကျမ်းစာကိုရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်

၃၀။ ဤကျမ်းစာ၌မှတ်တမ်းတင်မထားသည့်များစွာသော
အခြားတန်ခိုးလက္ခဏာတို့ကိုလည်း သခင်**ယေရှူး**
သည် တပည့်တော်တို့ရှေ့မှောက်တွင်ပြတော်မူ၏။
၃၁။ သို့သော်သခင်**ယေရှူး**သည်ဘုရားသခင်၏သားတော်
မက်ဆိယသခင်ဖြစ်သည်ကိုသင်တို့ ယုံကြည်ကြမည့်
အကြောင်းနှင့် ထိုသို့ ယုံကြည်ခြင်းဖြင့်ကိုယ်တော်၏
နာမတော်၌ သင်တို့သည် အသက်ကိုရကြမည့် အ
ကြောင်းတို့ကြောင့် ဤအရာများကို ရေးသားမှတ်
တမ်းတင်ထားခြင်းဖြစ်၏။

# အခန်းကြီး (၂၁)

## တပည့်တော်ခုနစ်ပါးတို့အား ထင်ရှားပြတော်မူခြင်း

၁။ ထို့နောက်သခင်**ယေရှူး**သည် **တိဘေရိယ**အိုင်အနီး
တွင်မိမိကိုယ်ကိုတဖန်ထင်ရှားပြတော်မူ၏။ ကိုယ်
တော် သည်ဤသို့ထင်ရှားပြတော်မူ၏။
၂။ **စီမုန်ပေတရု**၊**ဒီဒီမု**ဟုခေါ်သော**သောမတ်**၊**ဂါလိလေ**
နယ်**ကန္နာ**မြို့သား**နာသာနာအဲလ်**၊**ဇေဘေဒေ**၏သား
များနှင့် အခြားတပည့်တော်နှစ်ဦးတို့သည် အတူရှိကြ
၃။ ၏။**စီမုန်ပေတရု**က ကျွန်ုပ်ငါးဖမ်းသွားမည်ဟုဆို
လျှင်သူတို့ကကျွန်ုပ်တို့လည်းသင်နှင့်အတူလိုက်မည်
ဟုဆိုကြ၏။သူတို့သည်အတူထွက်သွားကြပြီးလျှင်
လှေပေါ်သို့တက်ကြ၏။သို့သော်သူတို့သည်ထိုည
၄။ တစ်ညလုံးငါးတစ်ကောင်မျှမဖမ်းမိကြ။နံနက်အရုဏ်
တက်ချိန်ရောက်သောအခါ သခင်**ယေရှူး**သည်ကမ်း
စပ်တွင်ရပ်လျက်နေ၏။ သို့သော်တပည့်တော်များ
၅။ သည်ကိုယ်တော်ဖြစ်ကြောင်း မသိကြချေ။ ထိုအခါ
သခင်**ယေရှူး**ကချစ်သားတို့၊စားစရာအဖို့ငါးဖမ်းမိကြ
ပြီလောဟုမေးတော်မူလျှင် သူတို့ကမဖမ်းမိသေးပါဟု
ကိုယ်တော်အား ပြန်လျှောက်ကြ၏။
၆။ ကိုယ်တော်က ပိုက်ကွန်ကို လှေ၏ လက်ျာဘက်သို့
ပစ်ချကြလော့ သင်တို့သည်ငါးအချို့ကိုရလိမ့်မည်ဟု
မိန့်တော်မူ၏။ ထို့ကြောင့်သူတို့သည်လည်းပိုက်ကွန်
ကိုပစ်ချကြလျှင်ငါးမြောက်များစွာဖမ်းမိသောကြောင့်
ပိုက်ကွန်ကိုဆွဲမတင်နိုင်ဘဲရှိကြ၏။
၇။ ထိုအခါ သခင်**ယေရှူး**ချစ်တော်မူသောတပည့်တော်က
သခင်ဘုရားဖြစ်သည်ဟု **ပေတရု**အား ဆို၏။ သခင်
ဘုရားဖြစ်သည်ဟု **ပေတရု**ကြားလျှင်အင်္ကျီကိုဝတ်၍[၁]
(အကြောင်းမှုကား သူ၌အဝတ်မပါသောကြောင့် ဖြစ်

---

[၆] (၂၀း၂၃)ဤကျမ်းချက်အရ ယေရှူးသည် တပည့်တော်တို့မှစ၍ သူတို့၏အရိုက်အရာကို ခံယူသော ရဟန်းများတို့အား လူတို့ပြုသောအပြစ်များကို လွှတ်ခွင့်နှင့် ချီနှောင်ခွင့်အာဏာကိုလွှဲအပ်သည်။

[၁] (၂၁း၇) တံငါသည်တို့ ဝတ်လေ့ရှိသောအဝတ်ကိုသာ ဝတ်ထားသဖြင့် အင်္ကျီကို ယူ၍ဝတ်ခြင်းဖြစ်၏။

၏) ရေထဲသို့ခုန်ဆင်းလေ၏။
၈။ အခြားသော တပည့်တော်တို့မူကား ငါးများနှင့် ပြည့်
နက်နေသော ပိုက်ကွန်ကိုဆွဲလျှက်လှေဖြင့်လာကြ၏၊
(အကြောင်းမူကား သူတို့သည် ကမ်းနှင့်မဝေးကွာလှ
၉။ ဘဲကိုက်တစ်ရာခန့်သာရှိ၏။)သူတို့သည် ကုန်းပေါ်
သို့ရောက်ကြသောအခါ ပေါင်မုန့်ကိုလည်းကောင်း
မီးဖိုပေါ်တွင်ကင်ထားသောငါးကိုလည်းကောင်း တွေ့
၁၀။ ကြ၏။ သခင်**ယေရှု**ကလည်း သင်တို့ ယခုဖမ်းမိ
သော ငါးအချို့ကို ယူခဲ့ကြလော့ဟု မိန့်တော်မူ၏။
၁၁။ **စီမုန်ပေတရု**သည်လှေပေါ်သို့တက်၍ငါးကြီးတစ်ရာ
ငါးဆယ့်သုံးကောင်နှင့်ပြည့်နေသောပိုက်ကွန်ကိုကုန်း
ပေါ်သို့ဆွဲတင်လေ၏။ငါးများဤမျှလောက် များပြား
သော်လည်း ပိုက်ကွန်သည် မဆုတ်ဘဲရှိလေ၏။
၁၂။ သခင်**ယေရှု**ကသင်တို့လာကြ၍နံနက်စာစားကြလော့
ဟုသူတို့အားမိန့်တော်မူ၏။တပည့်တော်တို့တွင်တစ်
ဦးတစ်ယောက်မျှကိုယ်တော်အားသင်မည်သူနည်းဟု
မမေးဝံ့ကြ။အကြောင်းမူကား သူတို့သည် ကိုယ်တော်
၁၃။ ဖြစ်ကြောင်းကိုသိကြ၏။သခင်**ယေရှု**သည်ကြွလာ
တော်မူ၍မုန့်နှင့်ငါးကိုအတူယူတော်မူလျှက်သူတို့
၁၄။ အားပေးတော်မူ၏။ ဤသည်ကားသခင်**ယေရှု**သည်
သေသူတို့အစုမှထမြောက်ပြီးသည်နောက် မိမိကိုယ်
ကိုတပည့်တော်ကြီးတို့အား သုံးကြိမ်မြောက်[၂]ထင်ရှား
ပြတော်မူခြင်းဖြစ်သတည်း။

## ပေတရုကိုအသင်းတော်၏ခေါင်းဆောင် ခန့်တော်မူခြင်း

၁၅။ သူတို့သည် နံနက်စာကို စားပြီးကြသောအခါသခင်
**ယေရှု**က**စီမုန်**ပေတရုအား **ယောဟန်**၏သား**စီမုန်**၊
သင်သည်ဤသူများထက် ငါ့ကိုသာ၍ချစ်သလောဟု
ဟုမေးတော်မူ၏။ **ပေတရု**က မှန်ပါ၏ သခင်ဘုရား၊
တပည့်တော်သည် ကိုယ်တော်ကို ချစ်ကြောင်းကိုယ်
တော်သိတော်မူပါ၏ဟုလျှောက်လေ၏။ကိုယ်တော်
ကလည်း သူ့အားငါ၏သိုးများကို ကျွေးမွေးလော့[၃]ဟု
မိန့်တော်မူ၏။
၁၆။ ထို့နောက်ကိုယ်တော်က**ယောဟန်**၏သား**စီမုန်**၊ငါ့ကို
ချစ်သလောဟုဒုတိယအကြိမ်မေးတော်မူလျှင်**ပေတရု**က
မှန်ပါ၏သခင်ဘုရားတပည့်တော်သည်ကိုယ်တော်ကို
ချစ်ကြောင်းကိုယ်တော်သိပါ၏ဟု ပြန်လျှောက်လေ
၏။ ကိုယ်တော်ကလည်း ငါ၏သိုးများကိုထိန်း
ကျောင်းလော့ဟု သူ့အားမိန့်တော်မူ၏။
၁၇။ တဖန်ကိုယ်တော်က**ယောဟန်**၏သား**စီမုန်**၊ငါ့ကိုချစ်
သလောဟုသူ့အားတတိယအကြိမ်မိန့်တော်မူ၏။သင်
သည်ငါ့ကိုချစ်သလောဟုသုံးကြိမ်တိုင်တိုင်မေးတော်
မူသောကြောင့်**ပေတရု**သည်ဝမ်းနည်းလျက်သခင်ဘု
ရား၊ကိုယ်တော်သည် အားလုံးစုံကိုသိမြင်တော်မူပါ
၏။တပည့်တော်သည်ကိုယ်တော်ကိုချစ်ကြောင်းကိုယ်
တော်သိတော်မူပါ၏ဟုလျှောက်လေ၏။သခင်**ယေရှု**
ကလည်းငါ၏သိုးများကိုကျွေးမွေး လော့[၄]၊
၁၈။ သင့်အားငါဧကန်အမှန်ဆိုသည်ကား သင်သည်ငယ်
ရွယ်စဉ်အခါ၌သင့်ခါးကိုသင်စည်းလျက် သင်အလိုရှိ
ရာအရပ်သို့သွားလာခဲ့၏။ သို့သော်သင် အသက်ကြီး
ရင့်လာသောအခါ၌မူ၊ သင်၏လက်များကို ဆန့်
လျက်[၅]၊အခြားသူသည်သင်၏ခါးကိုစည်းပေးပြီးလျှင်
သင်မသွားလိုသောအရပ်သို့သင့်ကိုသယ်ဆောင်သွား
လိမ့်မည်ဟု သူ့အားမိန့်တော်မူ၏။
၁၉။ ကိုယ်တော်ဤသို့မိန့်တော်မူသည်ကား **ပေတရု**သည်
မည်ကဲ့သို့သောသေခြင်းဖြင့်ဘုရားသခင်၏ဘုန်းဂုဏ်
တော်ကိုထင်ရှားစေမည့်အကြောင်းဖော်ပြတော်မူခြင်း
ဖြစ်၏။ ထို့နောက် ကိုယ်တော်က ငါ့နောက်သို့လိုက်
လော့ဟု သူ့အားမိန့်တော်မူ၏။

## သခင်ယေရှုချစ်တော်မူသောတပည့်တော်

၂၀။ **ပေတရု**သည် နောက်သို့လှည့်လျှင် သခင်**ယေရှု**ချစ်
တော်မူသောတပည့်တော်သည် မိမိတို့နောက်မှလိုက်
လာသည်ကိုမြင်လေ၏။ ထိုသူသည်ကား ညစာစား
ပွဲ၌ကိုယ်တော်၏ရင်ခွင်ကိုမှီလျက်သခင်ဘုရားကိုယ်
တော်ကိုအပ်နှံမည့်သူကားမည်သူဖြစ်မည်နည်းဟုမေး

[၂] (၂၁း၁၄) သခင်ယေရှုရှင်ပြန်တော်မူသည်နောက် ကြိမ်ဖန်များစွာထင်ရှားပြတော်မူခြင်းများ ရှိသော်လည်း ဧဝံဂေလိကျမ်းစာကို ရေးသာသူတို့က ထင်ရှားပြတော်မူခြင်းဆယ်ကြိမ်ကိုသာ မှတ်တမ်းတင်ထား၏။

[၃] (၂၁း၁၅) ကျွေးမွေးလော့ကျမ်းစာ၏ အဓိပ္ပါယ်မှာလမ်းပြလော့။ အုပ်စိုးလော့ဟုဆိုလိုသည်။

[၄] (၂၁း၁၇) သခင်ယေရှုသည် ပေတရုအား အသင်းတော်၏ဦးခေါင်းဖြစ်မည်ကိုကတိရှိတော်မူ၏။ (မ ၁၆း၁၉) သိုးများတည်းဟူသော အသင်းတော်ဝင်အပေါင်းတို့ကို စောင့်ထိန်းကြည့်ရှုရန်သူ့အား အပ်တော်မူ၏။

[၅] (၂၁း၁၈) ပေတရုသည် ကရူစူးပေါ်တွင် တင်၍ရိုက်ထားခြင်းကိုခံရမည်ဟု ယေရှုက ကြိုတင်၍ ဟောပြောခြင်းဖြစ်၏။ အကြောင်းမှာ ပေတရုသည် ကရူးစူးပေါ် တွင်ရိုက်ထားခြင်းကို ခံရချိန်၌ လက်တို့ကိုဆန့်ရ၏။

လျှောက်ခဲ့သောသူဖြစ်၏။

၂၁။ **ပေတရု**သည် သူ့ကိုမြင်လျှင် သခင်ဘုရား၊ ဤသူ
တွင်လည်းမည်ကဲ့သို့ ဖြစ်လိမ့်မည်နည်းဟု သခင်

၂၂။ **ယေရှု**အားမေး၏။ သခင်**ယေရှု**က ငါကြွလာသည့်
ကာလတိုင်အောင် သူ့အား အသက်ရှင်စေရန် ငါအ
လိုရှိလျှင်လည်းသင်နှင့်မည်သို့ ဆိုင်သနည်း။ ငါ့
နောက်သို့လိုက်လော့ဟု သူ့အား မိန့်တော်မူ၏။

၂၃။ ထို့ကြောင့် ထိုတပည့်တော်သည် မသေနိုင်ဟူသော
စကားသည် ညီအစ်ကိုတို့အလယ်တွင်ပျံ့နှံ့လေ၏။
သို့သော် သခင်**ယေရှု**က ဤသူသည်မသေနိုင်ဟု
ဆိုခြင်းမဟုတ် ငါကြွလာသည့်ကာလတိုင်အောင် သူ့
အားအသက်ရှင်စေရန် ငါအလိုရှိလျှင်လည်းသင်နှင့်
မည်သို့ဆိုင်သနည်းဟူ၍သာသူ့အားမိန့်တော်မူခဲ့ခြင်း

၂၄။ ဖြစ်၏။ဤတပည့်တော်သည်ကားဤအကြောင်းအရာ
များကိုသက်သေခံ၍ရေးထားသောသူဖြစ်၏။သူ၏
သက်သေခံချက် မှန်ကန်ကြောင်းကိုလည်း ငါတို့

၂၅။ သိကြ၏။သို့သော်သခင်**ယေရှု**ပြုတော်မူသောအခြား
အမှုအရာများစွာ ရှိသေး၏။ ထိုအမှုအရာတစ်ခုစီကို
ရေးသားမှတ်တမ်းတင်ရမည် ဆိုလျှင်ရေးသားရမည့်
စာစောင်များကိုထားရှိရန် ဤကမ္ဘာမြေတွင် နေရာရှိ
တော့မည် မဟုတ်ဟု ငါထင်မြင်မိပါသတည်း။